# ကြေးမုံ
**The Mirror Daily**
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်၊ ကြာသပတေးနေ့။ Thursday, 26 August 2021 ၁၀၄၇၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၈/၂၀၂၁) MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ(၈/၂၀၂၁)ကို ဩဂုတ် ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ယင်းသတင်းစာရှင်းလင်းပွဲကို မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MITV၊ MOI Website၊ MOI Youtube နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်ပုံဆိပ်ကမ်းမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို တွေ့ရစဉ်။ *ဓာတ်ပုံ - ယာဆေး(ပြန်/ဆက်)*

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၅**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကိုနယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၂၄ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် နန်းတော်စစ်ဆေးရေးဂိတ်မှ အမျိုးသား ၁၇၂ ဦးနှင့် အမျိုးသမီး ၁၆၅ဦး စုစုပေါင်း ၃၃၇ ဦးနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်စစ်ဆေးရေးဂိတ် ရန်လုံကျိုင်းတံတားမှ အမျိုးသား သုံးဦးနှင့် အမျိုးသမီး သုံးဦး စုစုပေါင်း ခြောက်ဦးကိုလည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားမှ အမျိုးသား ၁၁၃ ဦးနှင့် အမျိုးသမီး ၈၇ ဦး စုစုပေါင်း ၂၀၀ ကိုလည်းကောင်း အသီးသီးလက်ခံခဲ့သည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

**ဆောင်ရွက်ပေးလျက်ရှိ**

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကြေးမုံ ယနေ့ဖတ်စရာ


လှပတဲ့ အနာဂတ် စာမျက်နှာ » ၆



တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့ကြီးများသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်ဖြန့်ဖြူး စာမျက်နှာ » ၈



ဂျပန်နိုင်ငံရှိ လုပ်ငန်းခွင်များ၌ စက်ရုပ်များ အစားထိုးအသုံးပြုရေး ဆောင်ရွက် စာမျက်နှာ » ၁၂




အခန်းဆက် ဝတ္ထုရှည် စာမျက်နှာ » ၂၁

ကြေးမုံ

# အကြမ်းဖက်လုပ်ရပ်များကို ထိရောက်စွာဟန့်တား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မတရားအသင်းသတ်မှတ်ထားသည့် CRPH နှင့် NUG လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများနှင့် အပေါင်းပါတို့အား ဥပဒေကြောင်းအရ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ မြို့ရွာများတွင် ခိုအောင်းနေသော အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူများနှင့် အားပေးအားမြှောက် ပါဝင်ပတ်သက်သူများကို ရှာဖွေဖော်ထုတ်ဖမ်းဆီးအရေးယူနေသည့်သတင်းများကို နေ့စဉ်မြင်တွေ့ကြားသိနေရသည်။

မြန်မာနိုင်ငံတွင် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်၍ နိုင်ငံရေးအပြောင်းအလဲဖြစ်လာမှုကို အကြောင်းပြုကာ ဆူပူလှုပ်ရှားအကြမ်းဖက်မှုများ ပြုလုပ်လာကြသည်။ ဒီမိုကရေစီ မျက်နှာဖုံးစွပ်ထားသူများက အကြမ်းဖက်မှုများကို အားပေးလုပ်ကိုင်လာကြသည်မှာ အဖျက်သမားဇာတိရုပ်ကို လှစ်ဟပြလိုက်ခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မတူကွဲပြားသည့် လူမျိုးရေး၊ ဝါဒရေးအရ လက်နက်ကိုင်အဖွဲ့အဖြစ် ရပ်တည်နေကြသည်ကို ဆိုဖွယ်ရာမရှိသော်လည်း တိုင်းရင်းသားအခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေးဟုပြောဆိုကာ အစွန်းရောက်နိုင်ငံရေးသမားများနှင့် ပူးပေါင်း၍ အကြမ်းဖက်လုပ်ငန်းများ လုပ်ကိုင်လာခြင်းမှာမူ မရိုးမဖြောင့်လုပ်ကိုင်ခြင်းသာဖြစ်သည်။

အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် တိုင်းရင်းသားအရေးကြောင့် ပေါ်ပေါက်လာခြင်းဖြစ်ပြီး အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ဒီမိုကရေစီအခွင့်အရေးကြောင့် ပေါ်ပေါက်လာခဲ့သည်။ တိုင်းရင်းသားအရေးသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံ၍ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ တပ်မတော်သည် ငြိမ်းချမ်းရေးကို အလေးထားသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို သက်တမ်းကာလတိုးမြှင့်ပေးလျက်ရှိသည်။ သို့သော် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့သည် ဒီမိုကရေစီကျင့်စဉ်များ၊ ဥပဒေ၊ စည်းကမ်း၊ ညွှန်ကြားချက်၊ ထုတ်ပြန်ချက်များအား ဖောက်ဖျက်လုပ်ကိုင်လာကြသည်ကို တွေ့ရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအစည်းအဝေး(၁၄/၂၀၂၂)တွင် "ဒီမိုကရေစီကျင့်စဉ်အား နိုင်ငံသားတိုင်း၊ တိုင်းရင်းသားတိုင်းသိရှိပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အချို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အနေဖြင့် လိုက်နာမှုမရှိဘဲ အချင်းချင်းပဋိပက္ခဖြစ်ပွားမှုများရှိပြီး အကြောင်းမဲ့ သတ်ဖြတ်မှုများရှိကြောင်း၊ နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ဒီမိုကရေစီကျင့်စဉ်များကို လိုက်နာရန်လိုကြောင်း၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့နယ်မြေအတွင်း ဒီမိုကရေစီအလေ့အထများဖြစ်သည့် ဥပဒေလေးစားလိုက်နာခြင်း၊ စည်းကမ်းလေးစားလိုက်နာခြင်းနှင့် လူ၏တန်ဖိုးကို တန်ဖိုးထားခြင်းများ လိုက်နာဆောင်ရွက်ရန်လိုပြီး ဒီမိုကရေစီနှင့်လျော်ညီသည့် ကျင့်ကြံ၊ ပြောဆို၊ လုပ်ကိုင်မှုများရှိရန် လိုကြောင်း" ပြောကြားခဲ့သည်။

ယခုအခါ အစွန်းရောက်နိုင်ငံရေးသမားများ၏ သွေးထိုးလှုံ့ဆော် အားပေးလမ်းပြမှုကြောင့် မြို့ရွာအချို့မှ လူငယ်အချို့သည် လွတ်မြောက်ရာ EAOs ဒေသအချို့သို့ ရောက်ရှိခဲ့သည်။ ထိုဒေသမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက စစ်သင်တန်းပေးခြင်း၊ ဖောက်ခွဲရေးသင်တန်းပေးခြင်း၊ လက်နက်ရရှိရေးဆောင်ရွက်ပေးခြင်း၊ မြို့ပေါ်သို့ပြန်လည်စေလွှတ်၍ အဖျက်လုပ်ရပ်များလုပ်ကိုင်နိုင်ရန် အားပေးကူညီခြင်း၊ တပ်သားသစ်စုဆောင်းခြင်းတို့သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခု၏ လိုက်နာရမည့်အချက်များကို ဖောက်ဖျက်ခြင်းဖြစ်သည်။ ပြီးခဲ့သည့်ဩဂုတ်လ ၁၄ ရက်နေ့က ဟိုပင်မြို့တွင် KIA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့ထံ ရိက္ခာထောက်ပံ့ပေးသော KIA အဖွဲ့ဝင်တစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။ မြို့ပေါ်မှ အကြမ်းဖက်သောင်းကျန်းသူများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ ပေါ်ပေါက်ခဲ့သည်။ ရိက္ခာထောက်ပံ့ရေး၊ သောင်းကျန်းသူလက်အောက်တွင် ဖြန့်ခွဲထားရေးတို့ကို သိရှိကြရသည်။

မြန်မာနိုင်ငံတွင် ဆူပူအကြမ်းဖက်သောင်းကျန်းမှုများ ဖြစ်ပေါ်လျက်ရှိရာတွင် လွတ်မြောက်ရာနယ်မြေမှ CRPH နှင့် NUG တို့၏ သွေးထိုးလှုံ့ဆော်မှု၊ ထောက်ပံ့အားပေးမှုများကြောင့် ပြည်တွင်း၌ အကြမ်းဖက်အဖျက်သမားများ ပေါ်ပေါက်လာရသည်။ စောင့်စည်းလိုက်နာခြင်းမရှိသော တိုင်းရင်းသားလက်နက်ကိုင်သောင်းကျန်းသူအချို့က အဖျက်သမားများကိုအားပေးကူညီဆောင်ရွက်ပေးခဲ့ကြသည်။ တိုင်းပြည်မတည်မငြိမ်ဖြစ်ပြီး ပျက်စီးရေးအတွက် သွေးထိုးလှုံ့ဆော်ပေးသူများ၊ အားပေးကူညီသူများ၊ ပါဝင်ဆောင်ရွက်ကြသူများအားလုံးတို့သည် အကြမ်းဖက်အဖျက်သမားလုပ်ရပ်များသာဖြစ်၍ ၎င်းတို့အားလုံးကို ဝိုင်းဝန်းဖော်ထုတ်၍ ရှင်းလင်းဖယ်ရှားရမည်ဖြစ်သည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တိုင်းပြည်မပြိုကွဲ မပျက်စီးရေးအတွက် သောင်းကျန်းသူ အဖျက်သမားများအား ဝိုင်းဝန်းထုတ်ဖော်ကာ မြို့ရွာများတည်ငြိမ်အေးချမ်းရေး၊ ပြည်သူများလူမှုဘဝ အဆင်ပြေစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ အကြမ်းဖက်သမားများဖြစ်သော ပြည်တွင်းမှ အစွန်းရောက် NLD များ၊ အကြမ်းဖက်အဖွဲ့များဖြစ်သော CRPH နှင့် NUG လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများနှင့် KIA သောင်းကျန်းသူအဖွဲ့တို့၏ လုပ်ရပ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ထိခိုက်ပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ၏ အကျိုးစီးပွားများအား ပျက်ပြားစေရန် ရည်ရွယ်ဆောင်ရွက်နေကြသည်ကို တွေ့ရှိရသဖြင့် အဆိုပါအကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်သူများအား ဥပဒေအရ ထိရောက်စွာ အရေးယူရမည်သာဖြစ်ပါကြောင်း။ ။

# ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ် ၁၇၅ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးအား နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ် တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွှန့်အောင်ကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၂၅ - ၈ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၈၀၀ | ၁,၈၈၀ | ၁၆,၆၀၀,၇၀၀ |
| MTSH | ၃,၃၀၀ | ၃,၂၅၀ | ၁,၉၅၇ | ၆,၃၆၁,၈၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၅ | ၃၉,၅၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၀ | ၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၇ | ၁၈,၉၀၀ |
| EFR | ၃,၁၀၀ | ၃,၁၀၀ | ၀ | ၀ |
| AMATA | ၄,၈၀၀ | ၅,၀၀၀ | ၃၀၆ | ၁,၄၇၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၂၅

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၆၆၃.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၅၂.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၅၆.၈၂ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၀.၈၄၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၉၄.၅၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၂.၃၈၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၀၅.၃ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၂၈.၅ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၁၅.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၂.၄၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်းသတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း** - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦး

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေးနှင့် ကုသဆေးများ ထုတ်လုပ်သွားရန် ဆောင်ရွက်လျက်ရှိ

**လက်ရှိအခြေအနေတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ ကုသဆေးတို့ကို ပြည်ပမှဝယ်ယူနေရသည့်အတွက် ရေရှည်တွင် အခက်အခဲဖြစ်ပေါ်လာနိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ဆေးနှင့် ကုသဆေးများ ထုတ်လုပ်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း၊ လတ်တလောတွင် မျိုးရိုးဗီဇမတူညီသည့် ဗီဇကွဲပိုးနှစ်မျိုးကို အခြားနိုင်ငံအချို့တွင် ထပ်မံတွေ့ရှိနေသည်ကို ကြားသိရကြောင်း၊ သို့ဖြစ်၍ ကိုဗစ်-၁၉ ကပ်ရောဂါနှင့်ပတ်သက်၍ ပေ့ါပေ့ါဆဆမနေထိုင်ဘဲ အထူးဂရုပြုနေထိုင်ကြရန်လိုအပ်ကြောင်း၊ ကာကွယ်ဆေး၊ ကုသဆေးနှင့် ဆက်စပ်ဆေးဝါးပစ္စည်းများကို အဆင်ပြေလွယ်ကူစွာ ပြည်သူလူထုလက်ဝယ်ရောက်ရှိရေးအတွက် သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ တာဝန်ရှိသူများက ကူညီပါဝင်ဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၈-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၅**

အာဆီယံ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေး ညှိနှိုင်းမှုဗဟိုဌာန (ASEAN Coordinating Centre for Humanitarian Assistance on Disaster Management – AHA Centre)က ပေးအပ်မည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ (Task Force)၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့၏ ဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က အာဆီယံခေါင်းဆောင်ကြီးများ အစည်းအဝေးတွင် သဘောတူညီခဲ့ကြသည့် တူညီဆန္ဒ (၅)ချက်အနက် စတုတ္ထအချက်အား အကောင်အထည်ဖော်သည့်အနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်ဆက်ဆံရေးနိုင်ငံများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်ဆက်ဆံရေးနိုင်ငံများထံမှ စာနာထောက်ထားမှု အကူအညီများ ပေးအပ်ရာတွင် ထိထိရောက်ရောက်နှင့် စီမံခန့်ခွဲမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ဤလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ အာဆီယံမှပေးအပ်မည့် အကူအညီများအနေဖြင့် မကြာမီကာလအတွင်း မြန်မာနိုင်ငံသို့ စတင်ရောက်ရှိလာကြတော့မည် ဖြစ်ကြောင်း၊ အဆိုပါ ဆေးဝါးနှင့် ကယ်ဆယ်ရေးပစ္စည်းများအား သယ်ယူပို့ဆောင် ဖြန့်ဖြူးရာတွင် အခက်အခဲမရှိစေရေး အာဆီယံ AHA Centre၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားကြရန်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**ဆွေးနွေးပြောကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အာဆီယံနှင့် မိတ်ဆွေနိုင်ငံများမှ မြန်မာနိုင်ငံသို့ ကိုဗစ်–၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး ထိရောက်စွာလုပ်ဆောင်နိုင်ရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပံ့ပိုးမှုလုပ်ငန်းကို ကာလတို (Phase–1)နှင့် ကာလရှည် (Phase–2) အဆင့်နှစ်ဆင့်ဖြင့် ပေးအပ်သွားမည်ဖြစ်ကြောင်း၊



အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဆွေနိုင်ငံများမှ ကာကွယ်ဆေးနှင့် ဆေးဝါးပစ္စည်းများ လှူဒါန်းမှုအခြေအနေများ၊ ပစ္စည်းများရောက်ရှိမည့် အခြေအနေများနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည့်ကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

**ပြန်လည်ဆွေးနွေး**

ယင်းနောက် မြန်မာနိုင်ငံသို့ အာဆီယံ လူသားချင်းစာနာထောက်ထားမှု အကူအညီများကို AHA Centre မှတစ်ဆင့် ပေးအပ်မည့်အခြေအနေများနှင့် စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများက မိမိတို့ဌာနအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အရှေ့တောင်အာရှဒေသဆိုင်ရာ ရောဂါကာကွယ်ထိန်းချုပ်ရေး အမေရိကန်စင်တာ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၂၅**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ JW Marriott Hanoi တွင် ယနေ့မွန်းလွဲ ၃ နာရီက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် U.S. Health Engagement in Southeast Asia: Launch of U.S. Centers for Disease Control and Preventions Southeast Asia Regional Office ဖွင့်ပွဲအခမ်းအနားကျင်းပရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Pham Binh Min နှင့် အမေရိကန်နိုင်ငံ ဒုတိယသမ္မတ Ms. Kamala Harris၊ ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီး၊ U.S. Secretary of Health and Human Services၊ အာဆီယံနိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အလှည့်ကျဥက္ကဋ္ဌဖြစ်သူ အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးနှင့် U.S. CDC မှ ညွှန်ကြားရေးမှူးတို့ တက်ရောက်၍ နှုတ်ခွန်းဆက်စကား



ပြောကြားခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့်အတူ အာဆီယံနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ပါပူဝါနယူးဂီနီနိုင်ငံမှ ကျန်းမာရေးဝန်ကြီး၊ U.S. CDC မှ တာဝန်ရှိသူများ၊ ဒေသအတွင်းရှိ အမေရိကန်သံရုံးများမှ သံအမတ်ကြီးများနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ U.S. Centers for Disease Control and Preventions, Southeast Asia Regional Office သည် အမေရိကန်ပြည်ထောင်စု U.S. Centers for Disease Control and Preventions နှင့် အာဆီယံနိုင်ငံများအကြား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုပူးပေါင်းမြှင့်တင်ဆောင်ရွက်ရေး၊ ကပ်ရောဂါဗေဒဆိုင်ရာ လက်တွေ့သင်တန်းများပေးခြင်း (Field Epidemiology Training Program)၊ ကိုဗစ်–၁၉ ကပ်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ကူးစက်ရောဂါများ ဖြစ်ပွားမှုစောင့်ကြပ်ကြည့်ရှုခြင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရေး စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကိစ္စရပ်များတွင် အသုံးပြုရန်အတွက် အလှူရှင်များက စတုတ္ထအကြိမ်မြောက် အလှူငွေများ လှူဒါန်း



**မန္တလေး ဩဂုတ် ၂၅**
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အလှူရှင်များက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် (စတုတ္ထအကြိမ်မြောက်) အလှူငွေများ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် တိုင်းဒေသကြီး Coronavirus Disease 2019(COVID-19)ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမောင်ကိုက အမှာစကားပြောကြားသည်။

**လှူဒါန်း**

ယင်းနောက် အလှူငွေများကိုလှူဒါန်းရာ သီရိသုဓမ္မသိင်္ဂီ ဒေါ်သင်းသင်းနှင့်သားများက (အောင်မြင်သူကုမ္ပဏီများအုပ်စု)က ငွေကျပ်သိန်း ၁၀၀၀၊ Wilmar International Ltd (Singapore)က ငွေကျပ်သိန်း ၁၂၅၀ တန်ဖိုးရှိ လီတာ ၄၀ အောက်ဆီဂျင်အိုး ၇၀၀နှင့် Flow Meter ၂၀၀၊ ဦးရဲရင့်အောင် ( Myanmar Secure Group Co.,Ltd)က ငွေကျပ်သိန်း ၅၀၀၊ ဦးကိန်း+ဒေါ်လီရင် (မောင်ကိန်းရွှေဆိုင်)က ငွေကျပ် သိန်း ၁၀၀၊ Oriental Highway Co.,Ltd က ငွေကျပ် သိန်း ၅၀၀၊ ဦးသန်းထွန်းအောင် (ရွှေကုန်သည်)က ငွေကျပ် သိန်း ၁၀၀၊ သော်တာဝင်း လမ်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၅၀၀၊ ကိုသက်ဝေ၊ မကြည်မေ မိသားစုက ငွေကျပ် သိန်း ၁၀၀၊ မြန်မာနိုင်ငံသကြားနှင့် ခြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းက ငွေကျပ် သိန်း ၁၀၀၊ သန္တိသစ္စာလမ်းဆောက်လုပ်ရေး ကုမ္ပဏီက ငွေကျပ် သိန်း ၁၀၀၊ ဆုထူးပန်လမ်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က ငွေကျပ် သိန်း ၁၀၀၊ တောင်ပေါ်ဒေသ လမ်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က ငွေကျပ် သိန်း ၅၀၊ ထွန်းညိုလူ လမ်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က ငွေကျပ် သိန်း ၃၀၊ Gulf Power လမ်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က ငွေကျပ် ၁၀ သိန်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် လုပ်ငန်းဆောင်ရွက်နေသောကုမ္ပဏီများက စုပေါင်းလှူဒါန်းသည့် ငွေကျပ် သိန်း ၁၀၀၊ ကျေးလက်လမ်းဦးစီးဌာနနှင့် လုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီများက စုပေါင်းလှူဒါန်းသည့် ငွေကျပ် သိန်း ၁၀၀၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့် လုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီများက စုပေါင်းလှူဒါန်းသည့် ငွေကျပ် သိန်း ၁၀၀၊ တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် လုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီများက စုပေါင်းလှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် လုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီများက စုပေါင်းလှူဒါန်းသည့် ငွေကျပ် သိန်း ၅၀၊ မြတ်နိုးသူ လမ်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၅၀၊ ယုဇနကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၅၀ တို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တက်ရောက်လာသည့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ ဆဋ္ဌမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနား ကျင်းပ




**ရန်ကုန် ဩဂုတ် ၂၅**
ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီသို့ ဆဋ္ဌမအကြိမ် အလှူငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ (၄) ၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်များက ကိုဗစ်-၁၉ရောဂါ ကုသရေး အထောက်အကူပြု ပစ္စည်းများ၊ ဆေးဝါးများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီ နာယက မြို့တော်ဝန် ဦးဗိုလ်ဌေး၊ လုပ်ငန်းကော်မတီနာယက ဒုတိယမြို့တော်ဝန် ဦးညီညီနှင့် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဦးညွန့်ဖေတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**လှူဒါန်း**

ယနေ့ အလှူငွေပေးအပ်ပွဲသို့ အလှူရှင် ၃၄ ဦးက Oxygen Regulator ဘူး ၅၀၊ ချောင်းဆိုးပျောက်ဆေး ၁၂ ဘူး၊ Surgical Mask ၂၇ ဘူး၊ KN-95 Mask ၅၀၀၊ ခါတ်ဆားထုပ် ၁၀၀၊ PPE Level 1 ငါးစုံနှင့် ငွေကျပ် ၁၂၇၇၀၀၀၀ တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ငွေကျပ် ၇၃၇ သန်းကျော်ဖြင့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်

**လင်းခေး ဩဂုတ် ၂၅**
ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင်အတွင်းရှိ ကျေးလက်ဒေသများဖွံ့ဖြိုးရေးအတွက် ကျေးလက်ကုန်ထုတ်လမ်းများကို တိုးမြှင့်ဖောက်လုပ်ပေးလျက်ရှိရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု၊ ပြည်နယ် (မူလ၊ မွမ်းမံ) ရန်ပုံငွေကျပ် ၇၃၇ သန်းကျော်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး လက်ရှိတွင် လုပ်ငန်းအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

လင်းခေးခရိုင်အတွင်းရှိ လင်းခေး၊ မိုးနဲ၊ မိုင်းပန်၊ မောက်မယ်စုစုပေါင်းလေးမြို့နယ်၌ ကျေးလက်ဒေသများဖွံ့ဖြိုးရေးအတွက် ကျေးလက်ကုန်ထုတ်လမ်းများကို ဖောက်လုပ်ပေးနေခြင်းဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များကို ကုန်ကျစရိတ်အနည်းဆုံးဖြင့် ဈေးကွက်အတွင်း လျင်မြန်စွာ သယ်ယူပို့ဆောင်ရောက်ရှိစေရန်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု၊ ပြည်နယ် (မူလ၊ မွမ်းမံ) ရန်ပုံငွေကျပ် ၇၃၇ ဒသမ ၇၃၅ သန်းဖြင့် ကုန်ထုတ်လမ်း (မြေ+သဲဖြူန်း) အမျိုးအစား ၁၈ လမ်း၊ ကုန်ထုတ်တံတား (ကွန်ကရစ်) အမျိုးအစား ခြောက်စင်း၊ Box Culvert ခုနစ်စင်း၊ Pipe Culvert နှစ်စင်း၊ တစ်ထပ်ရုံ အဆောက်အအုံနှင့် ဆက်စပ်လုပ်ငန်းများကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက ဆောက်ရွက်ပေးလျက်ရှိရာ လက်ရှိတွင် လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ငွေက ပြောသည်။

**မင်းမြင့်မိုရ်**

# ဒုတိယအကြိမ် တရုတ်(လင်ချန်း)-မြန်မာ (လားရှိုး) နယ်စပ်စီးပွားရေးနှင့် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၂၅**
ဒုတိယအကြိမ် တရုတ် (လင်ချန်း) – မြန်မာ (လားရှိုး) နယ်စပ်စီးပွားရေးနှင့် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် လင်ချန်းမြို့ ပြည်သူ့အစိုးရတို့က ဦးဆောင်၍ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

**ဖွင့်လှစ်ပေး**

ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်၊ ရန်ကုန်၊ တောင်ကြီး၊ လားရှိုးနှင့် တရုတ်နိုင်ငံ လင်ချန်းမြို့တို့တွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ်နှင့် တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေ၊ တရုတ်နိုင်ငံမှ ယူနန်ပြည်နယ် လင်ချန်းမြို့ ကွန်မြူနစ် ဗဟိုကော်မတီ အတွင်းရေးမှူး မစ္စတာယန်ဟောက်သုံး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ စီးပွားရေးသံမှူး မစ္စတာထန်ဆုဖူနှင့် ယူနန်ပြည်နယ် စီးပွားရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာဝမ်ရှောင်ဟွာတို့က မိန့်ခွန်းပြောကြားကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များက ဒုတိယအကြိမ် တရုတ်(လင်ချန်း)-မြန်မာ (လားရှိုး) နယ်စပ်စီးပွားရေးနှင့် ကုန်စည်ပြပွဲကို ဖွင့်လှစ်ပေးကြသည်။

ကုန်စည်ပြပွဲကို ဩဂုတ် ၂၅ ရက်မှ ၂၉ ရက်အထိ တရုတ်နိုင်ငံ ကူမင်းမြို့တွင် ကျင်းပလျက်ရှိသော တရုတ်-တောင်အာရှကုန်စည်ပြပွဲ၏ တောင်/အရှေ့တောင်အာရှ အွန်လိုင်းကုန်စည်ပြခန်းဆောင်တွင် သီးသန့်ပြခန်းဆောင် တည်ဆောက်ကျင်းပသွားမည်ဖြစ်ပြီး ဆန်၊ ပဲမျိုးစုံ၊ နှမ်း၊ သစ်သီးဝလံများ၊ ရေထွက်ပစ္စည်းများ၊ စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ ICT နည်းပညာဝန်ဆောင်မှုလုပ်ငန်းများ၊ လျှပ်စစ်ပစ္စည်းများကို မြန်မာ၊ တရုတ် ကုမ္ပဏီပေါင်း ၂၀၀ ခန့်က ပါဝင်ပြသကြမည်ဖြစ်သည်။

ဒုတိယအကြိမ် တရုတ်(လင်ချန်း)-မြန်မာ (လားရှိုး) နယ်စပ်စီးပွားရေးနှင့် ကုန်စည်ပြပွဲသို့ တက်ရောက်လိုသည့် မြန်မာနိုင်ငံမှ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် ဩဂုတ် ၂၅ ရက်မှ ၂၉ ရက်အထိ Website : http://www.csa-expo.com တွင် Register လုပ်၍ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘုန်းတော်ကြီးကျောင်းတိုက်များသို့ ဆန်၊ ဆီ၊ ကြက်သွန် ဆွမ်းဆန်စိမ်းများ ဆက်ကပ်လှူဒါန်း

**မုံရွာ ဩဂုတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဖြိုးသန့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် မုံရွာမြို့ ကျောက္ကာ(တောင်)ကျေးရွာရှိ ရွှေဂူနီစေတီတော်မြတ်ကြီးအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အလှူငွေကျပ် ၁၀ သိန်းလှူဒါန်းခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ဆူးလေကုန်းရပ်ကွက် ဓမ္မပါရဂူပါဠိတက္ကသိုလ်ကျောင်းတိုက်နှင့် ဘုရားကြီးရပ်ကွက် မဟာဝိဇ္ဇာသိပ္ပံကျောင်းတိုက်တို့သို့ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်စိမ်းများ ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

မုံရွာမြို့ ဆူးလေကုန်းရပ်ကွက်ရှိ ဓမ္မပါရဂူပါဠိတက္ကသိုလ်ကျောင်းတိုက်သို့ ဆန် ၁၀ အိတ်၊ ဆီပိဿာ ၃၀၊ ကြက်သွန် ၂၅ ပိဿာ၊ ကုလားပဲပိဿာ ၅၀၊ ဆား ၁၀ ပိဿာနှင့် ဘုရားကြီးရပ်ကွက်ရှိ မဟာဝိဇ္ဇာသိပ္ပံကျောင်းတိုက်သို့ ဆန် ၁၅ အိတ်၊ ဆီ ပိဿာ ၄၀၊ ကြက်သွန် ၃၅ ပိဿာ၊ ကုလားပဲ ပိဿာ ၇၀၊ ဆား ၁၀ ပိဿာ ကာလတန်ဖိုးငွေကျပ် စုစုပေါင်း ၁၈ သိန်းကျော်အား ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## သံလွင်တံတား(တာကော်)အား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ကွန်ဟိန်း ဩဂုတ် ၂၅**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမိုးနှင့် တာဝန်ရှိသူများသည် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းပေါ်ရှိ သံလွင်တံတား(တာကော်)အား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**သံလွင်တံတား(တာကော်)**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် မိတ္ထီလာ-တောင်ကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ-တာချီလိတ်လမ်းပေါ်ရှိ တံတားအမှတ် (၅/၂၈၂) သံလွင်တံတား (တာကော်)သည် သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး တံတားအပေါ်ထည်သည် သံမဏိသံပေါင်ဖြစ်ကာ တံတားအရှည် ၃၅၁ မီတာ (၁၁၅၁ ဒသမ ၆၃၁ ပေ)၊ ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅ မီတာ၊ လူသွားလမ်းတစ်ဖက် ၁ ဒသမ ၇၅ မီတာ၊ တံတားခံနိုင်ဝန် ၇၅ တန်ဖြစ်ပြီး တံတားတစ်စင်းလုံးပြီးစီးမှုမှာ ၂၅ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မိုင်းပျဉ်းမြို့နယ် MTKT လမ်း ကိုးမိုင်တံတားမှခမ်းမိုက်ဆော့-ပိန်းကောက်-မိုက်မော်-ကတ်ကျန့်-ပန်မုန့်လမ်းပေါ်မိုင်တိုင်(၀/၀-၀/၁)ကြားတွင် တောင်ကျရေကြောင့် ပျက်စီးသွားသော ပလောင်ကုန်းဆာကွန်ကရစ်တံတား ပြန်လည်တည်ဆောက်မည့်နေရာသို့ သွားရောက်ကြည့်ရှုပြီး ဝန်ထမ်းများအား နှာခေါင်းစည်း၊ လက်သန့်ဆေးရည်၊ ခေါက်ဆွဲခြောက်တို့ကို ထောက်ပံ့ပေးအပ်သည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် မိုင်းပျဉ်းမြို့နယ် ကိုဗစ်ကာကွယ်ရေးအဖွဲ့သို့ နှာခေါင်းစည်း အခု ၂၀၀၀၀၊ လက်သန့်ဆေးရည်ဘူး ၅၀၊ မျက်နှာအကာ အခု ၅၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၅၀၊ Surgical Gowns ၁၀၀၊ Surgical Cap ၁၀၀၊ Oxygen Concentrator တစ်ခု၊ Para Tab ဘူး ၁၀၊ VITAC Tab ဘူး ၂၀၊ ဓာတ်ဆားထုပ် ၁၀၀၊ ငွေကျပ် ၁၀ သိန်းနှင့် မိုင်းပျဉ်းဆေးရုံတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် ငွေကျပ် ငါးသိန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ပူတာအို ဩဂုတ် ၂၅**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ယမန်နေ့က ပူတာအိုမြို့နယ်အတွင်း ပူတာအိုလွင်ပြင်ပတ်လမ်းဖောက်လုပ်နေမှုနှင့် မချမ်းဘောမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ကွင်းဆင်းဆောင်ရွက်သည်။

**ခရီးသွားများအားဆွဲဆောင်**

ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ပူတာအိုလွင်ပြင်ပတ်လမ်းတစ်ခုဖြစ်ပြီး ကျေးရွာအုပ်စု သုံးစု၊ ကျေးရွာပေါင်း ၂၈ ရွာသို့ ဖြတ်သန်းဖောက်လုပ်ထားသည့် ပူတာအို-လယ်မယ်ဝါကျီ - နမ်ရှယ်ကော့ - မန်စေခွန် - မန်စေ လမ်းပေါ်၌ ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဖောက်လုပ်လျက်ရှိသော မုဒုံ(၂) - ပမ္မတီးလမ်းပိုင်း အကျယ် ၁၂ ပေ၊ အရှည် တစ်မိုင်ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် ရေနီကျေးရွာအဝင် ပေ ၄၀ သံကူကွန်ကရစ်တံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပူတာအိုလွင်ပြင်လမ်းပိုင်းသည် ဒေသ၏ ကျေးလက်လူမှုဘဝများနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် များစွာအကျိုးပြုသည့်အပြင် ပြည်တွင်း၊ ပြည်ပခရီးသွားများအား ဆွဲဆောင်နိုင်သည့်နေရာတစ်ခုဖြစ်လာစေရန် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားသည်။

**ကာကွယ်ဆေးထိုးနေမှုကြည့်ရှု**

ထို့နောက် အထက(ပူတာအို)ကျောင်း၌ ဒေသခံများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမှုကို လှည့်လည်ကြည့်ရှုအားပေးကာ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးအပ်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် မချမ်းဘောမြို့သို့ သွားရောက်ပြီး မြို့အဝင်စစ်ဆေးရေးဂိတ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးသုံးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## အခြေခံအိမ်ထောင်စုများအား စားသောက်ကုန်များနှင့် နှာခေါင်းစည်းများ ထောက်ပံ့

**မကွေး ဩဂုတ် ၂၅**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ အခြေခံလူတန်းစား အိမ်ထောင်စုများအား အခြေခံစားသောက်ကုန်များထောက်ပံ့ပေးအပ်ပွဲကို ယနေ့ နံနက် ၈ နာရီက မကွေးမြို့ အောင်မေတ္တာရပ်ကွက်အတွင်း ကျင်းပသည်။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်သည် တာဝန်ရှိသူများနှင့်အတူ အောင်မေတ္တာ(က၊ ခ၊ ဂ၊ ဃ) ရပ်ကွက်တို့မှ အခြေခံလူတန်းစား အိမ်ထောင်စု ၆၀၀ တို့အတွက် တစ်အိမ်ထောင်လျှင် ဆန် လေးပြည်၊ ကြက်သွန် နှစ်ပိဿာ၊ ကြက်ဥ အလုံး ၂၀၊ ခေါက်ဆွဲခြောက် ငါးထုပ်နှင့် နှာခေါင်းစည်း ၁၀ ခုတို့အား ထောက်ပံ့ပေးအပ်ပြီး အားပေးစကားများ ပြောကြားသည်။

**နှာခေါင်းစည်း ငါးသန်း**

မကွေးတိုင်းဒေသကြီးအတွင်း ဩဂုတ် ၂၅ ရက်မှ ၃၁ ရက်ထိ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုပြုလုပ်ကာ ရပ်ကွက်/ကျေးရွာအုပ်စုများရှိ အိမ်ထောင်စုများအား တစ်အိမ်လျှင် နှာခေါင်းစည်း ၁၀ ခုနှုန်းဖြင့် နှာခေါင်းစည်း ငါးသန်းကို အိမ်တိုင်ရာရောက် အခမဲ့ဖြန့်ဝေ ထောက်ပံ့ပေးလျက်ရှိသည်။ **မောင်ညီညာ(မကွေး)**

## ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများအား ထောက်ပံ့

**ပဲခူး ဩဂုတ် ၂၅**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့ နံနက်ပိုင်းက ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများအား ထောက်ပံ့ခြင်းနှင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးခန်းမ၌ ကျန်းမာရေး ဝန်ထမ်းများနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားခဲ့ပြီး တာဝန်ထမ်းဆောင်ရင်း ကိုဗစ်-၁၉ရောဂါ ကူးစက်ခံခဲ့ရသည့် ပဲခူးတိုင်းဒေသကြီးအတွင်းမှ ကျန်းမာရေးဝန်ထမ်း ၇၅၇ ဦး၊ စေတနာ့ဝန်ထမ်း ၁၃၆ ဦးတို့အတွက် တစ်ဦးလျှင်ကျပ် တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၈၉၃ သိန်းအား လည်းကောင်း၊ အာဟာရဖြည့်စွက်စာအဖြစ် ကြက်ဥအလုံးရေ ၂၀၀၀ အားလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

**ပေါင်းစပ်ညှိနှိုင်း**

ထို့နောက် ဆေးရုံဝင်းအတွင်း အောင်သုခ ဆေးရုံတိုးချဲ့ဆောင် အဆောက်အအုံ ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိစေရေးနှင့် အမြန်ဆုံးဆောက်လုပ်ပြီးစီးနိုင်ရေးတို့ကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပဲခူးမြို့တွင်းလမ်းများဖြစ်သည့် ရုံးကြီးရပ်ကွက်၊ တပင်ရွှေထီးလမ်း နိုင်လွန်ကတ္တရာ ခင်းနေမှုကို လည်းကောင်း၊ (၃၃)လမ်းနှင့် ဟသ်ာလမ်း ကွန်ကရစ်ခင်းခြင်း၊ အုတ်ရေမြောင်းနှင့် ပလက်ဖောင်းပြုလုပ်နေမှုကို လည်းကောင်း၊ (၃၁)လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

**သန့်ရှင်းလှပရေး**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ လိပ်ပြာကန်သို့ ရောက်ရှိပြီး လိပ်ပြာကန်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်ရန်၊ လမ်းဘေးပန်းခုံများအား အသစ်ပြန်လည်ပြုပြင်ဆောင်ရွက်ရန်နှင့် သစ်ပင်များအောက်၌ အပန်းဖြေထိုင်ခုံများ ထားရှိသွားရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

**တင်စိုး(ပဲခူး)**



# လှပတဲ့အနာဂတ်

ထွန်းထွန်း(ခရေရိပ်)

"လူ့ခန္ဓာကိုယ် တစ်ခုလုံးမှာ
တန်ဖိုးအရှိဆုံး အရာဟာ
စိတ်ကောင်းပါ" လို့ တိပိဋကယောဆရာတော် အရှင်သီရိန္ဒာဘိဝံသက မိန့်ဆိုခဲ့ပါတယ်။

လူတွေဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ အကြောင်းတရားလေးပါးအပေါ်မှာ တည်မှီပြီး အသက်ရှင်သန်နေကြခြင်းဖြစ်ပါတယ်။ ကံဆိုတာ အပြုအမူ၊ အနေအထိုင်၊ အပြောအဆို၊ အလုပ်အကိုင်၊ ကိုယ်ကျင့်တရား စာရိတ္တသီလ၊ ဝါရိတ္တသီလ လုံခြုံအောင် စောင့်ထိန်းတာ၊ ကျန်းမာရေးစည်းကမ်းတွေနဲ့အညီ နေထိုင်တာ၊ စေတနာကောင်း ရည်ရွယ်ချက်ကောင်းရှိတဲ့ အလုပ်ကိုပြုလုပ်တာပဲ ဖြစ်ပါတယ်။

**လမ်းကြောင်းအမှန်က သွေဖည်အောင်**

စိတ်ဆိုတာက သိမှုသဘောပါ။ စိတ်က အာရုံအပေါ်ညွှတ်ပြီး လိုချင်လောဘဖြစ်တဲ့အခါ ဖြစ်ပါတယ်။ အလိုမကျတဲ့အာရုံနဲ့တွေ့တဲ့အခါ အမျက်ထွက်ခြင်း၊ ဒေါသဖြစ်ချင်ဖြစ်တယ်။ ဝေခွဲရခက်တဲ့ မသိမှုမောဟကြောင့် စိတ်ထင်ရာပြုလုပ်မိမှားတတ်ပါတယ်။ ချစ်ခြင်း၊ မုန်းခြင်း၊ ရဲဝံ့ခြင်း၊ ကြောက်ရွံ့ခြင်း၊ တွေးတောဆင်ခြင်ခြင်း၊ စဉ်းစားခြင်း၊ အမှားသိခြင်း၊ အမှန်မြင်ခြင်း စတာတွေမှာ မောဟဆိုတဲ့ အမိုက်မှောင်က ဖုံးလွှမ်းပြီး လမ်းကြောင်းအမှန်က သွေဖည်အောင် စေ့ဆော်တိုက်တွန်းပါတယ်။

အသက်ရှည်တဲ့ပုဂ္ဂိုလ်တွေဟာ အများအားဖြင့် သီလကောင်းပြီး ကောင်းခြင်း၊ ဆိုးခြင်း ကြုံလာသမျှကို ယောနိသော မနသိကာယ အသင့်အတင့် နှလုံးသွင်းတတ်ကြတာကို တွေ့ရပါတယ်။ လူ့အသက်တစ်ချောင်းဟာ ငွေရှိတိုင်းလည်း အသက်မရှည်တတ်ကြပါဘူး။ ငွေရှိတယ်၊ ဩဇာအာဏာရှိတယ်၊ အဆက်အသွယ်ကောင်းတွေလည်း ပိုင်ဆိုင်တယ်။ ဒါပေမဲ့ အချိန်မီမရောက်လို့၊ ဆေးဝါးပစ္စည်းမရလိုက်လို့ စသဖြင့် အကြောင်းမညီညွတ်တော့ တိမ်းပါးသွားခဲ့ရတာမျိုးတွေလည်း ရှိတတ်ပါတယ်။

ယခုအချိန်မှာ ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးက တစ်ကမ္ဘာလုံးကို ဝင်ရောက်မွှေနှောက်နေပါတယ်။ ဆင်းရဲချမ်းသာမရွေး၊ ကျေးလက်မြို့ပြမရွေး မထင်မှတ်ဘဲ ကူးစက်ကပ်ငြိပြီး အသက်ပေးနေရပါတယ်။ အချို့နိုင်ငံတွေမှာဆိုရင် အလောင်းတွေပုံနေတာ ကမ္ဘာ့သတင်းတွေမှာ ကြောက်ခမန်းလိလိ မြင်တွေ့နေရပါတယ်။ ကပ်ရောဂါဘေးဆိုးကြီးကြောင့် သေခြင်းတရားက လူမျိုး၊ ဘာသာ၊ အသက်အရွယ်၊ ကျား၊ မ မရွေးကို ခြောက်လှန့်နှိပ်စက်နေပါတယ်။

လူတွေကို စိတ်ကောင်းနှလုံးကောင်းထားကြဖို့ သတိသံဝေဂပေးနေသလိုလည်း ဖြစ်ပါတယ်။ သတိတမံ၊ ဉာဏ်မြေကတုတ်၊ ပညာစွမ်း ချွန်းကဲ့သို့အုပ်ပြီး လူတိုင်းက မိမိတို့ရဲ့စိတ် မကောင်းတဲ့ဘက်ကို မတိမ်းညွှတ်အောင် စောင့်ထိန်းနေထိုင်သင့်လှပါတယ်။ နေရသမျှ လူ့ဘဝအချိန် တိုတိုလေးအတွင်းမှာ ဟိုလူ့ရန်လုပ်၊ ဒီလူ့မုန်းတီး၊ တိုက်ခိုက်၊ သတ်ဖြတ်၊ နှိပ်စက်၊ အနိုင်ကျင့်၊ အကြမ်းဖက်တဲ့လုပ်ရပ်ဟာ ဖယောင်းတိုင်ကို နှစ်ဖက်မီးညှိပြီး ကိုင်ထားလို့ မိမိကိုယ်ကို လောင်မြိုက်စေတာနဲ့ တူပါတယ်။

> **တိုင်းပြည်နဲ့ လူမျိုးကို အကျိုးရှိအောင် မလုပ်ချင်နေပါ။ အကျိုးမဲ့ ဖျက်ဆီး၊ သတ်ဖြတ်၊ နှိပ်စက်တာကတော့ လူ့ကျင့်ဝတ်ပျက်ပြား၊ အမှားကြီးမှားပါတယ်။ လက်နက်အားကိုးနဲ့ ဆိုးရွားရက်စက်လှတဲ့၊ မိုက်မဲတဲ့ယုတ်မာမှုဖြစ်သွားပြီ။ အဟိတ်တိရစ္ဆာန် စိတ်ထားမျိုး ရိုင်းစိုင်းသွားခဲ့ပြီ။ ဆင်၊ မြင်းတွေတောင်မှ သင်ပြလေ့ကျင့်ပေးရင် အသက်ထက်ဆုံး လိမ္မာယဉ်ကျေးပြီး ဆင်ရတနာ၊ မြင်းရတနာတွေအဖြစ် လူသားတွေကို အကူအညီပေး၊ အကျိုးပြုကြပါတယ်**

**စာနာထောက်ထားမှုကင်းမဲ့**

အသက်ရှင်နေရသမျှ လူ့ဘဝကို တန်ဖိုးမဲ့အောင်၊ ဖြုန်းတီးဖျက်ဆီးနေတဲ့ အသိဉာဏ်နည်းသူတွေကိုလည်း လူမှုအသိုက်အဝန်းမှာ တွေ့မြင်နေရတယ်။ ဆင်ခြင်တုံတရားနည်းပါးအောင်၊ အမှောင်ထုထဲ နစ်မွန်းအောင် မှိုင်းတိုက်နေကြသူ၊ လူဆိုးလူယုတ်တွေကိုလည်း အံ့ဩမိပါတယ်။ အကောင်းအဆိုး၊ အကျိုးအပြစ်ကို ကိုယ်တိုင်မဝေခွဲတတ်ရုံမျှမက မိမိပတ်ဝန်းကျင်မှာရှိတဲ့ လူတွေ၊ ကိုယ့်ဇာတိ၊ ရပ်ရွာ၊ မြို့နယ်၊ ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံထဲက ဆွေမျိုးသားချင်းတွေကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးမထိုးရအောင် ခြိမ်းခြောက်၊ ဖုံးခွဲ၊ သတ်ဖြတ်တယ်ဆိုတာက လူလူချင်း စာနာထောက်ထားမှု ကင်းမဲ့လှပါတယ်။

**လူ့ကျင့်ဝတ်ပျက်ပြား၊ အမှားကြီးမှား**

တိုင်းပြည်နဲ့ လူမျိုးကို အကျိုးရှိအောင် မလုပ်ချင်နေပါ။ အကျိုးမဲ့ဖျက်ဆီး၊ သတ်ဖြတ်၊ နှိပ်စက်တာကတော့ လူ့ကျင့်ဝတ်ပျက်ပြား၊ အမှားကြီးမှားပါတယ်။ လက်နက်အားကိုးနဲ့ ဆိုးရွားရက်စက်လှတဲ့၊ မိုက်မဲတဲ့ယုတ်မာမှုဖြစ်သွားပြီ။ အဟိတ်တိရစ္ဆာန် စိတ်ထားမျိုး ရိုင်းစိုင်းသွားခဲ့ပြီ။ ဆင်၊ မြင်းတွေတောင်မှ သင်ပြလေ့ကျင့်ပေးရင် အသက်ထက်ဆုံး လိမ္မာယဉ်ကျေးပြီး ဆင်ရတနာ၊ မြင်းရတနာတွေအဖြစ် လူသားတွေကို အကူအညီပေး၊ အကျိုးပြုကြပါတယ်။

တိုင်းပြည်အကျိုးကို မသယ်ပိုးနိုင်တဲ့အပြင် ကိုယ့်နိုင်ငံသားအချင်းချင်း တိုက်ခိုက်သေကျေအောင် အကြမ်းဖက်တဲ့သူကိုတော့ မိမိတို့ဌာနေ ပြည်သူလူထုက သေသေချာချာ ခွဲခြားကြည့်ရှုပြီး လက်ဦးအောင် ဟန့်တားဖို့လိုအပ်နေပါပြီ။ သံယောဇဉ်ဖြတ်ဖို့ အချိန်ရောက်လာပါပြီ။ ဒုက္ခပေးခဲ့တာတွေကို သိမြင်နားလည်ဖို့ အချိန်ရောက်ပါပြီ။

**မြန်မြန်ရှင်းမှ ဘေးကင်း**

ဗကပ၊ အလံနီ၊ ကေအင်ဒီအို၊ မူဂျာဟစ်၊ ကူမင်တန်၊ ပြည်ပြေး စတဲ့လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အမျိုးမျိုးဟာ အစပိုင်းမှာ မစားရ ဝခမန်း ဝါဒဖြန့်ကောင်းလို့ ပြည်သူအချို့က အားပေးထောက်ခံခဲ့ပါသေးရဲ့။ ကြာကြာဝါးတော့ ခါးမှန်းသိဆိုသလို နိုင်ငံသူ နိုင်ငံသားတွေအပေါ် လက်နက်အားကိုးနဲ့ အနိုင်ကျင့်ဗိုလ်ကျ၊ တရားလက်လွတ်နှိပ်စက်တာတွေ များလာတာနဲ့အမျှ ပြည်ထောင်စုသား၊ လူထုကိုယ်တိုင်က ဓား၊ လှံ၊ ဒူးလေး စတဲ့ရရာလက်နက်နဲ့ ခုခံကာကွယ် တိုက်ခိုက်ကြတဲ့အခါ လုံးဝပျက်သုဉ်းချုပ်ငြိမ်းသွားခဲ့ကြပါတယ်။ မြန်မြန်ရှင်းမှ ဘေးကင်းမှာ ဖြစ်ပါတယ်။

ပြည်သူလူထုရဲ့ ထက်သန်တဲ့ စိတ်ဆန္ဒနဲ့ ကိုယ့်ရပ်ရွာ၊ ကိုယ့်ဒေသကို အေးချမ်းလုံခြုံအောင် ဥစ္စာရင်လို ဥစ္စာရင်ခဲဆိုသလို အကြမ်းဖက်သမားတွေ မရှိအောင် ပြတ်ပြတ်သားသား ဖော်ထုတ်ချေမှုန်းကြဖို့ လိုအပ်နေပါပြီ။ ကြာလေလေ ခြိမ်းခြောက်ဒုက္ခပေးလေမို့ အမြစ်ဖြတ်ကြဖို့လိုပါတယ်။

မိမိတို့ ဆက်လက်အသက်ရှင်သန်ဖို့ဆိုတာ မိမိတို့ရပ်ရွာ၊ မိမိတို့ဒေသမှာ ကျရောက်လာနိုင်တဲ့ ကူးစက်မြန် ကိုဗစ်-၁၉ ရောဂါကို ကာကွယ်ထိန်းချုပ်ရေး ကျန်းမာရေးစည်းကမ်းချက်တွေနဲ့အညီ ကာကွယ်ရသလို လက်နက်ကိုင်အကြမ်းဖက်၊ သတ်ဖြတ်၊ ဖုံးခွဲအနိုင်ကျင့်နေတဲ့ NUG ၊ PDF စတဲ့ ဘာဘာညာညာ အဓမ္မရန်သူတွေကိုလည်း အမြန်ဆုံး ဖော်ထုတ်ရှင်းလင်းမှ အေးချမ်းပါလိမ့်မယ်။

**ဖော်ထုတ်ချေမှုန်းကြမှသာ**

ဘယ်လိုပဲ ခြိမ်းခြောက်ပါစေ၊ ကြောက်ရွံ့ရှောင်လွှဲနေလို့ မပြီးပါဘူး။ သည်းခံနောက်ဆုတ်လေလေ ပိုမိုဆိုးရွားအနိုင်ကျင့်လေဖြစ်ပါလိမ့်မယ်။ ရဲရဲဝံ့ဝံ့ စုပေါင်းညီညာဆန့်ကျင်ပါ။ ရပ်ရွာကာကွယ်ရေးကို တာဝန်ယူနေကြတဲ့ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့အတူ လက်တွဲပြီး အကြမ်းဖက်သမားမှန်သမျှကို ဖော်ထုတ်ချေမှုန်းကြမှသာ ပြည်သူတွေ ဘေးရန်ကင်းကွာ အေးချမ်းပါလိမ့်မယ်။

လူငယ်တွေအားလုံးက အပြုသဘောစိတ်ထားနဲ့ နိုင်ငံကိုတည်ဆောက်မယ်ဆိုရင် မိမိပတ်ဝန်းကျင်၊ မိမိရပ်ရွာ၊ မိမိရပ်ကွက်ကို အရင်ဆုံး ဦးစွာပထမ စုပေါင်းညီညာလုံခြုံအောင် ကာကွယ်ရမှာ၊ ပါဝင်လှုပ်ရှားကြရမှာ ဖြစ်ပါတယ်။ အမြော်အမြင်ရှိတဲ့ လူငယ်များရဲ့ လက်ထဲမှာပဲ လှပတဲ့ နိုင်ငံတော်ရဲ့ အနာဂတ်က ရှိနေပါတယ်။

အသိဉာဏ်နည်းပါး၊ အမြော်အမြင်မရှိဘဲ နွားရူးဆူးတိုး မိုက်ရိုင်းရမ်းကား၊ သတ်ဖြတ်၊ ဖုံးခွဲ၊ အကြမ်းဖက်သမားလူငယ်အနည်းစုရဲ့ လက်ထဲမှာပဲ နိုင်ငံနဲ့ ပြည်သူဟာ ဘေးအန္တရာယ်အမျိုးမျိုး ကျရောက်ဖို့သာရှိပါတယ်။

"ဓမ္မနဲ့ အဓမ္မ ဘယ်သူနိုင်မှာလဲ။
ပြည်သူကြိုက်ရာရွေးပါလေ။
ကုသိုလ် နဲ့ အကုသိုလ် ဘာကြိုက်သလဲ။
ပုညကုသလနဲ့ ပါပအကုသိုလ်
(ဘုမသိ ဘမသိ၊ ပုနဲ့ပတောင် မခွဲခြားတတ်တဲ့
သူတွေ ဆိုးရွားရက်စက်နေတာလေ)
ပြည်သူတွေရွေးချယ်ဆုံးဖြတ်ရမှာပါ။

စိတ်ကောင်းနဲ့ စိတ်ယုတ် ဘယ်ဘက်ကို အားပေးကူညီမှာလဲ။ ပြည်သူတွေ အသိအမြင်ကြွယ်နေပါပြီ။ ခွဲခြားတတ်ပြီဆိုတာ အပြည့်အဝယုံကြည်ပါတယ်။ စိတ်ကောင်း၊ စေတနာကောင်း၊ စိတ်ဖြူ နှုတ်ဖြူ အလုပ်ဖြူတဲ့ လူငယ်တွေရဲ့ခေတ်မှာ တို့နိုင်ငံအလံတော် တလူလူလွှင့်ကာ တိုးတက်ဖွံ့ဖြိုးလာဦးမှာပါ။ ။

> **မိမိတို့ ဆက်လက်အသက်ရှင်သန်ဖို့ဆိုတာ မိမိတို့ရပ်ရွာ၊ မိမိတို့ဒေသမှာ ကျရောက်လာနိုင်တဲ့ ကူးစက်မြန် ကိုဗစ်-၁၉ ရောဂါကို ကာကွယ်ထိန်းချုပ်ရေး ကျန်းမာရေးစည်းကမ်းချက်တွေနဲ့အညီ ကာကွယ်ရသလို လက်နက်ကိုင်အကြမ်းဖက်၊ သတ်ဖြတ်၊ ဖုံးခွဲအနိုင်ကျင့်နေတဲ့ NUG ၊ PDF စတဲ့ ဘာဘာညာညာ အဓမ္မရန်သူတွေကိုလည်း အမြန်ဆုံးဖော်ထုတ်ရှင်းလင်းမှ အေးချမ်းပါလိမ့်မယ်**

## လှိုင်းဘွဲ့ - ပိုင်ကျုံ - မိကြောင် - ဖားအိ - သမို - ရောထ - ဝါးမီးကလား - သရီးမီးကလား - သရီဖိုးခွိ - ရှမ်းရွာသစ် လမ်းပေါ်တွင် ပေ ၁၈၀ RC တံတား ဆောက်ရွက်ပြီးစီး



နေပြည်တော် ဩဂုတ် ၂၅

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၃၂၁ ဒသမ ၅၀ သန်းဖြင့် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် လှိုင်းဘွဲ့-ပိုင်ကျုံ-မိကြောင်-ဖားအိ-သမို-ရောထ-ဝါးမီးကလား-သရီးမီးကလား-သရီးဖိုးခွိ-ရှမ်းရွာသစ် ၂၈ မိုင် ၄ ဖာလုံလမ်းပေါ်တွင် ပေ ၁၈၀ RC တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း နယ်စပ်ရေးရာဝန်ကြီးဌာန ကရင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

အဆိုပါတံတားပြီးစီးသွား၍ လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာ ၂၆ ရွာ၊ အိမ်ခြေ ၁၇၂၈ အိမ်၊ အိမ်ထောင်စု ၁၉၄၆ စု၊ လူဦးရေ ၁၀၂၈၆ ဦးတို့ ရာသီမရွေးသွားလာနိုင်ပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# သံဖြူဇရပ်၌ အောက်ဆီဂျင်အရည်စက်ရုံ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၅**

မွန်ပြည်နယ် သံဖြူဇရပ်မြို့ ဖောင်စိန်ရပ်ကွက်၌ အောက်ဆီဂျင်အရည်စက်ရုံဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစက်ရုံနေရာ၌ပြုလုပ်ရာ သံဖြူဇရပ်မြို့ မြို့လယ်ကျောင်း ပရိယတ္တိစာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇောတိပါလ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် တာဝန်ရှိသူများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် အဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် စက်ရုံတည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်သန်းက အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အောက်ဆီဂျင်အရည်စက်ရုံအား သံဃာတော်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စက်ရုံကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

### လှည့်လည်ကြည့်ရှု

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အောက်ဆီဂျင်စက်ရုံအတွင်း အောက်ဆီဂျင်အရည်ထုတ်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါစက်ရုံအား ကိုဗစ်-၁၉ ရောဂါ ကုသရေးလုပ်ငန်းများတွင် အောက်ဆီဂျင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် မွန်ပြည်နယ်အတွင်းမှ ရဟန်းရှင်လူ၊ ပြည်သူများနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများ၏ စုပေါင်းလှူဒါန်းငွေ ကျပ်သိန်း ၄၇၀၀ ဖြင့် ဇူလိုင် ၁၅ ရက်တွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး တစ်ရက်လျှင် အောက်ဆီဂျင် လီတာ ၄၀ ဆလင်ဒါအိုး ၁၂၀၀ ခန့် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ထားဝယ်မြို့ အောက်ဆီဂျင်စက်ရုံ၌ အောက်ဆီဂျင်စမ်းသပ်ထုတ်လုပ်

**ထားဝယ် ဩဂုတ် ၂၅**

ထားဝယ်မြို့ ကမျှောကင်းလမ်း တိုင်းဒေသကြီး လွှတ်တော်ရုံး အနောက်ဘက်၌ တည်ဆောက်ခဲ့သည့် အောက်ဆီဂျင်စက်ရုံကို တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တာဝန်ရှိသူများက ဩဂုတ် ၂၅ ရက် ညနေ ၃ နာရီခွဲတွင် ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြကြောင်း သိရသည်။

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အောက်ဆီဂျင်စက်ရုံ ပင်မအဆောက်အအုံအတွင်း တပ်ဆင်ထားရှိသည့် အောင်ဆီဂျင်စက်နှင့် အောက်ဆီဂျင် စမ်းသပ်ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ အောက်ဆီဂျင်စက်တပ်ဆင်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများက စက်တပ်ဆင်ထားရှိမှု အခြေအနေနှင့် အောက်ဆီဂျင်ထုတ်လုပ်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ စနစ်တကျပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော အောက်ဆီဂျင်ထုတ်လုပ်မှုဆိုင်ရာ သတ်မှတ်စံများနှင့်အညီ ထုတ်လုပ်နိုင်ရေး လမ်းညွှန်မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အောက်ဆီဂျင်စက်ရုံဝင်းအတွင်း ဆောက်လုပ်လျက်ရှိသည့် အုပ်ချုပ်မှုအဆောက်အအုံအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ အောက်ဆီဂျင်စက်ရုံတည်ဆောက်ရေး ကြီးကြပ်မှုကော်မတီနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြခဲ့ကြသည်။

အဆိုပါစက်မှာ တစ်နာရီလျှင် လီတာ ၄၀ ဝင် အောက်ဆီဂျင်အိုး အလုံးရေ ၁၀ လုံးအထိ ထုတ်လုပ်နိုင်ပြီး တစ်ရက်လျှင် အလုံးရေ ၂၀၀ အထိ ထုတ်လုပ်နိုင်သည်။ ထို့ပြင် ထားဝယ်မြို့ပြည်သူ့ဆေးရုံ၌ တစ်ရက်လျှင် အလုံးရေ ၁၀၀ နှင့် တစ်ရက်လျှင် အလုံးရေ ၇၀ ထုတ်လုပ်နိုင်သည့် စက်တစ်လုံးစီ၊ မြိတ်မြို့၌ တစ်ရက်လျှင် အလုံးရေ ၂၀၀ ထုတ်လုပ်နိုင်သည့်စက်တစ်လုံးနှင့် အလုံးရေ ၁၀၀ ထုတ်လုပ်နိုင်သည့် စက်တစ်လုံး၊ ကော့သောင်းမြို့၌ တစ်ရက်လျှင် အလုံးရေ ၂၀၀ ထုတ်လုပ်နိုင်သည့် စက်တစ်လုံးနှင့် အလုံးရေ ၁၀၀ ထုတ်လုပ်နိုင်သည့် စက်တစ်လုံး တပ်ဆင်တည်ဆောက်လျက်ရှိပြီး စက်ရုံများမှထွက်ရှိသည့် အောက်ဆီဂျင်များကို တိုင်းဒေသကြီးအတွင်း လိုအပ်လာမည့်နေရာများတွင် စနစ်တကျဖြန့်ဝေဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ငါးသယံဇာတကွင်းဆက်မပြတ်စေရန် ငါးသားပေါက်ကောင်ရေ သိန်း ၂၆၀ ကို စက်တင်ဘာလလယ်တွင် အပြီးစိုက်ထည့်မည်

**ရန်ကုန် ဩဂုတ် ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သဘာဝရေပြင်နှင့် ဆည်တမံ၊ မြစ်၊ ချောင်းတို့၌ ငါးလုပ်ငန်းဦးစီးဌာနက ငါးသားပေါက်များ စိုက်ထည့်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း သတ်မှတ်လျာထားသော ငါးသားပေါက်ကောင်ရေသိန်း ၂၆၀ ကို စက်တင်ဘာလလယ်တွင် အပြီးစိုက်ထည့်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ယခုမိုးရာသီတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ငမိုးရိပ်ဆည်၊ လှော်ကားရေလှောင်တမံ၊ သာခုကန်ရေလှောင်တမံ၊ ဖူးကြီးရေလှောင်တမံ၊ ဘန့်ဘွေးကုန်းရေလှောင်တမံ၊ ဖောင်ကြီးရေနောက်အင်း၊ မအူချောင်း၊ ဘောလည်ချောင်း၊ ဘားလားချောင်း၊ တွံတေးဇီးဖြူကုန်းချောင်း၊ တွံ့တေးရွှေမအင်းချောင်း၊ ရွှေကသစ်ချောင်း၊ သဝန်းလုံးချောင်း၊ သမန်ကြီးအင်းချောင်း၊ မိုးမခချောင်း၊ တံခွန်နိုင်ချောင်း၊ အောင်ထွန်းချောင်း၊ မချောချောင်း၊ ကျွဲဖြူချောင်း၊ ကျောက်တန်းမှော်ဝန်းချောင်း၊ ပန်းလှိုင်ချောင်း၊ သံကြိုးတိုင်ချောင်း၊ တွံတေးတူးမြောင်း၊ လှိုင်မြစ်၊ ခရမ်း၊ သုံးခွ၊ တိုက်ကြီး၊ ကွမ်းခြံကုန်း၊ ကော့မှူးနှင့် ထန်းတပင် သဘာဝရေပြင်တို့တွင် ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ ငါးခုံးမငါးသားပေါက်ကောင်ရေ ၁၈၃ သိန်းကို ဩဂုတ် ၂၄ ရက်အထိ စိုက်ထည့်ခဲ့ကြောင်း သိရသည်။

ဆည်နှင့်ရေလှောင်တမံတို့တွင် ငါးသားပေါက်ကောင်ရေ ၂၈ ဒသမ ၂ သိန်းနှင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် သဘာဝရေပြင်တို့၌ ငါးသားပေါက်ကောင်ရေ ၂၃၁ ဒသမ ၈ သိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ သိန်း ၂၆၀ ကို ယခုနှစ် မိုးရာသီတွင် မျိုးစိုက်ထည့်သွားမည်ဖြစ်ပြီး တွံတေးမြို့နယ်အတွင်း ငါးသားပေါက်ကောင်ရေ သိန်း ၂၀၊ ကွမ်းခြံကုန်းသဘာဝရေပြင်၊ ကျောက်တန်းမှော်ဝန်းချောင်းနှင့် သုံးခွချောင်းအတွင်း ယခုလနောက်ဆုံးပတ်တွင် ငါးသားပေါက်ကောင်ရေ သိန်း ၄၀ ခန့် စိုက်ထည့်သွားမည်ဖြစ်ပြီး ကျန်ရှိသော ငါးသားပေါက်များကို တွံတေးမြို့နယ်အတွင်း စိုက်ထည့်သွားမည်ဖြစ်သည်။

"ငါးသယံဇာတထိန်းသိမ်းရေးအတွက်ရည်ရွယ်ပြီး ငါးသားပေါက်တွေကို စိုက်ထည့်တာပါ။ တိုင်းရင်းငါးမျိုးစိတ်တွေ ရေရှည်တည်တံ့မှုဟာ ငါးစားသုံးမှုနဲ့ ထုတ်လုပ်မှုကို အထောက်အပံ့ဖြစ်စေပါတယ်။ ဒီနှစ်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ လမ်းညွှန်ချက်နဲ့အညီ ပြည်တွင်းသဘာဝရေပြင်တွေမှာ ငါးသယံဇာတတွေပေါများစေဖို့ ရည်ရွယ်ပြီး ငါးသယံဇာတ စဉ်ဆက်မပြတ်ရေရှည်ထိန်းသိမ်းနိုင်ရေးနဲ့ ဒေသခံပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းနဲ့ဝင်ငွေရရှိစေဖို့၊ ငါးသယံဇာတမျိုးကောင်းမျိုးသန့်တွေ ရေရှည်တည်တံ့မျိုးပွားစေဖို့နဲ့ ငါးရိက္ခာရေရှည်စားသုံးနိုင်ဖို့၊ ငါးမွေးမြူရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ သဘာဝမြစ်ချောင်းတွေ၊ ဆည်တမံအတွင်းမှာ ငါးမျိုးစိုက်ထည့်တာပါ။ ငါးသားပေါက်ကောင်ရေ သိန်း ၂၆၀ လျာထားဆောင်ရွက်နေပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ရွှေက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း လှော်ကားငါးသားဖောက်စခန်းမှ ကောင်ရေ သိန်း ၁၂၀၊ လေးထောင့်ကန် ငါးသားဖောက်စခန်းမှ ကောင်ရေ သိန်း ၈၀ နှင့် တွံတေးငါးလုပ်ငန်းစခန်းမှ ကောင်ရေ သိန်း ၇၀ ဖြင့် ယခုနှစ်မိုးရာသီတွင် ငါးသားပေါက်များကို စိုက်ထည့်လျက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုနှင့်အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာငါးမျိုးစိုက်ထည့်သည့် ကြီးကြပ်ရေးအဖွဲ့တို့၏ ငါးသားပေါက်အရွယ်အစား မှန်ကန်မှု ရှိ/မရှိ၊ အမြီးမှခေါင်းအထိ နှစ်လက်မ ပြည့်မီမှုနှင့် ကောင်ရေမှန်ကန်မှု ရှိ/မရှိ တို့ကို စစ်ဆေးအတည်ပြုပြီးနောက် ငါးသားပေါက်များကို စိုက်ထည့်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

## ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကိုထိန်းသိမ်းပေး



## ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးနှင့်ဆေးပစ္စည်းများ လက်လီလက်ကားရောင်းချပေးသည့် အစီအစဉ်အား တိုးချဲ့ဆောင်ရွက်

**နေပြည်တော်  ဩဂုတ်  ၂၅**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုအရ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များ အသင်း၏စီစဉ်မှုဖြင့် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဇဟိုဌာန အဆောက်အအုံ၌ ဒုတိယအစီအစဉ်အဖြစ် အိမ်သုံးဆေးဝါးများ လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်းအစီအစဉ်ကို ယနေ့တွင် ဆောင်ရွက်ခဲ့ရာ ဆေးနှင့်ဆေးပစ္စည်း ဖြန့်ဖြူးရောင်းချသော ကုမ္ပဏီ ၂၀ မှ အိမ်သုံးဆေးဝါး ၁၇၉ မျိုးကို ရောင်းချပေးလျက်ရှိပြီး ငွေကျပ်သိန်း ၈၀ ကျော်တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများကို ရောင်းချခဲ့သည်။

အလားတူ ပထမအစီအစဉ်အဖြစ် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အလုံမြို့နယ် ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် အမှတ်(၁၀၄/၁၀၈) နေရာ၌လည်း အဋ္ဌမမြောက်နေ့အဖြစ် ဆက်လက်ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ငွေကျပ် ၃၉ သိန်းကျော်တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများ ရောင်းချနိုင်ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင်လည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ရွှေ့လျားဈေးကားဖြင့် သားငါးများ ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၅-၈-၂၀၂၁)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Price in Kyats(Retail) | Company Name |
|---|---|---|---|
| | Antibiotics | | |
| 1 | PO – Azithromycin 500 mg | 4000 | Rammawaddy |
| 2 | P.O – Cefalexin 500 mg | 6100 | Aorta |
| 3 | P.O – Levofloxacin 500 mg | 7000 | Shwe Htay Min |
| 4 | P.O.Cefixime | 3600 | Aorta |
| 5 | P.O Amoxicillin+ Clavulanic Acid | 1800 | Aorta |
| 6 | Injection – Levofloxacin 500 mg | 3000 | Yadanar |
| 7 | Injection – Ceftriazone 1G | 700 | KCL |
| 8 | Injection – Cefoperazone and Sulbactam 1G | 4900 | Ready Medicine |
| 9 | Injection – Cefoperazone and Sulbactam 2G | 9300 | Ready Medicine |
| 10 | Injection – Meropenam | 10000 | AA Medical |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့ကြီးများသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်ဖြန့်ဖြူး

**ရန်ကုန်  ဩဂုတ်  ၂၅**

ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ တိုးချဲ့ကာကွယ်ဆေးသိုလှောင်ခန်းတွင် ထားရှိသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

**ဆက်လက်ဖြန့်ဖြူးပေးသွားမည်**

ထိုသို့ ဖြန့်ဖြူးပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ Sinovac ဆေးအလုံးရေ ၂၅၀၀၀ နှင့် Sinopharm ဆေးအလုံး ၂၄၀၀၊ သံတွဲမြို့သို့ Sinopharm ဆေးအလုံး ၁၃၅၅ လုံးနှင့် မြစ်ကြီးနားမြို့သို့ Sinopharm ဆေးအလုံး ၆၆၄၀ တို့ကို တပ်မတော်လေယာဉ်ဖြင့် လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ကာကွယ်ဆေးအလုံးပေါင်း ၃၂၈၀၀၊ ဘားအံမြို့သို့ ကာကွယ်ဆေးအလုံးပေါင်း ၇၁၀၀၊ ပဲခူးတိုင်းဒေသကြီးသို့ ကာကွယ်ဆေးအလုံးရေ ၆၄၈၃၀ နှင့် ပုသိမ်မြို့သို့ ကာကွယ်ဆေးအလုံးပေါင်း ၂၈၀၇၀ တို့ကို မြေပြင်ခရီးလမ်းကြောင်းမှ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့်လည်းကောင်း ဆက်လက်ပေးပို့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူပြီး သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

ယင်းသို့ ပေးပို့ဖြန့်ဖြူးပေးသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ဦးတည်အုပ်စုလူဦးရေ၊ ဦးစားပေးအစီအစဉ်များနှင့်အညီ ပြည်သူများသို့ အမြန်ဆုံးထိုးနှံပေးနိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ပြီး ဝေးလံခက်ခဲသောဒေသများသို့ တပ်မတော်(လေ) ပို့ဆောင်ရေးလေယာဉ်များဖြင့် မြန်မာ့လေကြောင်းတို့၏ အကူအညီများရယူကာ လေကြောင်းခရီးဖြင့်လည်း ဆက်လက်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့ကြီးများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်ဖြန့်ဖြူးရန် လေယာဉ်ပေါ်သို့ တင်ဆောင်စဉ်။



## ဒေသခံပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း

**နေပြည်တော်  ဩဂုတ်  ၂၅**

ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရေးအတွက် တပ်မတော်နှင့် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ ပင်လုံရပ်ကွက်ရှိ ဒေသခံပြည်သူ အိမ်ထောင်စု ၁၈၀ တို့အတွက် ဆန်အိတ်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ဝါးဖြူတောင်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာနေပြည်သူ အိမ်ထောင်စု ၁၅၀ နှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သန်းတောကုန်းကျေးရွာနေ အိမ်ထောင်စု ၈၀ တို့အတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း သက်ဆိုင်ရာမြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# မိုးစို ခြေအေးဝမ်းရောင် သွေးတိုး သတိပြု

ကြည်လင်မြင့်(မုခြာ)

စာရေးသူ၏မိတ်ဆွေတစ်ဦးသည် မိုးရာသီရောက်တိုင်း နေမကောင်းဖြစ်သည်ဟု ဆိုသည်။ ဆောင်းရာသီနှင့် နွေရာသီတွင် ရောဂါမရှိနေကောင်းသည်ဟု ဆိုသည်။ သူသည် ရုံးဝန်ထမ်းတစ်ဦးဖြစ်သော်လည်း သူ၏ရုံးနှင့် နေအိမ်မှာ မဝေးလှသဖြင့် ကားစီးရန်မလို လမ်းလျှောက်သွားပြီး နေ့စဉ်ရုံးတက်သူဖြစ်သည်။ သူ၏ရုံးသွားရာလမ်းသည် ကတ္တရာလမ်းဖြစ်သော်လည်း အနိမ့်ပိုင်းကျသဖြင့် မိုးရွာလျှင် ရေဝပ်သည်။ မိုးရွာပြီးရက်အနည်းငယ်အထိ ရေတင်ကျန်နေတတ်သည်။ ရေဝပ်သောလမ်းတွင် လမ်းလျှောက်သောအခါ ခြေထောက်ရေစိုရာမှ နေမကောင်းဖြစ်လာသည်။ မူလက အစာမကြေ လေရောဂါအခံရှိသူလည်းဖြစ်သည်။ ယခုအသက်ရလာသောအခါ သူ့တွင် သွေးတိုးရောဂါလည်း ဝင်စပြုပြီ ဖြစ်သည်။

## မိုးရာသီနှင့် သွေးတိုး

မိုးဥတုတွင် နေအိမ်ပြင်ပထွက်ပြီး နေ့စဉ်သွားလာအလုပ်လုပ်ရသူများသည် ခြေထောက်ရေစိုရာမှ နောက်ဆက်တွဲအဖြစ် ခြေအေးဝမ်းရောင်ခါ အစာမကြေ ဝမ်းဗိုက်လေပွရောဂါနှင့် အသက် ၄၀ ကျော်သူများမှာ သွေးတိုးရောဂါဝင်လာတတ်သည်ကို သတိပြုကြရန်တင်ပြလိုပါသည်။ သွေးတိုးရောဂါသည် အစားမှားမှု၊ အငန်စားမှုမဟုတ်။ ပြင်ပအအေးပတ်ဖွဲ့ခြင်း၊ မိုးမိခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ သွေးစီးဆင်းမှုကြောင့် ပုံမှန်ပူနွေးနေသောသွေးကြောသည် အအေးဓာတ်ကြောင့် ကျုံ့သွားပြီး ဖိအားတစ်ခုဖြစ်လာကာ သွေးမသွားနိုင်ဖြစ်ရသည်။ ထိုအခါ သွေးပုံမှန်သွားစေရန် နှလုံးမှပို၍ ညှစ်အားပေးရသည်။ ထိုအားကို သွေးပေါင်ချိန်ကိရိယာဖြင့် တိုင်းသောအခါ BP 140/90 mm Hg. (အပေါ်သွေးဖိအား ၁၄၀ နှင့် အောက်သွေး ၉၀ မီလီမီတာ/ပြဒါး) ထိ ခံနိုင်ရည်ရှိသောအနေအထားဖြစ်သည်။ အပေါ်ရောအောက်ပါ ထိုထက်ဖိအားပိုလာလျှင် သွေးတိုးရောဂါဟု သတ်မှတ်သည်။

မိုးဥတုတွင် နေအိမ်မှ ထွက်ချိန်နှင့် ပြန်လာချိန်များကို သွေးပေါင်ချိန် (သွေးဖိအား) မှတ်တမ်းထား လေ့လာကြည့်သောအခါ အိမ်မှမထွက်ခွာမီ ပုံမှန်ဖြစ်သော်လည်း ပြန်ရောက်လာချိန်တွင် မိုးရေစိုခဲ့ခြင်း (သို့မဟုတ်) ခြေထောက်ရေစိုခဲ့လျှင် သွေးပေါင်ချိန်တက်နေသည်ကို တွေ့ရှိရသည်။ အချိန်ကြာကြာ မိုးမိသည်နှင့်အမျှ ပို၍တက်သည်ကိုလည်း လေ့လာတွေ့ရှိရသည်။

နံနက်စောစော အစာကိုစားပြီး နေအိမ်မှထွက်သွားသူများသည် မိုးမိပြီးနောက် အစာမကြေဖြစ်လာတတ်သည်။ ခန္ဓာကိုယ်အအေးပတ်ခြင်း၊ ခြေနှစ်ဖက်ရေစိုခြင်းကြောင့် ဝမ်းမီးနုံ့ပြီး အစာမကြေဖြစ်သည်ဟု ယူဆရသည်။ အစာခြေခြင်းကို ဝမ်းမီး (ခေါ်) ပါစက တေဇောဓာတ်က ဆောင်ရွက်သည်။ ထိုဝမ်းမီးသည် အအေးဓာတ်ကြောင့် အားပျော့သွားခြင်းကို ဝမ်းမီးနုံ့သွားသည်ဟုခေါ်၍ ရိုးရာဆေးပညာက ချင်းနှင့် ရေနွေးပူပူကို သောက်ပေးခြင်းဖြင့် အစာကြေစေနိုင်သည်။

## အစပ်သုံးပါး၊ ဆေးသုံးပါး

ငရုတ်/ ငရုတ်ကောင်း၊ ပိတ်ချင်းနှင့် ချင်းကို တြိကဋုက်သုံးပါးဟု အာယုဗေဒဆေးကျမ်းများက ဆိုသည်။ အစာကြေစေသော (အစပ်သုံးပါး) ဆေးသုံးပါးဟု ဆိုသည်။ မိုးဥတုတွင် အပြင်မထွက်မီ အစားအသောက်စားသုံးလျှင် ဟင်းနှင့် ဟင်းချိုတွင် ငရုတ်ကောင်းခတ်ခြင်း၊ ချင်းထည့်ချက်ခြင်းဖြင့် အစာကြေအောင် အထောက်အကူပြုနိုင်သည်။ အထူးသဖြင့် အသားဟင်းချက်လျှင် ချင်းကို နိုင်နိုင်ထည့်ချက်လျှင် မိုးဥတုနှင့်သင့်သည်။

ရှေးလူကြီးများက ခြေအေးလျှင် ဝမ်းရောင်သည်ဟုဆိုကြသည်။ မိုးရေစိုချိန်ကြာသဖြင့် ခြေထောက်အေးလာသောအခါ အအေးဓာတ်သည် တဖြည်းဖြည်းအပေါ်သို့တက်လာပြီး ချက်တိုင်နှင့် ဝမ်းဗိုက်အထိ ရောက်လာသည်။ အစာမကြေဖြစ်လာသည်။ အစာမကြေလျှင် လေပွလာပြီး ဝမ်းဗိုက်သည်တင်းပြီး ဖောင်းလာသည်ကို ဝမ်းရောင်ခြင်းဖြစ်သည်ဟု ခေါ်ခြင်းဖြစ်သည်။ အစာမကြေခြင်း၏ နောက်ဆက်တွဲရောဂါမှာ ခေါင်းကိုက်၊ ခေါင်းအုံခြင်းနှင့် သွေးတိုးရောဂါဖြစ်သည်။

## အအေးပတ်၍လေဖြတ်ခြင်း

မိုးရွာထဲမှ ပြန်လာပြီးနောက် ကိုယ်တစ်ခြမ်းလေဖြတ်သွားသူကို တွေ့ဖူးသည်။ ထိုသူသည် အသက် ၅၀ ခန့် အရွယ်ကောင်း ဖြစ်သည်။ ယခင်က သွေးတိုးဖူးသည်။ သို့သော်အမြဲမတိုးသဖြင့် သွေးကျဆေးကို ပုံမှန်မသောက်ဟု ဆိုသည်။ နေအိမ်တွင် လဲကျသဖြင့် ဆေးရုံပို့သောအခါ သွေးပေါင်အလွန်တက်ပြီး ဦးနှောက်အတွင်း သွေးခဲရောက်သဖြင့် ပိတ်ဆို့ပြီး လေဖြတ်ရခြင်းဖြစ်သည်ဟု ဆိုသည်။ ခြေအေးခြင်းမှစခဲ့သည့် သွေးတိုးရောဂါဖြစ်သည်။ သတိပြုကြစေရန် တင်ပြရခြင်းဖြစ်သည်။

လေဖြတ်သည်ဟုဆိုလျှင် အဆီ၊ အဆိမ့်အစားများသူ၊ လူဝပြီးဗိုက်ကျကျနေနိုင်သူများသာဖြစ်သည်ဟု ထင်ကြသည်။ ဆင်းရဲသားများ၊ မိုးထဲလေထဲ အလုပ်လုပ်နေသူများ လေဖြတ်သည်ကို မတွေ့ဖူးကြပေ။ ဆေးရုံများတွင် လေဖြတ်သူများစွာ ရောက်ရှိလာသည့်အထဲတွင် သာမန်လက်လုပ်လက်စား ဆင်းရဲသားများစွာပါဝင်သည်ကို ယနေ့ခေတ်တွင် တွေ့မြင်ရသည်။ ထိုသူများသည် ချမ်းသာသူများထက် မိုးရွာသော်လည်း အလုပ်မနားနိုင်သူများ ဖြစ်သည်။ မလုံခြုံသောအမိုးအကာအောက်တွင် မလုံခြုံသော အဝတ်အစားဖြင့် အလုပ်လုပ်ကြရင်း အအေးပတ်ရာမှ လေဖြတ်သူများစွာရှိသည်။

သက်ကြီးရွယ်အိုများတွင် ပို၍ဖြစ်သည်။ စာရေးသူကျောင်းနေစဉ်က နေ့စဉ်ဝယ်ယူစားသုံးခဲ့ဖူးသည့် ကျောင်းအနီးအကြော်ဆိုင်မှ ကောက်ညှင်းပေါင်းနှင့် အကြော်စုံရောင်းသော ဦးလေးကြီးမှာ အသက်အရွယ်ရလာပြီး လွန်ခဲ့သည့်နှစ် မိုးတွင်း ရေကြီးသောအချိန်က ရေတစ်ပိုင်းစိုနှင့် အကြော်ရောင်းရင်းလဲကျပြီး လေဖြတ်သွားသည်ဟု သိရသည်။ အပူဓာတ်သည် သွေးကြောများကို ကျယ်စေသည်။ ပူလွန်းလျှင်လည်း အပူရှပ်ပြီး ဦးနှောက်သွေးကြောပေါက် လေဖြတ်နိုင်သည်။ ဤကဲ့သို့ပင် ဆန့်ကျင်ဘက်အတွေးဖြင့် ယူဆပါက အေးလွန်းလျှင် အအေးဓာတ်သည် သွေးကြောများကို ကျုံ့စေပြီး အစွန်အဖျားသွေးကြောများသို့ သွေးရောက်အောင် နှလုံးက ပိုညှစ်ပေးရာမှ သစ်ပင်များရေဖျန်းလျှင် ရေပိုက်ကို ထိပ်ဖျားမှညှစ်ပေးလျှင် ရေပန်းထွက်သကဲ့သို့ ဦးနှောက်အတွင်း သွေးညှစ်အားများပြီး ဦးနှောက်သွေးကြောပြတ် လေဖြတ်နိုင်သည်ကို သတိပြုဖို့လိုသည်။

## ခြေအေးဝမ်းရောင်

ရှေးလူကြီးများ ဆုံးမစကားတွင် မကြာခဏ နေပူမရှောင် မိုးရွာမရှောင် သွားလာနေသည်ကို "လျှောက်ပြန်သံပေး ... ခြေအေးဝမ်းရောင်"ဖြစ်မည်။ နေမကောင်းဖြစ်မည်။ အထူးသဖြင့် မိုးရွာနေချိန်၊ မိုးရွာပြီး ရေတင်နေချိန်၊ လမ်းတွင် ရေဝပ်နေချိန်များတွင် အသွားအလာလုပ်ရင်း ခြေထောက်အေးရာမှ အစာမကြေဖြစ်လာပြီး လေပွကာ ဝမ်းချုပ်သည့်ရောဂါ (ဝမ်းဖောဝမ်းရောင်ရောဂါ) ဖြစ်မည်ဟု သတိပေးခြင်းဖြစ်သည်။

> **မိုးဥတုတွင် နေအိမ်ပြင်ပထွက်ပြီး နေ့စဉ် သွားလာအလုပ်လုပ်ရသူများသည် ခြေထောက်ရေစိုရာမှ နောက်ဆက်တွဲအဖြစ် ခြေအေးဝမ်းရောင် ခါ အစာမကြေ ဝမ်းဗိုက်လေပွရောဂါနှင့် အသက် ၄၀ ကျော်သူများမှာ သွေးတိုးရောဂါဝင်လာတတ်သည်ကို သတိပြုကြရန်တင်ပြလိုပါသည်။ သွေးတိုးရောဂါသည် အစားမှားမှု၊ အငန်စားမှုမဟုတ်။ ပြင်ပအအေးပတ်ဖွဲ့ခြင်း၊ မိုးမိခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ သွေးစီးဆင်းမှုကြောင့် ပုံမှန်ပူနွေးနေသောသွေးကြောသည် အအေးဓာတ်ကြောင့် ကျုံ့သွားပြီး ဖိအားတစ်ခုဖြစ်လာကာ သွေးမသွားနိုင်ဖြစ်ရသည်။ ထိုအခါ သွေးပုံမှန်သွားစေရန် နှလုံးမှပို၍ ညှစ်အားပေးရ**

ခြေထောက်သည် လူ၏ခန္ဓာကိုယ်တွင် အလွန်အရေးကြီးသော အစိတ်အပိုင်းဖြစ်သည်။ ရှေးက ယာဉ်ရထားများမပေါ်သေးမီက ခြေနှစ်ဖက်ကို အသုံးပြုပြီး သွားလာကြရသည်။ ခြေထောက်အားကိုးရသည်။ ထိုအခါ ခြေထောက်ရေစိုထဲသွားလျှင် နေထိုင်မကောင်းဖြစ်သည်ကို ခြေအေးဝမ်းရောင်ဟု လူကြီးများ ပြောဆိုကြခြင်း ဖြစ်မည်ထင်သည်။ ခြေဖဝါးတွင် ဖဝါးပထဝီကြောဟူ၍ ရှိသည်။ ဖဝါးနှင့် မြေကြီး (ပထဝီ) ထိသည့်အကြောဖြစ်သည်။ အပြင်ပထဝီကြောနှင့် အတွင်းပထဝီကြောဟူ၍ နှစ်ချောင်းရှိသည်။ ကျွမ်းကျင်သည့် အနှိပ်ဆရာ၊ အကြောပြင်ဆရာများသည် နေမကောင်းလမ်းမလျှောက်နိုင်သူကို ဖဝါး ပထဝီကြောများကိုနှိပ်ပြီး လမ်းပြန်လျှောက်နိုင်အောင် ကုသပေးကြသည်။ ပထဝီကြောသည် သက်စောင့်ကြောဟုလည်း ဆိုကြသည်။ ထိုအကြောကို ရေစိုလွန်သောအခါ အအေးပတ်ပြီး ဖဝါးပထဝီကြောပိတ်သွားသည်ဟု ဆိုကြသည်။ ဖဝါးပထဝီကြောပိတ်လျှင် အထက်ပါဒရက်ကြော၊ ဆီးကြော၊ ဝမ်းကြော၊ အစာအိမ်မှစ၍ လည်ပင်းကြော၊ ဦးခေါင်းကြော၊ မျက်စိကြောများအထိ ဒုက္ခပေးနိုင်သည်ဟု ဆိုသည်။

## ခြေအေးခြင်းကို ကာကွယ်

မိုးရွာထဲသို့ မလွဲမရှောင်သာ၍ ထွက်ပြီးနောက် ပြန်လာလျှင် ခြေအေးခြင်းကို ကာကွယ်ရန်အတွက် ခြေထောက်ကို ရေစင်အောင်သုတ်ပြီးလျှင် နွေးထွေးအောင်ထားပါ။ အလွန်အေးစက်လျှင် မီးဖြင့် အပူပေးထားသော မုန်ညင်းဆီ၊ နှမ်းဆီ၊ သံလွင်ဆီ စသည်တို့ကိုလိမ်းပြီး နှိပ်နယ်ပေးသင့်သည်။

ယောမင်းကြီး ဦးဘိုးလှိုင်၏ ဥတုဘောဇနကျမ်းတွင် ခြေကို ဆီလိမ်းနယ်ခြင်းအကျိုးကို အောက်ပါအတိုင်းပြထားသည်။

ခြေကိုဆီလိမ်းနယ်ခြင်းသည် ပင်ပန်းခြင်းကို ပျောက်စေတတ်၏။ အားကိုဖြစ်စေတတ်၏။ မျက်စိကိုကြည်လင်စေတတ်၏။ အိပ်၍ ပျော်စေတတ်၏။ ခြေ၌ဖြစ်သော အနာရောဂါတို့ကိုနိုင်၏။ ဦးခေါင်းမှမျက်စိကို အုပ်ဆင်း၍ ခြေမနှစ်ဖက်တိုင်အောင်သွားသော အကြောကြီးနှစ်ခုတို့သည် ရှိကုန်၏။ ထို့ကြောင့် မျက်စိကြည်လင်အောင် ခြေကို ဆီဖြင့် လိမ်းနယ်ရာ၏။

ရဟန်းတို့၏ ပရိက္ခရာ တစ်ဆယ့်နှစ်မျိုးတွင် ခြေနယ်ဆီထည့်ရန် ဆီဘူးကို မြတ်စွာဘုရားခွင့်ပြုတော်မူသည်။ မြတ်စွာဘုရားမှစ၍ ရဟန္တာအရှင်သူမြတ်တို့သည်လည်း ဒေသစာရီလှည့်လည်လိုလျှင် ခြေနယ်ရန် ဆီကို ဘူးနှင့်ထည့်ယူသွားပြီးလျှင် စခန်းချတိုင်းချတိုင်း ညဉ့်အခါခြေထောက်ကို ဆီဖြင့် နယ်ပြီးမှ ရေစင်စွာဆေး၍ ကျိန်းတော်မူကြသည်။

ကိုယ်အလုံးကို ဆီဖြင့် လိမ်းနယ်ခြင်းသည် လေနာ၊ သလိပ်နာရှိသောသူ၌ အမြတ်ဆုံးသောဆေးဖြစ်၏။ ကိုယ်ကို ဆီလိမ်းနယ်ခြင်းထက် လေနာကိုနိုင်သောဆေးမည်သည်မရှိ။ ကိုယ်လက်တောင့်တင်းခြင်း၊ လေးလံခြင်းတို့ကို နိုင်၏။ အကြောတို့ကို ပျော့စေတတ်၏။ ဝမ်းမီးကို တောက်စေ၏။ အရည်အဆင်းကို လှပစေတတ်၏။ ရေဖြင့် သွန်းလောင်းအပ်သောသစ်ပင်သည် တစ်နေ့တခြား တိုးပွားစည်ပင်ဘိသကဲ့သို့ ဆီဖြင့်လိမ်းအပ်သောကိုယ်လည်း တစ်နေ့တခြား စည်ပင်တိုးပွားတတ်၏။ (ဥတုဘောဇနသင်္ဂဟကျမ်း၊ ဆီမျိုးတို့၏ ဂုဏ်ကိုပြခြင်းအခန်းမှ)

## ခြေအအေးပတ်ခြင်းကို ကာကွယ်နိုင်သော နည်းလမ်းများ

၁။ ရေရှိသော အရပ်သို့မထွက်မီ ခြေထောက်၊ ခြေခုံ၊ ဖဝါးစောင်းများကို လိမ်းဆေးအဆီတစ်မျိုးမျိုးလိမ်းကျံပြီးမှ အပြင်ထွက်ပါ။

၂။ ဖိနပ်စီးလျှင် ရေစိုခံသော ရော်ဘာဖိနပ်၊ ကြက်ပေါင်ဖိနပ်များ စီးပါ။ ရေမဝင်သော လည်ရှည်ဖိနပ်စီးနိုင်လျှင် ပိုကောင်းပါသည်။ ကတ္တီပါဖိနပ်၊ အဝတ်ဖိနပ်စသော ရေစုတ်ယူသည့် ဖိနပ်များမစီးပါနှင့်။

၃။ ခြေအေး၍ ဝမ်းတွင်းသို့ အပူဓာတ် မတက်စေရန် မိုးရွာလျှင် အပြင်သို့မထွက်မီ ရေအေးတစ်ခွက်သောက်ပြီးမှ ထွက်ပါ။

၄။ ခြေထောက်ရေစိုပြီးပြန်လာလျှင် လျင်မြန်စွာ ခြောက်အောင်သုတ်ပြီးနောက် ရေအေးတစ်ဖန်ခွက်သောက်ပါ။ ရေနွေး၊ ရေနွေးကြမ်း အပူမသောက်ပါနှင့်၊ အအေးပတ်၍ လည်ချောင်းတွင် တက်နေသောအပူနှင့် သောက်သောရေနွေးအပူ ပေါင်းပြီး လည်ချောင်းနာတတ်သည်။ ရေအေးသောက်ခြင်းဖြင့် လည်ချောင်းတွင်းမှ အပူကို ငြိမ်းစေနိုင်သည်။ **စာမျက်နှာ ၁၀ သို့ ➜**

# ဘားအံမြို့ ဇာသပြင်ဈေးသစ် ဖွင့်လှစ်

**ဘားအံ ဩဂုတ် ၂၅**

ကရင်ပြည်နယ် ဘားအံမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဇာသပြင်ဈေးသစ်ဖွင့်ပွဲကို ဩဂုတ် ၂၅ ရက် နံနက် ၈ နာရီက ဇာသပြင်ကျေးရွာရှိ အဆိုပါဈေးသစ်တည်နေရာ၌ ကျင်းပသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ဈေးသစ်ဖွင့်ပွဲတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အဖွင့်အမှာစကား ပြောကြားပြီး ဇာသပြင်ဈေးသစ်ဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းကျောက်စာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ တက်ရောက်လာသူများနှင့်အတူ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဈေးသူ၊ ဈေးသားများ၏ ရောင်းဝယ်ဖောက်ကားနေမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဇာသပြင်ဈေးသည် ယခင်က လမ်းဘေးနှစ်ဖက်တွင်သာ တည်ခင်းရောင်းချခဲ့ကြပြီး လမ်းသွားလမ်းလာ မော်တော်ယာဉ်များနှင့် ကျပ်တည်းကျဉ်းမြောင်းစွာ ဈေးရောင်းဈေးဝယ် ပြုလုပ်ကြရသည့်အတွက် ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၆၇ ဒသမ ၈၄ သန်းဖြင့် ဈေးရုံ လေးရုံ၊ ဆိုင်ခန်းပေါင်း ၁၅၂ ခန်းပါဝင်သည့် ဈေးသစ်ကြီးကို သံလွင်ဖားစည်မြေကုမ္ပဏီက တာဝန်ယူတည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ တစ်ပိုင်တစ်နိုင် ရောင်းချသူများ အဆင်ပြေစေရန် ပုံကျဈေးကွက် နေရာ ၁၀၀ ကျော်ခန့်ပါဝင်၍ ကုန်စိမ်း၊ ကုန်ခြောက်၊ သား၊ ငါး၊ အဝတ်အထည် အစရှိသည့် ကုန်မျိုးစုံကို ဈေးအင်္ဂါရပ်များနှင့်အညီ ရောင်းချနိုင်ရေး ဆောက်လုပ်ပေးထားခြင်းဖြစ်ကြောင်း ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ကိုဗစ်အလွန်ကာလတွင် သနပ်ခါးမှတန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ပြီး ဆိုင်ခန်းများဖွင့်၍ ရောင်းချပေးသွားမည်

**အရာတော် ဩဂုတ် ၂၅**

ကိုဗစ်အလွန်ကာလတွင် မြန်မာ့သနပ်ခါးပင်များမှ တန်ဖိုးမြင့် ထုတ်ကုန်များထုတ်လုပ်ပြီး ဆိုင်ခန်းများဖွင့်လှစ်၍ ခရီးသွားပြည်သူများကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သနပ်ခါးအသင်းဥက္ကဋ္ဌ ဦးကျော်မိုးက ပြောသည်။

လက်ရှိဖြစ်ပွားနေသည့် ကိုဗစ်ရောဂါကြောင့် သနပ်ခါးစိုက်ပျိုးထုတ်လုပ်သူများသည် တင်ပို့ရောင်းချခြင်းမရှိသည့်အတွက် ထိခိုက်နစ်နာမှုများနှင့် ကြုံတွေ့နေကြောင်း၊ ယင်းတို့ကို ကုစားပေးသည့်အနေဖြင့် ကိုဗစ်အလွန်ကာလတွင် သနပ်ခါးမှ တန်ဖိုးမြင့်ထုတ်ကုန်များဖြစ်သည့် ပုတီး၊ ဘီး၊ လက်ပတ်၊ ရုပ်ပွားစေတီတော်၊ သနပ်ခါးမျက်နှာသစ်ဆပ်ပြာ၊ သနပ်ခါးအရွက်ခေါင်းလျှော်ရည်၊ ပေါင်ဒါ၊ လိုးရှင်း စသည်တို့နှင့် သနပ်ခါးတိုင်းရင်းဆေးများ ထုတ်လုပ်ပြီး ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနိုင်ရန် အရာတော်သနပ်ခါးအသင်းမှ စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။



"ကိုဗစ်ရောဂါကူးစက်ဖြစ်ပွားနေတဲ့ ယခုကာလမှာ အရာတော်သနပ်ခါးပွဲရုံကို ပိတ်ထားရပါတယ်။ သနပ်ခါးစိုက်တောင်သူတွေလည်း ရောင်းချရခြင်းမရှိကြတော့ စီးပွားရေးတွေထိခိုက်နေကြပါတယ်။ စီးပွားရေးကို ပြန်လည်ကုစားပေးတဲ့အနေနဲ့ သနပ်ခါးတန်ဖိုးမြင့် ထုတ်ကုန်တွေကို လှလှပပနဲ့ စုံစုံလင်လင် ထုတ်လုပ်ပြီး ရောင်းချနိုင်ဖို့ အရာတော်သနပ်ခါးအသင်းအနေနဲ့ ဆိုင်ခန်းလေးတွေလုပ်ဖို့ စီစဉ်ထားပါတယ်။ လက်ရှိအချိန်မှာ တောင်သူတွေ၊ ပွဲစားတွေ အခက်တွေ့နေပါတယ်။ အရာတော်က သနပ်ခါးအများဆုံးစိုက်တော့ ပိုခက်ခဲကြပါတယ်။ တခြားလုပ်ငန်းတွေလည်း အနည်းနဲ့အများ ခက်ခဲနေကြပါတယ်။ ကိုဗစ်ရောဂါကြီး မြန်မြန်ပျောက်ကွယ်သွားစေချင်ပါတယ်။ အဲဒါမှ စီးပွားရေးတွေ ပြန်လည်ကောင်းမွန်လာနိုင်မှာပါ။ ဒါကြောင့် ကိုဗစ်အလွန်ကာလမှာ တန်ဖိုးမြင့်ထုတ်ကုန်တွေ ထုတ်လုပ်ပြီး ရောင်းချပေးသွားမှာပါ"ဟု ၎င်းက ပြောသည်။

ကိုဗစ်အလွန်ကာလတွင် အရာတော်သနပ်ခါးပွဲရုံရှေ့၌ ဆိုင်ခန်းများ ဖွင့်လှစ်ပြီး သနပ်ခါးတန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ကာ ရောင်းချသွားရန်စီစဉ်ဆောင်ရွက်နေကြောင်း၊ ထိုသို့ပြုလုပ်ပေးခြင်းဖြင့် ဒေသမှ ထုတ်လုပ်သည့်သူများလည်း တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိကြမည်ဖြစ်သည့်အပြင် ခရီးသွားပြည်သူများလည်း အဆိုပါ သနပ်ခါးတန်ဖိုးမြင့်ထုတ်ကုန်များကို လွယ်လင့်တကူဝယ်ယူရရှိကြမည်ဖြစ်ကာ သနပ်ခါးစိုက်တောင်သူများလည်း အဆင်ပြေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ဒိုက်ဦးမြို့နယ် သဘာဝရေပြင်အတွင်းသို့ ငါးမျိုးများစိုက်ထည့်

**ဒိုက်ဦး ဩဂုတ် ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒိုက်ဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝရေပြင်အတွင်းသို့ ယနေ့ နံနက် ၉ နာရီတွင် ငါးမျိုးစိုက်ထည့်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးမင်း၊ ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးဇော်မြင့်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ်ငါးမျိုးစိုက် ကြီးကြပ်ကွပ်ကဲရေး ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးသက်နောင်ဦးနှင့်အဖွဲ့ဝင်များ၊ ဒိုက်ဦးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်လင်းထွန်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်သဲအောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး နှင့် အင်းသားကြီးများ တက်ရောက်သူဦးရေ ၂၀ ဖြင့် သဘာဝရေပြင်အတွင်းသို့ နှစ်လက်မအရွယ် ငါးမြစ်ချင်းကောင်ရေ ၂၃၂၀၀၀ နှင့် ငါးခုံးမကြီးကောင်ရေ ၅၀၀၀၀ စုစုပေါင်း ၂၈၂၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✣ စာမျက်နှာ ၉ မှ

၅။ ခြေထောက်အေးလျှင် သွေးပေါင်တက်လေ့ရှိသဖြင့် သွေးတိုးရှိသူများ သွေးပေါင်ချိန်စစ်ဆေးခြင်း၊ လိုအပ်သောသွေးတိုးကျဆေး သောက်သုံးခြင်းများကို မပေါ့မဆပြုလုပ်သင့်သည်။

၆။ အအေးပတ်ပြီး ဖျားချင်လျှင် ချင်းတက်ကို ပါးပါးလှီး ရေနွေးမတ်ခွက်တွင် စိမ်ပြီး အုပ်ထားပါ။ အအေးခံပြီး တဖြည်းဖြည်း သောက်ပါ။ ချင်းသည် အအေးမိခြင်းကြောင့် ဝမ်းမီးငြိမ်းခြင်းကိုလည်း ကာကွယ်ပြီး ဝမ်းမီးကို တောက်စေသည်။ ခြေအေးဝမ်းရောင်ဖြစ်လျှင် ချင်းသုပ်ကို စားပေးခြင်းဖြင့် သက်သာစေနိုင်ပါသည်။ ခြေအေးပြီး ခေါင်းကိုက်သူများသည် ချင်းကို ပါးပါးလှီးပြီး နားထင်နှစ်ဖက်တွင် ကပ်ထားလျှင် ခေါင်းကိုက်သက်သာစေသည်။

၇။ အအေးမိခြင်း၊ အအေးပတ်ခြင်း၊ ရေကိုင်များခြင်း၊ ခြေထောက်ရေစိုခြင်းများအတွက် တိုင်းရင်းဆေး သုံးစွဲလိုလျှင် တိုင်းရင်းဆေးအမှတ် (၂၅) မတဲမြင်းမိုရ်ကုန်းဆေး၊ တိုင်းရင်းဆေးအမှတ် (၃၅) ဇာတိလဝင်္ဂဆေး၊ တိုင်းရင်းဆေးအမှတ် (၄၁) ဝမ်းမီးတောက်ဆေးများကို သုံးစွဲသင့်ပါသည်။ ဆေးမှုန့်ကော်ဖီဇွန်းငယ်တစ်ဇွန်း လေးပဲသားခန့်ကို ရေနွေးပူပူဖြင့် သောက်သုံးရပါမည်။ နှာစေး၊ နှာချေ၍ မှိုင်းရှူလိုလျှင် တိုင်းရင်းဆေးအမှတ် (၄၃) အကင်းဆယ်ပါးဆေးမှုန့်ကို မီးရှို့ပြီး ထွက်လာသည့်အငွေ့ကို ရှူပေးခြင်းဖြင့် သက်သာစေနိုင်ပါသည်။ ။




ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်လမ်းညွှန်မှုဖြင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ကြီးကြပ်၍ ဩဂုတ် ၂၅ ရက်မှစတင်ပြီး လက်ပံတန်းမြို့နယ်တွင် စားသုံးသူများ အဆင်ပြေစေရေး ဆန်တစ်ပြည် ငွေကျပ် ၁၀၀၀ ဖြင့် ရပ်ကွက်များ၊ လမ်းများအရောက် ရွှေ့လျားယာဉ်ဖြင့် လှည့်လည်ရောင်းချပေးစဉ်။ မြို့နယ်(ပြန်/ဆက်)

# ဗင်နီဇွဲလားနိုင်ငံ အနောက်ပိုင်းရှိ မာရီဒါပြည်နယ်၌ မြေပြိုမှုများဖြစ်ပွား



**ကာရာကတ်စ် ဩဂုတ် ၂၅**
ဗင်နီဇွဲလားနိုင်ငံ အနောက်ပိုင်းရှိ မာရီဒါပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုများဖြစ်ပွားရာ ၁၅ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းပြီးနောက် လမ်းမများတွင် မြေပြိုမှုများကြောင့် ရွှံ့များ ဖုံးလွှမ်းလျက်ရှိပြီး မော်တော်ယာဉ်များ လမ်းမများပေါ်တွင် သောင်တင်လျက်ရှိသည်။

သေဆုံးသူများအနက် တိုဗာမြို့၌ သေဆုံးသူအရေအတွက် အများဆုံးဖြစ်သည်။ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် တိုဗာမြို့ရှိ မိုကော့တီးစ်မြစ်၏ ကမ်းပါးများပြိုကျပျက်စီးခဲ့သည်။

ထို့ပြင် တိုဗာမြို့ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံ ထိခိုက်ပျက်စီးသွားသည့်အတွက် လျှပ်စစ်မီးပေးဝေမှုယာယီရပ်ဆိုင်းထားရပြီး တယ်လီဖုန်းလိုင်းများလည်း ပြတ်တောက်လျက်ရှိကြောင်း ဒေသခံပြည်သူတစ်ဦးက ဘီဘီစီသတင်းဌာနသို့ ပြောသည်။

အဆိုပါဒေသတွင် လူအသေအပျောက်များသော မြေပြိုမှုများ မကြာခဏဖြစ်ပွားလေ့ရှိသည်။ ၂၀၀၅ ခုနှစ်တွင် ယင်းဒေသ၌ ရေကြီးရေလျှံမှုများဖြစ်ပွားပြီး မြေပြိုမှုများကြောင့် လူ ၄၀ ကျော်သေဆုံးပြီး ဒါဇင်ပေါင်းများစွာ ပျောက်ဆုံးခဲ့ရသည်။

**ကိုးကား - ဘီဘီစီ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# ဖိလစ်ပိုင်နိုင်ငံ၌ ၁၃၅၇၃ ဦး ရောဂါထပ်မံကူးစက်ခံရ

**မနီလာ ဩဂုတ် ၂၅**
ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၅၇၃ ဦးထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၈၈၃၀၈၈ ဦးရှိလာကြောင်း ဖိလစ်ပိုင် ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၂၂၈ ဦးထပ်မံသေဆုံးခဲ့ရာ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၃၂၄၉၂ ဦး ရှိပြီဖြစ်သည်။

ဩဂုတ် ၂၃ ရက်တွင် နေ့စဉ် ကူးစက်မှုအရေအတွက် ၁၈၃၃၂ ဦး စံချိန်တင်တွေ့ရှိခဲ့သည်။

နိုင်ငံအတွင်း၌ ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုနှုန်း မြင့်တက်လျက်ရှိသည်။ လက်ရှိအချိန်အထိ ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၂၇၃ ဦးရှိပြီး အဆိုပါရောဂါဖြင့်သေဆုံးသူ ၂၆ ဦး ရှိသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၅၈၂၀ ကျန်းမာရေး ပြန်လည်ကောင်းမွန်လာခဲ့သည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၁၇၂၅၂၁၈ ဦးရှိလာပြီဖြစ်သည်။

လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ၁၇ သန်းနီးပါး ရောဂါရှိ၊ မရှိ စစ်ဆေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဘူလ်ဂေးရီးယားနိုင်ငံက ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေကာလ တိုးမြှင့်သတ်မှတ်

**ဆိုဖီယာ ဩဂုတ် ၂၅**
ဘူဂေးရီးယားအစိုးရက နိုင်ငံအတွင်း ချမှတ်ထားသည့် ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေ ကြေညာထားသည့် ကာလကို နိုဝင်ဘာ ၃၀ ရက်အထိ တိုးမြှင့်ခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့သော နိုင်ငံအတွင်း ကပ်ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေကို အချိန်တိုးမြှင့်ခြင်းနှင့် ကပ်ရောဂါထိန်းချုပ်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံအတွင်း ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှု မြင့်တက်လာခြင်းကို တားဆီးနိုင်မည်ဖြစ်ကြောင်း အစိုးရ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

နိုင်ငံအတွင်း အရွယ်ရောက်ပြီးသူ ဦးရေ၏ ၂၀ ဒသမ ၁ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးစီးခဲ့ပြီး ၁၈ ဒသမ ၂ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ အပြည့်ထိုးနှံပြီးဖြစ်သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄၄၅၀၉၇ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၈၅၆၅ ဦးရှိသည်။

နိုင်ငံအတွင်း အမျိုးသားကပ်ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေကို ယမန်နှစ် မေ ၁၄ ရက်က စတင်ကြေညာခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**





# အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၉၉၈၃ ဦး ထပ်မံတွေ့ရှိ

**တီဟီရန် ဩဂုတ် ၂၅**
အီရန်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၉၉၈၃ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၇၉၆၃၇၇ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ပြီးခဲ့သောတစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၆၆၅ ဦးထပ်မံသေဆုံးသဖြင့် နိုင်ငံအတွင်း အဆိုပါရောဂါကြောင့် သေဆုံးသူ ၁၀၄၀၂၂ ဦးရှိလာကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။ ၄၀၂၀၈၄၄ ဦးမှာ ရောဂါမှ ပြန်လည်သက်သာလာသဖြင့် ဆေးရုံများမှ ဆင်းသွားခဲ့ပြီး လက်ရှိအချိန်တွင် အထူးကြပ်မတ်ကုသဆောင်များ၌ ကုသနေသူပေါင်း ၇၇၅၅ ဦးရှိကြောင်း သိရသည်။

ယနေ့အထိ ၁၇၅၇၃၇၈၅ ဦးမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပြီးစီးခဲ့ပြီး ၆၉၀၀၈၃၄ ဦးမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံမှုခံယူပြီးဖြစ်သည်။ အီရန်နိုင်ငံတွင် မကြာသေးမီအချိန်က ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ ပြန်လည်မြင့်တက်လာခဲ့သည်။ အစိုးရအဖွဲ့၏ ပထမဦးစားပေးလုပ်ငန်းမှာ နိုင်ငံအတွင်းဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိန်းချုပ်ရေးနှင့် နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ် မြှင့်တင်ရေးပင်ဖြစ်ကြောင်း အီရန်သမ္မတ အီဘရာဟင်ရိုင်စီက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ဂျပန်နိုင်ငံအစိုးရက ခရိုင်ရှစ်ခုအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေ တိုးမြှင့်ချမှတ်မည်

**တိုကျို ဩဂုတ် ၂၅**
ဂျပန်နိုင်ငံအစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု မြင့်တက်လာမှုကို ထိန်းချုပ်ရန် နိုင်ငံအတွင်းရှိ ခရိုင်ရှစ်ခုအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေ တိုးမြှင့်ချမှတ်မည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ယင်းသို့ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေ တိုးမြှင့်ချမှတ်မည်ဆိုပါက ဂျပန်နိုင်ငံအတွင်း၌ တိုကျိုနှင့် အိုဆာကာအပါအဝင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်သတ်မှတ်သည့် ခရိုင်စုစုပေါင်း ၁၃ ခုရှိသွားမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံအစိုးရသည် ဟော့ကိုင်းဒိုး၊ မီယာဂီ၊ အာချီနှင့် ဟီရိုရှီးမားခရိုင်တို့အပါအဝင် နောက်ထပ် ခရိုင်ရှစ်ခုအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေတိုးမြှင့်ချမှတ်ရန် စီစဉ်ထားကြောင်း သိရသည်။ ယင်းသို့ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေ တိုးမြှင့်ချမှတ်မှု ကြေညာချက်သည် ဩဂုတ် ၂၇ ရက်မှစတင်ကာ စက်တင်ဘာ ၁၂ ရက်အထိ အသက်ဝင်မည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၂၂ဝ ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၃၁၈၃၄၆ ဦးရှိလာကြောင်း၊ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၁ဝ၈၇၁၉၃ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၅၆၆၃ ဦးရှိကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**



# လက်ရှိအချိန်အထိ ကမ္ဘာ့နိုင်ငံများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ငါးဘီလီယံဖြန့်ဝေပြီးဖြစ်

**လန်ဒန် ဩဂုတ် ၂၅**
လက်ရှိအချိန်အထိ ကမ္ဘာ့နိုင်ငံများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ငါးဘီလီယံ ဖြန့်ဝေပြီးဖြစ်ကြောင်း ဗြိတိန်နိုင်ငံ၏ အောက်စ်ဖို့ဒ်တက္ကသိုလ်မှ သုတေသနဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် Our World in Data တွင် ဖော်ပြထားကြောင်း သိရသည်။

ကမ္ဘာ့လူဦးရေ ၃၂ ဒသမ ၇ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ပြီး ၂၄ ဒသမ ၆ ရာခိုင်နှုန်းသည် ကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း အဆိုပါဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ထို့ပြင် ကမ္ဘာ့နိုင်ငံများသို့ တစ်ရက်လျှင် ကာကွယ်ဆေးအလုံးရေ ၃၃ ဒသမ ၅၆ သန်းကို ဖြန့်ချိပေးလျက်ရှိကြောင်း သိရသည်။

သို့သော် အချို့သောနိုင်ငံများ၌ လူဦးရေ ၁ ဒသမ ၄ သန်းခန့်သာ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံမှုခံယူပြီးဖြစ်သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်- အောင်ကျော်ကျော်**




# ဂျပန်နိုင်ငံရှိ လုပ်ငန်းခွင်များ၌ စက်ရုပ်များ အစားထိုးအသုံးပြုရေးဆောင်ရွက်

**တိုကျို ဩဂုတ် ၂၅**
ဂျပန်နိုင်ငံအတွင်း လုပ်ငန်းခွင်များ၌ စက်ရုပ်များ အစားထိုးအသုံးပြုရေးကို အစိုးရက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာပေါ်ရှိ စီးပွားရေးလုပ်ငန်းများတွင် လက်ရှိအချိန်၌ လုပ်သားအင်အား လျော့နည်းလာမှုအပေါ် အံဝင်ခွင်ကျရှိစေရန် ယခုကဲ့သို့စက်ရုပ်များအား လုပ်ငန်းခွင်တွင် အစားထိုးတာဝန်ထမ်းဆောင်စေခြင်းဖြစ်သည်ဟု သိရသည်။



**တင်ပြတောင်းခံသွားမည်**

ကုမ္ပဏီများအနေဖြင့် လုပ်ငန်းခွင်များတွင် ခက်ခဲသော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာဖြင့် တီထွင်ထားသော စက်ရုပ်များကို လိုအပ်လျက်ရှိပြီး ၎င်းနည်းပညာ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဂျပန်နိုင်ငံ စက်မှုဝန်ကြီးဌာနအနေဖြင့် အမေရိကန်ဒေါ်လာ ၁၇ သန်းကို လာမည့်ဘဏ္ဍာနှစ်အတွက် ဘတ်ဂျက်မူကြမ်းအဖြစ် တင်ပြတောင်းခံသွားမည်ဖြစ်ကြောင်း သိရသည်။

စက်ရုပ်များအား လုပ်ငန်းခွင်၌ အဆောက်အအုံများအတွင်း သွားလာခြင်းနှင့် ဓာတ်လှေကား စီးနင်းခြင်းကဲ့သို့သော ဆောင်ရွက်ချက်များကိုလည်း စေခိုင်းခြင်းအပါအဝင် စက်ရုပ်များ၏ ရောက်ရှိနေသောနေရာကို ရှာဖွေနိုင်သည့် နည်းပညာများ ပါဝင်သော အဆင့်မြင့်နည်းပညာသုံး ပစ္စည်းကိရိယာများကိုလည်း ထုတ်လုပ်နိုင်ရန်အတွက် ယခုတင်ပြတောင်းခံထားသော ဘတ်ဂျက်ငွေများထဲမှ ကျခံသုံးစွဲသွားရန် ဆောင်ရွက်လျက်ရှိကြောင်း ဂျပန်နိုင်ငံ စက်မှုဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**

# အိန္ဒိယနိုင်ငံတစ်ဝန်းရှိ ဆရာ ဆရာမများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးရန် အိန္ဒိယကျန်းမာရေးဝန်ကြီး ပြောကြား

**နယူးဒေလီ ဩဂုတ် ၂၅**
အိန္ဒိယနိုင်ငံတစ်ဝန်းရှိ ဆရာ ဆရာမများအားလုံးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးရန် အိန္ဒိယကျန်းမာရေးဝန်ကြီး မန်ဆုခ်မန်ဒါဗီယာက ပြည်နယ် တာဝန်ရှိသူများအား တိုက်တွန်းပြောကြားသည်။

**ကမ္ဘာ့ဆရာများနေ့မတိုင်မီ အပြီးဆောင်ရွက်ရန်**

ပြည်နယ်အားလုံးရှိ ဆရာ ဆရာမများအားလုံး ကာကွယ်ဆေးထိုးနှံမှုကို စက်တင်ဘာ ၅ ရက်တွင် ကျရောက်သည့် အိန္ဒိယနိုင်ငံ၏ဆရာများနေ့မတိုင်မီ အပြီးသတ် ဆောင်ရွက်ရန် ကျန်းမာရေးဝန်ကြီး မန်ဒါဗီယာက ဆိုသည်။

ပြည်နယ်အားလုံးရှိ ဆရာ ဆရာမများအား ထိုးနှံပေးရန် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ သန်း ၂ဝ ကျော်ကို ယခုလအတွင်း ထပ်ဆောင်းဖြန့်ဝေပေးမည်ဖြစ်ကြောင်း မန်ဒါဗီယာက ဆိုသည်။

**ပြန်လည်ပိတ်သိမ်းခဲ့**

နိုင်ငံအတွင်းရှိ စာသင်ကျောင်းများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းများနှင့်အညီ ပြီးခဲ့သော အောက်တိုဘာလအတွင်း ပြန်လည်ဖွင့်လှစ်ရန် ဗဟိုအစိုးရက ခွင့်ပြုခဲ့သည်။ သို့သော် ယခုနှစ်ဧပြီလအတွင်း ဗိုင်းရပ်စ်ကူးစက်မှု ဒုတိယလှိုင်း ပြန်လည်ဖြစ်ပွားခဲ့သည့်အတွက် စာသင်ကျောင်းများကို ပြန်လည်ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# ဗီယက်နမ်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၂ဝဝဝ စံချိန်တင်တွေ့ရှိ

**ဟနွိုင်း ဩဂုတ် ၂၅**
ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂ဝဝဝ ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၃၈၁၃၆၃ ဦးရှိပြီး သေဆုံးသူပေါင်း ၉၃၄၉ ဦးရှိကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ဩဂုတ် ၂၁ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၁၁၃၂၁ ဦး တွေ့ရှိခဲ့ပြီးနောက် ယခုအရေအတွက်သည် နေ့စဉ်ကူးစက်မှု အရေအတွက် စံချိန်တင်အများဆုံး တွေ့ရှိခြင်းဖြစ်သည်။

ရောဂါကူးစက်မှု ထပ်မံတွေ့ရှိသူများအနက် ၁၂ဝ၉၃ ဦးသည် ပြည်တွင်းကူးစက်ခံရသူများ ဖြစ်ပြီး ကျန်သုံးဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။

ထို့ပြင် ယင်းကူးစက်ခံရသူအများစုကို နိုင်ငံ၏ တောင်ဘက်ပိုင်းမှ အများဆုံးစစ်ဆေးတွေ့ရှိရသည်။ ဟိုချီမင်းစီးတီး၌ ၅၂၉၄ ဦး၊ ဘင်ဒေါင်ခရိုင်၌ ၄၁၂၉ ဦးနှင့် ဒွန်နိုင်ခရိုင်၌ ၆၁၈ ဦးတို့ကို အသီးသီး တွေ့ရှိသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၇၆၄၆ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာခဲ့သည့်အတွက် ဆေးရုံများမှ ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၁၆၉၉၂ ဦး ရှိလာသည်။

လက်ရှိအချိန်အထိ ပြည်သူ ၁၈ သန်းကျော်အား ကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**

## ဂျော်ဒန်နိုင်ငံက Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား နိုင်ငံအတွင်း၌ အရေးပေါ်အသုံးပြုရန် အတည်ပြု




**အမ်မန် ဩဂုတ် ၂၅**

ဂျော်ဒန်နိုင်ငံ၌ တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား နိုင်ငံအတွင်း၌ အရေးပေါ်အသုံးပြုရန် ဩဂုတ် ၂၃ ရက်တွင် ဂျော်ဒန်နိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက အတည်ပြုခဲ့ကြောင်း အဆိုပါဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် နီဇာမူဟေဒက်က ပြောကြားသည်။

ဂျော်ဒန်နိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၃ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ရောဂါကူးစက်နိုင်ခြေမြင့်မားသူများနှင့် ကျန်းမာရေးဝန်ထမ်းများအား ဦးစားပေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် ဂျော်ဒန်နိုင်ငံ၌ အရေးပေါ်အသုံးပြုရန် အတည်ပြုခဲ့သည့် ကိုးခုမြောက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဖြစ်ကြောင်းလည်း သိရသည်။

လက်ရှိတွင် ဂျော်ဒန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၇၉၀၄၅၀ ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၀၃၀၈ ဦးရှိကြောင်း ဂျော်ဒန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၆၇၁ ဦးရှိ



**ဂျကာတာ ဩဂုတ် ၂၅**

အင်ဒိုနီးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၆၇၁ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄၀၂၆၈၃၇ ဦးရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၀၄၁ ဦးထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၂၉၂၉၃ ဦး ရှိလာကြောင်း အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ် ၂၅ ရက်တွင် ပြောကြားသည်။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၃၃၇၀၃ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၃၆၃၉၈၆၇ ဦးရှိလာကြောင်း အဆိုပါ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကြေညာချက်တစ်စောင်ထုတ်ပြန်**

အင်ဒိုနီးရှားနိုင်ငံ၌ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံပြီးသူ ၃၃ ဒသမ ၀၉ သန်းရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအနည်းဆုံးတစ်ကြိမ် ထိုးနှံပြီးသူ ၅၉ ဒသမ ၀၁ သန်းရှိကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန်အတွက် ရုရှားနိုင်ငံထုတ် Sputnik-V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန် အတည်ပြုခဲ့ကြောင်းလည်း အင်ဒိုနီးရှားနိုင်ငံ၏ အမျိုးသားဆေးဝါးနှင့် အစားအသောက်ထိန်းချုပ်ရေးဆိုင်ရာအေဂျင်စီက ဩဂုတ် ၂၅ ရက်တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ဇန်နဝါရီလနောက်ပိုင်းမှစတင်ကာ နိုင်ငံအတွင်း၌ အရေးပေါ်အသုံးပြုရန် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးခုနစ်မျိုးဖြစ်သည့် Sinovac၊ BioFarma၊ Sinopharm၊ AstraZeneca၊ Moderna၊ Pfizer နှင့် Sputnik-V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို အတည်ပြုပေးခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

■

## ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၆ ဒသမ ၈ သန်းကျော်ရှိလာ

**မော်စကို ဩဂုတ် ၂၅**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၅၃၆ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၆၈၀၄၉၁၀ ရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ဩဂုတ် ၂၅ ရက်တွင် ပြောကြားသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၈၀၉ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၇၈၄၂၃ ဦးရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၉၆၅၄ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၆၀၇၃၁၅၇ ဦးရှိလာကြောင်း သိရသည်။

မြို့တော်မော်စကို၌လည်း လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၀၂ ဦးရှိခြင်းကြောင့် မြို့တော်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၅၅၈၇၈၉ ဦးရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ မီဒီယာများ၏ထုတ်ပြန်ချက်အရ ရုရှားနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံပြီးသူ ၃၅ ဒသမ ၂ သန်းကျော်ရှိသွားပြီဖြစ်ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
| --- | --- | --- |
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၁၄၁၉၂၉၃၈ | ဦး |
| သေဆုံးသူ | ၄၄၆၉၃၆၀ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၉၁၆၇၇၃၅၂ | ဦး |

## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၆၄၂ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ ဩဂုတ် ၂၅**

မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၂၆၄၂ ဦးကို ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၆၁၆၂၄၄ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ယခုရောဂါထပ်မံကူးစက်ခံရသူများအနက် ငါးဦးမှာ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ၂၂၆၃၇ ဦးမှာ ပြည်တွင်းတွင် ရောဂါကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် နေဘဟီရှန် အဗ္ဗဒူလာက သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါကြောင့် ၂၆၅ ဦး ထပ်မံသေဆုံးသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၄၈၁၈ ဦးရှိလာသည်။ ထို့ပြင် ၂၀၇၉၈ ဦးမှာ ရောဂါမှ ပြန်လည်သက်သာလာသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၃၃၇၁၃၄ ဦးရှိလာကြောင်း သိရသည်။

ဆေးရုံများရှိ အထူးကြပ်မတ်ကုသဆောင်များ၌ ကုသနေသူပေါင်း ၁၀၀၃ ဦးရှိသည့်အနက် ၄၉၀ မှာ အသက်ရှူအထောက်အကူပြု ကိရိယာလိုအပ်လျက်ရှိကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## မွန်ဂိုလီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၄၃၃ ဦး ထပ်မံတွေ့ရှိ

**အူလန်ဘာတာ ဩဂုတ် ၂၅**

မွန်ဂိုလီးယားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၄၃၃ ဦးကို ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၉၉၂၇၄ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါကြောင့် ခြောက်ဦး ထပ်မံသေဆုံးသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၉၁၃ ဦးရှိလာကြောင်း အဆိုပါ ဝန်ကြီးဌာနမှ ပြောကြားသည်။ နိုင်ငံအတွင်း လက်ရှိအချိန်၌ ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်နေသဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးမထိုးနှံရသေးသည့်သူများ၊ အသက် ၁၂ နှစ်အောက်ကလေးငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ရောဂါအခံရှိသူများအား ပြင်ပသို့ထွက်ခွာခြင်းမပြုဘဲ မိမိတို့နေအိမ်များတွင်သာနေထိုင်ကြရန် အဆိုပါ ဝန်ကြီးဌာနက သတိပေးခဲ့သည်။ ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်မှုများအား မြို့တော်အူလန်ဘာတာနှင့် အနည်းဆုံး ပြည်နယ် ကိုးခုတွင် တွေ့ရှိသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းကို ဖေဖော်ဝါရီလနှောင်းပိုင်း၌ စတင်ဆောင်ရွက်ခဲ့ပြီး လူဦးရေ၏ ၆၃ ဒသမ ၅ ရာခိုင်နှုန်းမှာ လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံပြီးဖြစ်ကာ ၃ ဒသမ ၃ သန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ရည်မှန်းချက်ထားရှိကြောင်း သိရသည်။ ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်သည် ကမ္ဘာပေါ်တွင် ကူးစက်မှုအများဆုံး ဗိုင်းရပ်စ်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# တီးတိန်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်၌ လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို CDF အကြမ်းဖက်သောင်းကျန်းသူများက ပစ်ခတ်တိုက်ခိုက်ကာ ဘဏ်အတွင်းရှိ ငွေများ လုယက်ယူဆောင်


မြန်မာ့စီးပွားရေးဘဏ်



သိမ်းဆည်းရမိသည့် ကျည်ခွံ

**နေပြည်တော် ဩဂုတ် ၂၅**
ချင်းပြည်နယ် တီးတိန်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်၌ လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို CDFအကြမ်းဖက်သောင်းကျန်းသူများက အလစ်အငိုက် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် သုံးဦး ကျဆုံးကာ ၎င်းတို့ကိုင်ဆောင်သော လက်နက်ငယ်အချို့နှင့် ဘဏ်အတွင်းရှိ ငွေများ လုယက်ယူဆောင်သွားကြောင်း သိရသည်။

**အနီးကပ်ပစ်ခတ်**

ဖြစ်စဉ်မှာ ယနေ့တွင် တီးတိန်မြို့ မြို့မရပ်ကွက်ရှိ မြန်မာ့စီးပွားရေးဘဏ်၌ လုံခြုံရေးတပ်ဖွဲ့ဝင် သုံးဦး ဘဏ်လုံခြုံရေးဆောင်ရွက်နေစဉ် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် CDF အကြမ်းဖက်သောင်းကျန်းသူများက ဘဏ်တွင် ငွေလာရောက်ထုတ်ယူသည့် သာမန်ငွေထုတ်သူအသွင်ဖြင့် ရောက်ရှိလာပြီး လုံခြုံရေး တပ်ဖွဲ့ဝင်များအနီး ချဉ်းကပ်ကာ ပစ္စတိုသေနတ်များဖြင့် အနီးကပ် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် သုံးဦးသည် ကျည်ထိမှန် ဒဏ်ရာများ ရရှိကာ အခင်းဖြစ်နေရာတွင် ကျဆုံးခဲ့သည်။

**လုယက်ယူဆောင်**

ထို့နောက် အကြမ်းဖက်သောင်းကျန်းသူများသည် သေနတ်များ ပစ်ဖောက်၍ အသံပေးခြောက်လှန့်ကာ ဘဏ်အတွင်းသို့ ဝင်ရောက်ပြီး ဘဏ်အတွင်းရှိ ရုံးလုပ်ငန်းသုံး ပစ္စည်းများကို ရိုက်ခွဲဖျက်ဆီးကာ ကွန်ပျူတာနှင့် စီစီတီဗီများ သေနတ်ဖြင့် ပစ်ခတ်ဖျက်ဆီး၍ ဘဏ်ငွေထုတ်ကောင်တာရှိ အများပြည်သူများနှင့် ပင်စင်စားမိဘပြည်သူများကို ငွေထုတ်ပေးရန် အသင့်ပြင်ဆင်ထားရှိသည့် နိုင်ငံတော်ပိုင်ငွေကျပ် ၃၈၈ သိန်းကျော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ကိုင်ဆောင်သည့် လက်နက်ငယ်အချို့အား လုယက်ယူဆောင်ကာ ဘဏ်အတွင်းမှ ပြန်လည် ထွက်ပြေးသွားခဲ့သည်။

ထိုကဲ့သို့ လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်ကာ ဘဏ်အတွင်းရှိ နိုင်ငံတော်ပိုင်ငွေများ လုယက်ယူဆောင်သွားသည့် CDF အကြမ်းဖက်သောင်းကျန်းသူများကို ဖမ်းဆီးရမိနိုင်ရေး လိုအပ်သောပိတ်ဆို့ရှာဖွေ စစ်ဆေးခြင်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကလေးမြို့နယ်၌ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက နေအိမ်အတွင်း ဖျက်ဆီးဝင်ရောက်ကာ အိမ်သားများကို အကြမ်းဖက်တိုက်ခိုက်၍ ရွှေထည်ပစ္စည်းများ လုယက်

**နေပြည်တော် ဩဂုတ် ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ လက်နက်ကိုင်အကြမ်းဖက် သောင်းကျန်းသူများက နေအိမ်အတွင်းသို့ ဖျက်ဆီးဝင်ရောက်ကာ အိမ်အတွင်း အိပ်ပျော်နေသည့် အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို ဓားဖြင့်ထိုးကာ အမျိုးသမီး ဝတ်ဆင်ထားသော ရွှေလက်ကောက် ငါးကွင်း လုယက်ယူဆောင်သွားကြောင်း သိရသည်။

**တူမီးသေနတ် ကိုယ်စီဖြင့်**

ဖြစ်စဉ်မှာ ဩဂုတ် ၂၄ ရက် ည ၁၁ နာရီခွဲတွင် ကလေးမြို့ အောင်သစ္စာ ရပ်ကွက်နေ ဦးကံမြင့်သည် မိသားစုနှင့်အတူ နေအိမ်၌ အိပ်ပျော်နေစဉ် နေအိမ်ရှေ့ခြံဝင်းတံခါး အပြင်ဘက်မှ အကြမ်းဖက်သူ အမျိုးသား ခုနစ်ဦးက ခြံဝင်းတံခါး ဖွင့်ပေးရန် အော်ဟစ်နေသဖြင့် ဦးကံမြင့်နှင့် ၎င်း၏သားဖြစ်သူ မောင်အောင်ချမ်းငြိမ်းတို့နှစ်ဦးက သွားရောက်ကြည့်ရှုချိန်တွင် အဆိုပါအမျိုးသား ခုနစ်ဦးအနက် အကြမ်းဖက်သူ အမျိုးသားသုံးဦးမှာ တူမီးသေနတ်များ ကိုယ်စီဖြင့် ခြံဝင်းတံခါးအား ကျော်တက် ဝင်ရောက်လာကာ နေအိမ်တံခါး ထပ်မံဖျက်ဆီးနေသည်ကို တွေ့မြင်ရသဖြင့် ဦးကံမြင့်သည် ၎င်း၏သားဖြစ်သူ မောင်အောင်ချမ်းငြိမ်းကို ခေါ်ဆောင်ကာ အသက်အန္တရာယ် စိုးရိမ်ရသဖြင့် နေအိမ်အတွင်း အိပ်ပျော်နေသည့် ကျန်မိသားစုဝင်များအား နှိုးယူနိုင်ခြင်းမရှိဘဲ နေအိမ်အနောက်ဘက် ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ရသည်။

**လုယက်ယူဆောင်**

ထို့နောက် အကြမ်းဖက်သောင်းကျန်းသူများသည် နေအိမ်တံခါး ဖျက်ဆီး၍ အိမ်အတွင်း ဝင်ရောက်လာပြီး နေအိမ်ရှေ့ခန်း၌ အိပ်ပျော်နေသည့် ဦးကံမြင့်၏ သားဖြစ်သူ မောင်ကျော်ခိုင်ဝင်းနှင့် နေအိမ်အိပ်ခန်းအတွင်း အိပ်ပျော်နေသည့် ဦးကံမြင့်၏ ဇနီးဖြစ်သူ ဒေါ်မြမြသန်းတို့ကို ဓားများဖြင့် ထိုးကာ အော်ဟစ်ပြောဆို ခြိမ်းခြောက်ပြီး ဒေါ်မြမြသန်း ဝတ်ဆင်ထားသည့် ရွှေလက်ကောက် ငါးကွင်းကို အဓမ္မဆွဲချွတ် လုယက်ယူဆောင်ကာ နေအိမ်မှ ပြန်လည်ထွက်ခွာသွားခဲ့သည်။



(ဝဲမှယာ) ဒေါ်မြမြသိန်း၊ မောင်ကျော်ခိုင်ဝင်း(ဒဏ်ရာရ)

**စုံစမ်းဖော်ထုတ်လျက်ရှိ**

ထိုကဲ့သို့ အကြမ်းဖက်သူများ၏ ဓားဖြင့် ထိုးနှက်တိုက်ခိုက်ခဲ့မှုကြောင့် မောင်ကျော်ခိုင်ဝင်း၏ လည်ပင်းနှင့် ဝမ်းဗိုက်တို့တွင် လည်းကောင်း၊ ဒေါ်မြမြသန်း၏ ဝမ်းဗိုက်တွင်လည်းကောင်း ထိုးသွင်းဒဏ်ရာများ ရရှိခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသ ပေးလျက်ရှိပြီး အကြမ်းဖက် လုယက်မှုကျူးလွန်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၅**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၂၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၆ စီး၊ သွင်းကုန် ၁၂ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၉၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၄ ရက်တွင် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် သုည ဒသမ ၃၅၀ သန်း တန်ဖိုးရှိ) တရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ Lactasoy Soy Milk (125 mlx60) (50 Pkgs) အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၈-၂၀၂၁ ကြာသပတေးနေ့

### MRTV HD

| | | | |
|---|---|---|---|
| ၀၆:၀၀ | မေတ္တာသုတ်၊ ရတနသုတ်၊ မောရွှက်သုတ် အန္တရာယ်ကင်းပရိတ်တရားတော် | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၈:၂၅ | ခေတ်အလိုက်ကြေးမုံပြင် 'ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် ပြခန်း' (အမျိုးသားပြတိုက်) |
| ၀၈:၃၅ | ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ | ၁၉:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားငေါ်ဆောင်ရာ' (အပိုင်း-၅၃) |
| ၁၀:၀၀ | သတင်းထဲကသတင်း | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၁:၄၀ | ပြည်သူ့နီတိ 'စိတ်' | ၂၁:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အိမ်ထောင်ရေးပညတ်ချက်များ' (အပိုင်း-၂၀) |
| ၁၃:၃၀ | MRTV National News | ၂၂:၁၀ | ပြည်သူ့နီတိ 'ငွေခံထိုက်ငဝ' |
| ၁၅:၀၀ | Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ပထဝီဝင်ဘာသာရပ်' | | |
| ၁၇:၀၅ | မျက်မှောက်ရေးရာအပြာပြာ | | |
| ၁၇:၂၅ | Soccer View | | |
| ၁၇:၄၀ | လူမှုစီးပွားမြင်ကွင်းများ | | |

### mitv

| | |
|---|---|
| 07:01 | News |
| 07:27 | Ecotourism: Shwebo & Hanlin (Ancient Pyu City) |
| 07:41 | Myanmar Betels |
| 08:00 | Sons of the Lake |
| 08:23 | Myanmar Puppeteers (Duet Dance) |
| 08:33 | Yoga & Health |
| 08:53 | Sticky Shan Snack |
| 09:01 | Impressionist Myanmar Master Artist - U Lun Gywe |
| 09:18 | Myanmar Childhood Games (Episode-3) |
| 09:28 | Myanmar Handicrafts |
| 10:01 | Pan Tamawt... Stone Carving |
| 10:28 | Bamboo Fashion in Style |
| 10:39 | Myanmar Masterclass: Artist Hla Phone Aung |
| 11:26 | Myanmar's Entrepreneurs: Soe Moe Aung |

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာ့ကယားရိုးရာအိမ်ကလေး

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဂွန္တဝင်ဆန်တဲ့အချစ်(အပိုင်း-၃)(ဇာတ်လမ်း)

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ကရင်ငါးဆုပ်ဆန်လှော်ဟင်းနှင့်ဆန်လှော်ကြော်

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၂)

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
နှလုံးသားထဲက ထာဝရဂိဒ်ရေကန်

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင် (အပိုင်း-၂)

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
သားရေကွင်းပြုလုပ်ပုံအဆင့်ဆင့်

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
လခြမ်းမြေမှရိုးရာအလှ(အပိုင်း-၂)

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
မျိုးဆက်ပွားကျန်းမာရေး

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဝက်သားချဉ်ပြုလုပ်နည်း

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ချဉ်ပြုလုပ်နည်း

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက် သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၇) |
| ၁၁:၀၀ | ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'တံစိုးလက်ဆောင်ရယူခြင်း' |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၇) |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel MRTV FARMERS ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# အောက်ဆီဂျင်အိုးများနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ဆက်လက်ဖြန့်ဝေလှူဒါန်း



**နေပြည်တော် ဩဂုတ် ၂၅**

တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ပရဟိတအသင်းများသို့ အောက်ဆီဂျင်အိုးရှစ်လုံးကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးသို့ မိဘဂုဏ် အောက်ဆီဂျင်စက်ရုံမှ ထုတ်လုပ်သည့် အောက်ဆီဂျင်အိုး ၁၀၅ လုံးကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုး ၂၀ ကိုလည်းကောင်း တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုကူညီရေးအဖွဲ့အစည်းများက သွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ထို့ပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ စံလင်းဖြိုးကုမ္ပဏီမှ ပြည်သူ့ဆေးရုံ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် ပရဟိတအဖွဲ့များသို့ လှူဒါန်းရန်အတွက် တရုတ်နိုင်ငံမှ မှာယူထားသော Oxygen Plant တစ်စုံနှင့် အောက်ဆီဂျင်အိုး ၅၁၀ ရောက်ရှိနေမှုကို သက်ဆိုင်ရာတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်း တပ်မတော်အရာရှိဟန်ဆောင်ကာ စီးပွားရေးလုပ်ငန်းရှင်များထံမှ ငွေကြေးကောက်ခံရယူသူကို ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၅**

NUG၊ CRPH အဖွဲ့တို့ကို ထောက်ခံအားပေးသည့် အကြမ်းဖက်သူများအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို ပျက်ပြားစေရန် အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ပုံရိပ် ပျက်ပြားစေရန် နည်းမျိုးစုံအသုံးပြုကာ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၃ ရက် နံနက်ပိုင်းတွင် တပ်မတော်အရာရှိတစ်ဦးအဖြစ် ဟန်ဆောင်ကာ မန္တလေးမြို့ပေါ်ရှိ စီးပွားရေးလုပ်ငန်းရှင်များထံမှ ငွေကြေးများအကြောင်းအမျိုးမျိုးပြကာ တောင်းခံနေကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသွင်ယူစောင့်ဆိုင်းကာ ချမ်းအေးသာစံမြို့နယ် ၃၃ လမ်း ၈၅ လမ်းနှင့် ၈၆ လမ်းကြားတွင် ထက်ဝေဖြိုး (ခ)ကိုထက် (၃၀)နှစ် (ဘ)ဦးစိုးဝင်း ၈၆ လမ်း ၄၂ လမ်းထောင့် သံလျက်မှော် အနောက်ရပ်ကွက် မဟာအောင်မြေမြို့နယ်နေသူအား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ၏ ထွက်ဆိုချက်များအရ ဖေဖော်ဝါရီလလယ်ခန့်မှစ၍ တပ်မ(၉၉)မှ ဗိုလ်မှူးဇော်လင်းထွန်းဟု အမည်နာမသုံးကာ မဟာအောင်မြေမြို့နယ် “အောင်မိတ်ဆက်” ဆန်ဆိုင်၊ “ရွှေထိုက်” ဆန်ဆိုင်၊ “ချမ်းချမ်း”ကုန်စုံဆိုင်၊ “ဖိုးလုံး”ဆိုင်ကယ်ရောင်းဝယ်ရေးဆိုင်၊ “ရွှေသီး” ကုန်မာဆိုင်၊ “စိန်ဝင်းဝင်း”လက်ဖက်ရည်ဆိုင်၊ “မိုးမိုးကျော်” သကြားဆိုင်တို့အား လည်းကောင်း၊ ချမ်းအေးသာစံမြို့နယ် “တျန်တင်”စတိုးဆိုင်၊ “ငွေလမင်း”ဆန်ဆိုင်နှင့် “ဂြိုလ်တု”စိုက်ပျိုးရေးပစ္စည်း အရောင်းဆိုင်တို့ကို လည်းကောင်း လိမ်လည်၍ ငွေတောင်းခံခဲ့ကြောင်း သိရသည်။

ယခုနောက်ဆုံးအကြိမ်တွင် ချမ်းအေးသာစံမြို့နယ်ရှိ “ရွှေပြည်မိုး”စိုက်ပျိုးရေးပစ္စည်းအရောင်းဆိုင်ကို ဩဂုတ် ၂၂ ရက် ညနေပိုင်းက ဖုန်းဖြင့်ဆက်သွယ်ကာ ခြိမ်းခြောက်၍ ငွေကြေးတောင်းခံခဲ့ပြီး အဆိုပါငွေများကို သွားရောက်ယူဆောင်စဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခံရခြင်းဖြစ်ကြောင်းနှင့် ငွေကြေးလိမ်လည်ကောက်ခံမှုများတွင် စုစုပေါင်း ငွေကျပ်သိန်း ၁၁၀ ခန့်ရရှိခဲ့ပြီး အဆိုပါငွေများအား လောင်းကစားပြုလုပ်ရာတွင် အသုံးပြုခဲ့ကြောင်း သိရသည်။

အထက်ပါဖမ်းဆီးရမိသူကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# သနပ်ပင်မြို့နယ် အောက်စုသဘာဝရေပြင်အတွင်းသို့ ငါးမျိုးများစိုက်ထည့်

**သနပ်ပင် ဩဂုတ် ၂၅**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အောက်စုပိုင်းရပ်ကွက် အောက်စုသဘာဝရေပြင်အတွင်းသို့ ငါးမျိုးများစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများက နှစ်လက်မအရွယ် ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၁ ဒသမ ၅ သိန်းနှင့် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၁ ဒသမ ၃ သိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၂ ဒသမ ၈ သိန်းအား ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မူဆယ်နှင့် ပင်လောင်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၅**

မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၄ ရက် နံနက် ၁၁ နာရီခွဲတွင် မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက် အိမ်အမှတ်(၂၄၈)နေ မဆိုင်းနန် (ခ) အားပျော့၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်စတိုခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၊ ဘိန်းဖြူသုည ဒသမ ၀၆ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁ နာရီခွဲတွင် မူဆယ်မြို့ စွမ်စော်ရပ်ကွက် စွမ်စော်(၁)လမ်း၌ လှမြင့်(ခ)ရန်ချောင်မြင့် မောင်းနှင်လာသည့် သုံးဘီးဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူသုည ဒသမ ၂၂ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ မွန်းလွဲ ၁ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် မူဆယ်-နမ့်ခမ်းသွား ကားလမ်း နောင်မိုကျေးရွာအနီး၌ မကျန်းယုံကျီး မောင်းနှင်လာသည့် ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ ကိုလည်းကောင်း၊ ဩဂုတ် ၂၄ ရက် မွန်းတည့် ၁၂ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ပင်လောင်း-နေပြည်တော်သွား ကားလမ်း လိန်းလီကြိုးတံတား အနီး၌ မျိုးမင်းဦး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၄၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



မဆိုင်းနန် (ခ)အားပျော့၊ လှမြင့်(ခ)ရန်ချောင်မြင့်၊ မကျန်းယုံကျီးတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# အမရပူရမြို့နယ် ဒုဋ္ဌဝတီမြစ်အတွင်း ငါးမျိုးများစိုက်ထည့်

**အမရပူရ ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အိုးတုတ္တာန်းဆိပ်ကမ်းအနီး ဒုဋ္ဌဝတီမြစ်အတွင်းသို့ ကူမဲငါးလုပ်ငန်းစခန်းနှင့် နတ်ရေကန်ငါးလုပ်ငန်းစခန်းတို့မှ နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၇ ဒသမ ၅ သိန်းနှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ ၁ ဒသမ ၅ သိန်းအား ဩဂုတ် ၂၄ နံနက် ၈ နာရီတွင် ငါးမျိုးစိုက်ထည့်ခဲ့သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားတွင် မန္တလေးခရိုင်ငါးလုပ်ငန်းဦးစီးဌာန ခရိုင်တာဝန်ခံနှင့် တာဝန်ရှိသူများက ငါးမျိုးများစိုက်ထည့်ခဲ့သည်။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငါးလုပ်ငန်းစခန်းလေးခုမှ ၂၀၂၀-၂၀၂၁ ခုနှစ် ငါးမျိုးစိုက်ထည့်ခြင်း စုစုပေါင်း လျာထားချက်မှာ သိန်း ၂၄၀ ဖြစ်ပြီး ကူမဲငါးလုပ်ငန်းစခန်းအနေဖြင့် နှစ်လက်မအရွယ် ငါးမျိုးစိုက်ထည့်လျာထားချက် သိန်း ၆၀ ပြည့်ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွှန်ချမ်းသာ


# သဘာဝမုန်တိုင်းဘေးအန္တရာယ်ကို ဘယ်လိုကာကွယ်မလဲ

ဒေါက်တာမောင်ကျော်၊ ပါမောက္ခချုပ်(ငြိမ်း)



(ယမန့်နေ့မှအဆက်)

ကျွန်တော့် ဆွေးနွေးချက်မှာ ဧပြီလ၊ မေလဟု သီးသန့်မခွဲခြားတော့ဘဲ မိုးဦးကာလမှာ ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းစတင်ဖြစ်ပေါ်လေ့ရှိရာ နှစ်ပေါင်း ၁၂၂ နှစ်အတွင်း မုန်တိုင်းပေါင်း ၁၂၄ ကြိမ်ရှိခဲ့ပါတယ်။ နှစ်စဉ် မုန်တိုင်းဖြစ်တဲ့သဘော တွေ့ရပါတယ်။ အဲဒီအနက် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် ရခိုင်ကမ်းရိုးတန်းနဲ့ မြန်မာနိုင်ငံတွင်း ကမ်းရိုးတန်းဖြတ်ကျော်ဝင်ရောက်တိုက်ခတ်ခဲ့တဲ့ မုန်တိုင်းပေါင်း ၅၉ ကြိမ်ရှိခဲ့ပါတယ်။ ဒါကြောင့် မုန်တိုင်းဖြစ်တိုင်းဖြစ်တိုင်း ရခိုင်ကမ်းရိုးတန်းနဲ့ မြန်မာနိုင်ငံတွင်း ဝင်ရောက်ခဲ့တဲ့အခြေအနေဟာ ၄၈ ရာခိုင်နှုန်းခန့်ရှိတယ်လို့ အဓိပ္ပာယ်ပေါ်ပါတယ်။ ဒါက စာရင်းဇယား (Statistics) သဘော၊ သင်္ချာသဘောတရားဖြစ်ပါတယ်။ ဒီလိုဖြစ်နိုင်ခြေရှိတယ်ဆိုတာ မှန်လေ့ရှိတယ်လို့ ပြောတာဖြစ်ပါတယ်။ ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းကြီး၊ လတ်ပေါ်လာပြီဆိုရင် ဒီသင်္ချာသဘောအရ မြန်မာ့ကမ်းရိုးတန်း၊ မြန်မာနိုင်ငံဘက် ဝင်ဖို့ရာ ၄၈ – ၅၀ ရာခိုင်နှုန်း သေချာတယ်လို့ ပြောရပါလိမ့်မယ်။ ဒီလိုဆိုရင် ကျန်တဲ့ ၅၀ ရာခိုင်နှုန်း အိန္ဒိယနိုင်ငံ အရှေ့ဘက်ကမ်းခြေနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်း ဝင်မယ်ဆိုတဲ့အဓိပ္ပာယ်ဖြစ်ပါတယ်။




အထောက်အထား မှတ်တမ်းတွေ အများအပြားအနက် ၁၉၇၀ ပြည့်နှစ် နိုဝင်ဘာလ ၁၂ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံကို အကြီးအကျယ်ဒုက္ခပေးခဲ့တဲ့ ဘိုလာဆိုင်ကလုန်းမုန်တိုင်းနဲ့ ၂၀၀၈ ခုနှစ် မေလ ၂-၃ ရက်နေ့က ဧရာဝတီတိုင်းနဲ့ ရန်ကုန်တိုင်းတွေကို အကြီးအကျယ်ဒုက္ခပေးခဲ့တဲ့ အဆင့် (၄) ဆိုင်ကလုန်း နာဂစ်တို့ဟာ အထင်ကရ အထောက်အထားတွေပဲ ဖြစ်ပါတယ်။

၁၉၇၀ ပြည့်နှစ် နိုဝင်ဘာ ၁၂ ရက်နေ့က ဘင်္ဂလားဒေ့ရှ်ကို ဝင်ရောက်မွှေပြီး လူပေါင်းသိန်းချီကာ သေဆုံးခဲ့ပါတယ်။ အသက်အိုးအိမ်စည်းစိမ်တွေ ကြီးမားစွာဆုံးရှုံးခဲ့သော်လည်း လူတိုင်းဟာ ကိုယ်နဲ့မဆိုင်သလို တွေးမိခဲ့ကြပါလိမ့်မယ်။ ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလထဲမှာ ကျွန်တော်တို့ ဆရာနဲ့ကျောင်းသားတွေနဲ့ လူကြီးတွေဟာလည်း ရန်ကုန်တက္ကသိုလ် ရွှေရတုသဘင်ကို မိုးတဖွဲဖွဲအောက်မှာ ချမ်းစိမ့်ပြီး ကျင်းပခဲ့တာကို ကျွန်တော်သတိထားမိပါတယ်။ ပြန်တွေးကြည့်မိတော့ ဘိုလာဆိုင်ကလုန်းမုန်တိုင်းဟာ ဘယ်လောက်ပြင်းသလဲဆိုရင် ရန်ကုန်တိုင်းကို အဖျားခတ်တဲ့ပုံရှိပါတယ်။

အဆင့်(၄) ဆိုင်ကလုန်းနာဂစ်ကြောင့် လူပေါင်းတစ်သိန်းကျော် သေဆုံးခဲ့ရတဲ့အပြင် လူမှုစီးပွားဘဝနဲ့ ပတ်ဝန်းကျင်ဂေဟစနစ်ပါ ပျက်စီးဆုံးရှုံးမှုတွေဟာ မြန်မာ့သဘာဝဘေးအန္တရာယ်သမိုင်းမှာ မှတ်တမ်းတင်ကျန်ခဲ့ပါတယ်။

နာဂစ်မုန်တိုင်းအပြီး နှစ်နှစ်အကြာမှာ ဆောင်းပါးရှင် ချစ်ကျော် (မိုးဇလ)ဟာ ကြေးမုံသတင်းစာမှာ မုန်တိုင်းဆိုင်ရာ အခြေခံသိပ္ပံသဘောတရားတွေကို ဒီလိုရေးထားတာ တွေ့ရပြန်ပါတယ်။

❖ မုန်တိုင်းပေါ်လာဖို့ ပင်လယ်ရေမျက်နှာပြင် အပူချိန်ဟာ ၂၆.၅ °C ထက် မြင့်ရတယ်။

❖ ပင်လယ်ရေမျက်နှာပြင် အထက် ရေခိုးရေငွေ့တွေ လေတိမ်တိုက်ဖြစ်ထွန်းမှုအားကောင်းလေ မုန်တိုင်းဖြစ်နိုင်ခြေများလေပါပဲဆိုတဲ့အချက်။

❖ ရေပြင် လေတိုက်မှုပုံသဏ္ဍာန်၊ ကောင်းကင်အမြင့်ပေ လေးသောင်းမှာရှိတဲ့ လေတိုက်မှုပုံသဏ္ဍာန်တွေပေါ်မှာလည်း မုန်တိုင်းဖြစ်နိုင်ခြေဟာ မူတည်ပါတယ်။

ထို့အပြင် မုန်တိုင်းပြင်းထန်မှုအခြေအနေကို အရောင်များခွဲခြားကာ ကမ်းခြေနေပြည်သူတွေ၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းတွေမှာရှိတဲ့ ပြည်သူတွေကို သတိပေးပုံတွေကိုလည်း ဖတ်ရှုရပါတယ်။

❖ ဥပမာ ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသည့်မုန်တိုင်းကို လိမ္မော်ရောင်လို့ သတ်မှတ်ရင် ကမ်းခြေသို့ ၄၈ နာရီအတွင်း ဝင်ရောက်လာလိမ့်မယ်။

❖ အနီရောင်လို့ သတ်မှတ်ရင် ကမ်းခြေသို့ ၁၂ နာရီအတွင်း ဝင်ရောက်ဖြတ်ကျော်လိမ့်မယ်ဆိုတဲ့ သတိပေးချက်တွေဟာ ဘေးလွတ်ကင်းရာရောက်ဖို့ လွန်စွာတန်ဖိုးရှိလှပါတယ်။

လေပြင်းမုန်တိုင်းဆိုသည်မှာ နှစ်စဉ်နှစ်တိုင်း မိုးဦးကျတွင် ဝင်ရောက်တယ်ဆိုတဲ့ အစဉ်အလာ ဟာ အထူးအဆန်းမဟုတ်သလိုပါပဲ။ ဒီလို မုတ်သုံလေနဲ့ မုန်တိုင်းတွေကြောင့် မြန်မာနိုင်ငံတစ်ဝန်းမှာ ဆန်ရေစပါး စိုက်ပျိုးနိုင်ခြင်းဖြစ်ပါတယ်။ ဆောင်းပါးရှင်နှစ်ဦး ရေးသားဖော်ပြတဲ့ အထောက်အထား တွေအရ ကောက်ချက်ချရရင်

❖ ပြင်းထန်တဲ့မုန်တိုင်းတွေဟာ လေးနှစ် – ရှစ်နှစ် တစ်ကြိမ် ကြုံရတတ်တယ်ဆိုတဲ့အချက်ကို သတိပြုရပါလိမ့်မယ်။

၁၉၇၀ ပြည့်နှစ်တွင် ဘင်္ဂလားဒေ့ရှ် ဘိုလာမုန်တိုင်းနဲ့ ၂၀၀၈ ခုနှစ် မြန်မာနိုင်ငံ နာဂစ်မုန်တိုင်းတွေဟာ ဘင်္ဂလားဒေ့ရှ်ကိုလည်းကောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းကိုလည်းကောင်း လွန်စွာကြီးမားတဲ့ဒုက္ခကို ပေးခဲ့ကြောင်းသိခဲ့ရပြီ။ **မုန်တိုင်းဆိုသည်မှာ အစိုးမရ၊ အလားတူ မုန်တိုင်းမျိုး မေလတွင်လည်းကောင်း၊ အောက်တိုဘာ၊ နိုဝင်ဘာတွင်လည်းကောင်း ဝင်လာမှာကို စိုးရိမ်ခြင်းဖြစ်ပါတယ်။** ရာသီဥတု ပုံမှန်သဘာဝအရဆိုရင် မိုးနှောင်းမုန်တိုင်းတွေဟာ မြန်မာနိုင်ငံအတွက် အန္တရာယ်ကြီးမားစွာမပြုနိုင်ဟု ဆက်စပ်ပြောဆိုခြင်းဖြစ်ပါတယ်။

ရာသီဥတုပြောင်းလဲခြင်း၊ မုန်တိုင်းကြီး၊ ငယ်ဖြစ်ပေါ်ခြင်း၊ မြေဆီလွှာခန်းခြောက်ခြင်း၊ သဲမုန်တိုင်းတိုက်ခြင်း၊ ရေလွှမ်းရေကြီးခြင်းတွေရဲ့ နောက်ခံအကြောင်းတရားကဘာလဲလို့မေးရင် သိပ္ပံပညာရှင်အပေါင်းက ကမ္ဘာကြီးပူနွေးလို့ပဲဆိုပြီး ထောက်ပြကြပါတယ်။ ကမ္ဘာကြီး ပူနွေးရတဲ့အကြောင်းရင်းက ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကြောင့်ပဲ၊ ပင်လယ်ရေမျက်နှာပြင်အထက် ရေခိုးရေငွေ့ဓာတ်များလာခြင်းစတဲ့ အဓိကအကြောင်းတရားတွေကြောင့် မုန်တိုင်းကြီး၊ငယ် ဖြစ်ပေါ်လာပါတယ်။





နှစ်ပေါင်း ၁၆၀ အတွင်း ကမ္ဘာ့ပျမ်းမျှအပူချိန်ကို သိပ္ပံနည်းကျတိုင်းတာတဲ့ မှတ်တမ်းတွေအရ ၁၉၉၈ ခုနှစ် အပူချိန်အမြင့်ဆုံးကို ရောက်ခဲ့ပါတယ်။ ဒုတိယ အပူချိန်အမြင့်ဆုံးဟာလည်း ၂၀၀၁ ခုနှစ် ဖြစ်ခဲ့ပါတယ်။ ကမ္ဘာ့အပူချိန် အမြင့်ဆုံးကိုရောက်ခဲ့တဲ့ ၁၀ နှစ်က နာဂစ်မတိုင်မီ လွန်ခဲ့တဲ့ ၁၂ နှစ်အတွင်းက ဖြစ်ခဲ့တယ်လို့ မှတ်တမ်းတွေအရ တွေ့ရပါတယ်။


အပူတွေ စုပ်ယူနိုင်တဲ့ ပစ္စည်းတွေကတော့ ဒြပ်ဝတ္ထုပစ္စည်းတွေ အားလုံးပါပဲ။ သို့သော် ကမ္ဘာမြေကို ရေက ၇၀ ရာခိုင်နှုန်းနဲ့ ဖုံးလွှမ်းထားတော့ ရေဟာ ဒီအပူတွေကို အများဆုံး သိုလှောင်သိမ်းထားနိုင်ပါတယ်။ မြောက်ဝင်ရိုးစွန်း၊ တောင်ဝင်ရိုးစွန်းက ရေခဲပြင်တွေကလည်း အပူကို စုပ်ပါတယ်၊ ပင်လယ်သမုဒ္ဒရာက ရေကလည်း အပူကို စုပ်ယူထိန်းထားပါတယ်။ ပင်လယ်ရေဟာ အပူကို စုပ်ထားတဲ့အတွက် ပင်လယ်ရေမျက်နှာပြင်ရဲ့အပူချိန်ဟာ မြင့်တက်ဖို့ရှိပါတယ်။ ရေဟာလည်း အလိုအလျောက်ကို အငွေ့ပြန်တဲ့သဘောရှိတော့ အပူချိန်မြင့်လာတာနဲ့ ရေခိုးရေငွေ့အဖြစ် အပေါ်လေထုဆီသို့ ပျံတက်သွားတဲ့သဘောဟာ သဘာဝတရားပါပဲ။ ထပ်မံ၍ အောက်တွင် အသေးစိတ်ရှင်းပြပါဦးမယ်။ ဒါကြောင့် ဆောင်းပါးရှင် ချစ်ကျော်ဟာ မုန်တိုင်းဖြစ်နိုင်ခြေအရှိဆုံးက “ပင်လယ်ရေမျက်နှာပြင်ရဲ့ အပူချိန်ဟာ ၂၆.၅ °C ထက် မြင့်ရင်’ ဆိုပြီး ဖော်ပြထားပါတယ်။

**စာမျက်နှာ ၁၇ သို့** ✪

**ဆောင်းပါးရှင်နှစ်ဦး ရေးသားဖော်ပြတဲ့ အထောက်အထားတွေအရ ကောက်ချက်ချရရင် ပြင်းထန်တဲ့မုန်တိုင်းတွေဟာ လေးနှစ် - ရှစ်နှစ် တစ်ကြိမ် ကြုံရတတ်တယ်ဆိုတဲ့အချက်ကို သတိပြုရပါလိမ့်မယ်။ ၁၉၇၀ ပြည့်နှစ်တွင် ဘင်္ဂလားဒေ့ရှ် ဘိုလာမုန်တိုင်းနဲ့ ၂၀၀၈ ခုနှစ် မြန်မာနိုင်ငံ နာဂစ်မုန်တိုင်းတွေဟာ ဘင်္ဂလားဒေ့ရှ်ကိုလည်းကောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းကိုလည်းကောင်း လွန်စွာကြီးမားတဲ့ ဒုက္ခကို ပေးခဲ့ကြောင်းသိခဲ့ရပြီ။ မုန်တိုင်းဆိုသည်မှာ အစိုးမရ၊ အလားတူ မုန်တိုင်းမျိုး မေလတွင်လည်းကောင်း၊ အောက်တိုဘာ၊ နိုဝင်ဘာတွင်လည်းကောင်းဝင်လာမှာကို စိုးရိမ်ခြင်းဖြစ်ပါတယ်။ ရာသီဥတု ပုံမှန်သဘာဝအရဆိုရင် မိုးနှောင်းမုန်တိုင်းတွေဟာ မြန်မာနိုင်ငံအတွက် အန္တရာယ်ကြီးမားစွာမပြုနိုင်ဟု ဆက်စပ်ပြောဆိုခြင်းဖြစ်**

✪ စာမျက်နှာ ၁၆ မှ




**ပုံတွင် မုန်တိုင်းရဲ့လမ်းကြောင်းကို ပြထားပါတယ်။ ဘိုလာမုန်တိုင်းလမ်းကြောင်းကိုလည်း လေ့လာနိုင်ဖို့ ယှဉ်တွဲပြထားပါတယ်။**

ဒါကြောင့်လည်း နာဂစ်မုန်တိုင်းဟာ ဘင်္ဂလားပင်လယ်အော်ထဲမှာ ၂၀၀၈ ခုနှစ် ဧပြီလ ၂၇ ရက်နေ့က စတင်ဖြစ်ပေါ်ခဲ့ပါတယ်။ အိန္ဒိယ အရှေ့တောင် (သို့မဟုတ်) ဘင်္ဂလားဒေ့ရှ်ဘက် ဦးတည်တဲ့သဘော တွေ့ရပါတယ်။ မကြာမတင်မှာ အားပျော့သွားခဲ့ပါတယ်။ မေလ ၁ ရက်နေ့မှာ ဆိုင်ကလုန်းနာဂစ်ဟာ အားပြန်ကောင်းလာကာ အရှေ့ဘက်သို့ အရှိန်အဟုန်နဲ့ ဦးတည်လို့ မြန်မာနိုင်ငံတောင်ပိုင်း ဧရာဝတီတိုင်းနဲ့ ရန်ကုန်တိုင်းတွေကို မေလ ၂ ရက်နေ့မှာ အဆင့်(၄) နဲ့ ဝင်ရောက်ခဲ့တာကို အားလုံးမှတ်မိကြပါလိမ့်မယ်။

ဒီလိုမုန်တိုင်းကြီးတွေမှာ အပူစုပ်ယူထားတဲ့ ပင်လယ်ရေမျက်နှာပြင်က ရေမော်လီကျူးတွေ မြောက်မြားစွာ ပါဝင်ပါတယ်။ အပူစုပ်ယူနိုင်တဲ့ ဖန်လုံအိမ်အာနိသင်ရှိတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေလည်း ပါလာမှာ ဖြစ်ပါတယ်။ စက်မှုထွန်းကားလို့ မော်တော်ယာဉ်တွေကြောင့်၊ သစ်တောတွေ ပြုန်းတီးတဲ့အတွက်ကြောင့် ဒီကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေဟာလည်း ပုံမှန်မြင့်တက်နေပါတယ်။ ရေခိုးရေငွေ့ ၁၀၀ ရာခိုင်နှုန်းရှိခဲ့ရင် ကာဗွန်ဒိုင်အောက်ဆိုက်ဟာ ၃ ဒသမ ၆ ရာခိုင်နှုန်းအထိ ရေခိုးရေငွေ့နဲ့အတူ ပါဝင်နေပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံနဲ့ အိန္ဒိယနိုင်ငံကြား ဘင်္ဂလားပင်လယ်အော်ရဲ့ ကောင်းကင်မှာ တန်သန်းပေါင်း သန်းချီရှိနေတဲ့ ရေခိုးရေငွေ့နဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေဟာ ဘိုလာဆိုင်ကလုန်းမုန်တိုင်းနဲ့ နာဂစ်မုန်တိုင်းတွေကို ဖန်တီးတယ်လို့ သိပ္ပံရှုထောင့်ကပြောရမှာဖြစ်ပါတယ်။



ရေခိုးရေငွေ့နဲ့ ဒီကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့နှစ်မျိုးဟာ အပူကို စုပ်ပါတယ်။ ပြီးရင် အပေါ်ကို မြင့်တက်လာပါတယ်။ ဆက်လက်ပြီး အသေးစိတ်ရှင်းပြပါဦးမည်။

- ❖ ရေဟာ ရေခဲ၊ ရေ၊ ရေခိုးရေငွေ့ဆိုပြီး ရုပ်လက္ခဏာသုံးမျိုးနဲ့ နေပါတယ်။ ရေခဲက ရေ၊ ရေက ရေခိုးရေငွေ့အဖြစ် ပြောင်းလဲဖို့ အလားအလာဟာ ပို၍ရှိပါတယ်။
- ❖ စံအပူချိန်နဲ့ စံဖိအားမှာ ရေခဲဟာ ရေဖြစ်ဖို့များတယ်၊ ရေခဲဟာ ရေဖြစ်ဖို့ အလိုအလျောက်ပဲဖြစ်တယ်။ ရူပဓာတုဗေဒ သာမိုဒိုင်းနမစ်သဘောတရားအရ ပြောင်းလဲတဲ့သဘာဝတရားကြီးတစ်ခု။ စံအပူချိန်နဲ့ စံဖိအားမှာ ရေဟာ ရေခဲအလိုအလျောက်မဖြစ်။
- ❖ ရေကနေပြီး ရေခိုးရေငွေ့ဖြစ်ဖို့ နှေးပင်နှေးသော်လည်း ပြောင်းလဲနေတယ်ဆိုတဲ့ အင်ထရိုပီ (Entropy) မြင့်တဲ့သဘောလို့ သိပ္ပံက ရှင်းပြပါတယ်။

ဥပမာ ရေမွှေးပုလင်းကို အလှပြင်ခန်းထဲမှာ ဖွင့်ထားရင် အလိုအလျောက် ရေမွှေးနံ့တွေဟာ အခန်းအပြင်ကို ရောက်လာပါတယ်။ ဒူးရင်းသီးနံ့ဟာလည်း ဒီသဘောပဲ။ ဘာမှ လုပ်ပေးစရာမလိုဘဲနဲ့ အနံ့ဟာ အပြင်ကို ရောက်လာတာဟာ အနံ့သင်းတဲ့မော်လီကျူးတွေဟာ ကျယ်ပြန့်တဲ့ ဟင်းလင်းပြင်ထဲကို ဖြန့်ကြက်လာတဲ့သဘောကို သိပ္ပံဝေါဟာရအရ အင်ထရိုပီမြင့်တယ်လို့ ခေါ်တာဖြစ်ပါတယ်။

ပင်လယ်ရေမျက်နှာပြင်မှာရှိတဲ့ ရေမော်လီကျူးတွေဟာလည်း ဒီသဘောပါပဲ။ အပူချိန်နဲ့ လေဖိအား အပေါ်မှာ မူတည်ပြီး ရေခိုးရေငွေ့ဖြစ်လာတာ ပို၍မြန်ဆန်လာပါတယ်။ ရေခိုးရေငွေ့ အခြေအနေမှာ ရေမော်လီကျူးတွေဟာ တစ်ခုနဲ့တစ်ခုဝေးကွာပြီး ကျယ်ပြန့်လာပါတယ်။ အပူစွမ်းအင်(Heat Energy) ကနေ အရွေ့စွမ်းအင် (Kinetic Energy) အဖြစ် မုန်တိုင်းအတွင်း အပြောင်းအလဲဖြစ်ရာမှာ Entropy ကြောင့်ပဲ ဖြစ်ပါတယ်။ ရေငွေ့ဟာ ရေထက် အပူ (Heat) ကို စုပ်ထားပါတယ်။ အဲဒီအပူကို တုန်ခါခြင်း၊ လှည့်လည်ခြင်း (Vibration, Oscillation) စတဲ့နည်းနဲ့ ရေငွေ့မှုန်တွေအတွင်း လွှဲပြောင်းပါတယ်။ ဒါကို Transference of heat within the fluid caused by the tendency of water vapor (Warmer material to rise) လို့ ပြောတာဖြစ်ပါတယ်။ ပူတဲ့ ရေခိုးရေငွေ့တွေဟာ ပင်လယ်ရေမျက်နှာပြင် အောက်ခြေမှ အပေါ်သို့ အရှိန်နဲ့တက်လာပါတယ်။ ဒီလိုနဲ့ ရေခိုးတွေ၊ တိမ်တိုက်တွေဟာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ပြောင်းသွားပါတယ်။ နာဂစ်ဆိုင်ကလုန်းဟာ ဘင်္ဂလားပင်လယ်အော် အပူပိုင်းဒေသမုန်တိုင်း (Tropical Storm) ဖြစ်ပြီး မေလ ၂ ရက်နေ့မှာ တစ်နာရီ ၂၁၅ ကီလိုမီတာနှုန်းနဲ့ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတွေကို ဝင်ရောက်ခဲ့လို့ ကုလသမဂ္ဂက ဆိုင်ကလုန်းနာဂစ်ဟာ လူပေါင်းတစ်သိန်းကျော်ကို ပြင်းထန်စွာထိခိုက်ခဲ့ကြောင်း ခန့်မှန်းဖော်ပြခဲ့ပါတယ်။ လူပေါင်း ၇၇၇၃၈ ဦး သေဆုံးကြောင်း၊ ပျောက်ဆုံးဦးရေဟာ ၅၅၉၁၇ ဦးရှိကြောင်း အတည်ပြုခဲ့ပါတယ်။

**ကောင်းပါပြီ၊**

မူလဆောင်းပါးရှင် မောင်မြင့်ခိုင်နဲ့ ချစ်ကျော် (မိုးဇလ) တို့ရဲ့ မူရင်းဆောင်းပါးနဲ့ မိမိရဲ့ သိပ္ပံသဘောတရား အသိ၊ အတွေ့အကြုံတွေနဲ့ ပေါင်းစပ်ရေးသားတဲ့ ယခုဆောင်းပါးကို ဖတ်ရှုခြင်းဖြင့် တန်ဖိုးရှိပြီဟုယူဆပါတယ်။ အပူစုပ်ယူခြင်း၊ အပူဟာ မြင့်ရာမှနိမ့်ရာသို့စီးခြင်း။ စနစ်ရဲ့ အင်ထရိုပီအပြောင်းအလဲ ($\Delta S_{System}$)၊ ပြင်ပ အင်ထရိုပီအပြောင်းအလဲ (($\Delta S_{Surrounding}$) နဲ့ စုစုပေါင်းအင်ထရိုပီ အပြောင်း အလဲ ($\Delta S_{Total}$)၊ ထို့အပြင် စွမ်းအင်လွတ် (Free Energy) ဆိုတဲ့ သာမိုဒိုင်းနမစ်သဘောတရားတွေဟာ မြင့်မားလှသဖြင့် သတင်းစာဆောင်းပါးမှာ 'အကင်း' မျှသာ ရှင်းပြနိုင်ပါတယ်။ မြန်မာ့ဆိုရိုးထဲမှာ 'ကြမ်းကြားလေဟာ အေးတယ်' ဆိုတဲ့ မြန်မာကြီးများနဲ့ သိပ္ပံအမြင်နဲ့ အလွန်နီးစပ်ပါတယ်။ ဒါကြောင့် မုန်တိုင်းအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ဖို့ –

- ❖ စစ်တွေတက္ကသိုလ်၊ တောင်ကုတ်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်သုတေသီတွေက နက်နက်ရှိုင်းရှိုင်းဆောင်ရွက်ကြရလိမ့်မယ်။
- ❖ ဒီလိုလုပ်ဆောင်ရာမှာ တက္ကသိုလ်တွေမှာ မိုးလေဝသတိုင်းတာရေးစခန်း တည်ထောင်ရပါမယ်။ တက္ကသိုလ်တွေမှာရှိတဲ့ University Research Centre တွေနဲ့ ပူးတွဲထားရပါမယ်။
- ❖ တက္ကသိုလ်တွေမှာ လွန်ခဲ့တဲ့ ၁၅ နှစ်ကျော်က တည်ထောင်ခဲ့တဲ့ Community Development Centre တွေနဲ့ ချိတ်ထားရပါမယ်။
- ❖ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနနဲ့ ပူတွဲလုပ်ဆောင်ကြပြီး ရူပဗေဒ၊ ဓာတုဗေဒ၊ ပထဝီဝင်ဌာနမှာ တာဝန်ထမ်းဆောင်တဲ့ ဆရာ ဆရာမတွေက မိုးလေဝသဆိုင်ရာ အချက်အလက်တွေကို တိုင်းတာခြင်း၊ လေ့လာခြင်း၊ သုတေသနပြုခြင်းတွေကို စဉ်ဆက်မပြတ်ပြုလုပ်ပြီး မှတ်တမ်းတွေပြုစုလေ့လာနေရပါလိမ့်မယ်။

ကမ်းရိုးတန်းဒေသမှာရှိတဲ့ တက္ကသိုလ်တွေကတော့ လေပြင်းမုန်တိုင်းနဲ့စပ်လျဉ်းတဲ့ အချက်အလက်တွေကို အလေးထားတိုင်းတာတာတွေပြုကြခြင်း၊ မုန်တိုင်းမကျရောက်မီ ကာကွယ်နိုင်တဲ့ နည်းလမ်းတွေဖော်ထုတ်ကြရပါလိမ့်မယ်။ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်နဲ့ ပြင်ဦးလွင် စစ်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်တွေကလည်း သဘာဝဘေးအန္တရာယ်ကာကွယ်နိုင်ရေး၊ ပတ်ဝန်းကျင် ရေရှည်ဖွံ့ဖြိုးရေးတို့အတွက် မျိုးဆက်သစ်သုတေသီတွေကို မွေးထုတ်ပေးရပါလိမ့်မယ်။ ဤသို့သော သုတေသနမျိုးလုပ်ဖို့အတွက် ပညာရှင်တွေလိုပါလိမ့်မယ်၊ ငွေကုန်ကြေးကျခံရပါလိမ့်မယ်၊ အချိန်ပေးရပါလိမ့်မယ်၊ အတွေ့အကြုံစုပေါင်းကြရပါလိမ့်မယ်။

ရည်မှန်းချက်ပန်းတိုင်ကတော့ အန္တရာယ်ကြီးမားတဲ့ လေပြင်းမုန်တိုင်းကိုပင် အကျိုးဖြစ်ထွန်းအောင် သုတေသနတွေပြုကြဖို့၊ အဲဒီနည်းလမ်းတွေကိုလည်း ပညာရပ်အသီးသီးကလေ့လာဖို့ အသုံးချနိုင်မယ်ဆိုရင် အောင်မြင်မယ်လို့ ယုံကြည်ပါကြောင်း၊ ပြောရမယ်ဆိုရင် နိုင်ငံတော်က ကြီးကြပ်သုတေသနပြုရမယ့်ကိစ္စအထိပင် ရောက်လာနိုင်ကြောင်း ရေးသားတင်ပြရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

# ဩဂုတ် ၂၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၅၀၂ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၅-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၄-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၅-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၁၁,၈၆၆)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၅၀၂)ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၄၅၉,၁၄၅)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၈၀,၈၇၉) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃,၁၈၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း(၃၀၉,၀၃၂)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ(၁၁၅) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၄,၇၃၇) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၄-၈-၂၀၂၁) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၄,၅၄၂,၃၆၃) ဦးအား ထိုးနှံပေးပြီးဖြစ်ပြီး၊ ကာကွယ်ဆေး နှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ (၁,၇၉၇,၅၅၀) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၂,၇၄၄,၈၁၃) ဦး ရှိပြီဖြစ်ပါသည်။

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၂၅-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၂၇၈)ခု | (၃၄၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၇)ခု | (၁၈)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၅၆)ခု | (၁၆)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၆)ခု | - |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၉၃)ခု | (၈)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၅၆)ခု | (၂၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၄၇၄)ခု | (၄၃၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၈၇၆)ခု | (၁,၆၅၂)ဦး |
| စုစုပေါင်း | (၁၁,၈၆၆)ခု | (၂,၅၀၂)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၈၉၆၈၉၂၅ | ၃၀၆၁၈၆၄၄ | ၆၄၈၁၆၁ |
| ၂။ | အိန္ဒိယ | ၃၂၅၁၂၃၆၆ | ၃၁၇၅၄၂၈၁ | ၄၃၅၇၈၈ |
| ၃။ | ဘရာဇီး | ၂၀၆၁၅၀၀၈ | ၁၉၅၃၀၈၄၃ | ၅၇၅၈၂၉ |
| ၄။ | ရုရှား | ၆၈၀၄၉၁၀ | ၆၀၇၃၁၅၇ | ၁၇၈၄၂၃ |
| ၅။ | ပြင်သစ် | ၆၆၄၉၆၃၀ | ၆၀၉၃၈၄၄ | ၁၁၃၅၇၂ |
| ၆။ | ဗြိတိန် | ၆၅၅၅၂၀၀ | ၅၁၄၆၀၂၄ | ၁၃၁၈၅၄ |
| ၇။ | တူရကီ | ၆၂၅၃၇၁၁ | ၅၇၃၉၇၅၅ | ၅၄၉၉၅ |
| ၈။ | အာဂျင်တီးနား | ၅၁၄၈၀၈၆ | ၄၈၂၈၁၃၄ | ၁၁၀၈၀၆ |
| ၉။ | ကိုလံဘီယာ | ၄၈၉၄၇၀၂ | ၄၇၂၅၀၁၈ | ၁၂၄၃၈၈ |
| ၁၀။ | စပိန် | ၄၈၀၄၄၂၄ | ၄၁၉၇၀၉၂ | ၈၃၅၂၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၀၂၆၈၃၇ | ၃၆၃၉၈၆၇ | ၁၂၉၂၉၃ |
| ၂။ | ဖိလစ်ပိုင် | ၁၈၈၃၀၈၈ | ၁၇၂၅၂၁၈ | ၃၂၄၉၂ |
| ၃။ | မလေးရှား | ၁၆၁၆၂၄၄ | ၁၃၃၇၁၃၄ | ၁၄၈၁၈ |
| ၄။ | ထိုင်း | ၁၁၀၂၃၆၈ | ၉၀၃၀၁၅ | ၁၀၀၈၅ |
| ၅။ | ဗီယက်နမ် | ၃၈၁၃၆၃ | ၁၆၉၉၂၁ | ၉၃၄၉ |
| ၆။ | မြန်မာ | ၃၈၀၈၇၉ | ၃၀၉၀၃၂ | ၁၄၇၃၇ |
| ၇။ | ကမ္ဘောဒီးယား | ၉၀၅၃၅ | ၈၆၇၀၂ | ၁၈၃၅ |
| ၈။ | စင်ကာပူ | ၆၆၈၁၂ | ၆၅၇၇၂ | ၅၀ |
| ၉။ | လာအို | ၁၃၉၀၉ | ၄၆၀၄ | ၁၁ |
| ၁၀။ | ဘရူနိုင်း | ၂၁၅၉ | ၅၃၇ | ၆ |

## ရေနံချောင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ဆောင်ရွက်

**ရေနံချောင်း ဩဂုတ် ၂၅**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်ရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် သုံးဆယ့်ခြောက်ကျေးရွာအုပ်စုနှင့် ဖောင်းကတောကျေးရွာအုပ်စုတို့၌ နှာခေါင်းစည်းတပ်ဆင်ရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းထွန်း ဦးဆောင်သည့် ဌာနဆိုင်ရာအဖွဲ့က သုံးဆယ့်ခြောက်ကျေးရွာအုပ်စု၌လည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန့်ဇင် ဦးဆောင်သည့်အဖွဲ့က ဖောင်းကတောကျေးရွာအုပ်စု၌လည်းကောင်း သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ ပူးပေါင်းကာ ကျေးရွာများရှိ အခြေခံ၊ အလယ်အလတ်နှင့် အထက်တန်း အိမ်ထောင်စုဝင်များ လက်ဝယ်အရောက် နှာခေါင်းစည်းများ ဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါ နှာခေါင်းစည်းတပ်ဆင်ရေး ရက်သတ္တပတ်လှုပ်ရှားမှုကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဩဂုတ် ၂၅ ရက်မှ ၃၁ ရက်အထိ ရေနံချောင်းမြို့နယ်အတွင်းရှိ ကျေးရွာများအားလုံး၌ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ထိပ်ဆုံးမှာ တွေ့ကြမယ်

# ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ ထိုအရာကိုသာ လက်ဆင့်ကမ်းပါ

ခင်မောင်ညို (ဘောဂဗေဒ)

(၁၂-၈-၂၀၂၁ ရက်နေ့မှအဆက်)

**သူ့ကိုမငှားပါနှင့်၊ သူက ရာဇဝတ်သားဟောင်းတစ်ယောက်**

ကျွန်တော်တို့၏ လူ့အဖွဲ့အစည်းတွင် တရားမျှတမှုနှင့် ပတ်သက်၍ စိတ်ဝင်စားစရာကောင်းသည့်သဘောတရားတစ်ခုရှိသည်။ လူတစ်ယောက်က ပြစ်မှုကျူးလွန်သည့်အခါ ပြစ်ဒဏ်များချမှတ်သင့်သည်၊ ပြစ်ဒဏ်ခံစားရသင့်သည်ဟု ကျွန်တော်တို့ ပြောလေ့ရှိကြသည်။ အကြောင်းတရားအများအပြားကြောင့် ထိုအချက်ကို ကျွန်တော် သဘောတူပါသည်။ သို့သော် ပြစ်ဒဏ်ကျခံပြီးသားသူတစ်ယောက်နှင့် ပတ်သက်၍မူ လူ့အဖွဲ့အစည်းက တစ်ခုလွန်သွားတတ်သည်။ "မင်းဥပဒေကို ချိုးဖောက်တဲ့အတွက် ပြစ်ဒဏ်ခံရပြီးပြီ" ဟုမပြောဘဲ မပြီးသေးဘူးဟုသာ ပြောတတ်ကြသည်။ အာဃာတကြောင့်သော် လည်းကောင်း၊ မသိနားမလည်မှုကြောင့်သော်လည်းကောင်း၊ ထိုရာဇဝတ်သားဟောင်းများနှင့် ပတ်သက်၍ ဆက်ဆံပုံတို့ကြောင့် ရာဇဝတ်သားဟောင်း ၈၀ ရာခိုင်နှုန်းကျော်သည် ထောင်ထဲသို့ပြန်ရောက်ကြကြောင်း နေရာအတော်များများတွင် တွေ့ရှိခဲ့ရသည်။ သူတို့သည် လွတ်လပ်မှုကိုလိုသည်ထက်ပို၍ ရယူလိုသောကြောင့် သံတိုင်များ၏ နောက်တွင်နေထိုင်ရန် ပြန်ဝင်ရောက်လာရခြင်းဖြစ်သည်။

အကယ်၍ ရာဇဝတ်သားဟောင်းတစ်ယောက်က အလုပ်ခန့်မည့်သူကို အမှန်အတိုင်းပြောပြခဲ့လျှင်လည်း သူ့အားမည်သူမျှအလုပ်ခန့်ရဲကြမည်မဟုတ်ပေ။ သူ့အမှားကို ပြန်လည်ပြင်ဆင်ခွင့်ပြုမည် မဟုတ်ပေ။ အမှန်တရားကို ပြောမပြဘဲထားပြီးနောက် နောင်အခါကျမှ အမှန်တရားထွက်ပေါ်လာခဲ့လျှင်လည်း သူဘယ်လောက်ပင် အရည်အချင်းရှိရှိ အလုပ်ပြုတ်မှာ သေချာသည်။ အကြောင်းပြချက်မှာ ရှင်းပါသည်။ ကျွန်တော်တို့အနေဖြင့် ရာဇဝတ်သားဟောင်းဟုမမြင်ဘဲ ရာဇဝတ်သားတစ်ယောက်ဟုသာ မြင်နေတတ်ကြသည်။ သူခိုးတစ်ယောက်၊ လူလိမ်တစ်ယောက်၊ အတုအယောင်သမားတစ်ယောက်၊ ထောင်ထွက်တစ်ယောက်ဟု မြင်နေကြသည်။ ထို့ကြောင့် ရာဇဝတ်သားဟောင်းများကို လူဆိုးများအဖြစ်သာမြင်ပြီး ထိုအတိုင်း ဆက်ဆံတတ်ကြသဖြင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်ကြရသည်။

အကြိမ်ကြိမ်အခါခါ ဒုက္ခများတွေ့ပြီးနောက် ရိုးရိုးသားသား ပြုပြင်ပြောင်းလဲရန် ကြိုးစားသည့်အခါတွင် သူတို့၏ အခြေအနေများကို စဉ်းစားဆင်ခြင်စ ပြုလာကြသည်။ သူတို့၏ ဆင်ခြင်ပုံမှာ "လူတိုင်းက ငါ့ကို ရာဇဝတ်သားဟောင်းတစ်ယောက်လို့မြင်နေတယ်။ ဘယ်သူကမှ ငါ့ကိုမယုံဘူး။ ငါဟာ နောက်ထပ်လုပ်ဦးမှာပဲလို့ ထင်နေတယ်။ အဲဒီတော့ သူတို့က ငါ့ကို အမြဲတမ်းစောင့်ကြည့်နေကြတယ်။ ငါ တစ်ချက်လေးမှားလိုက်တာနဲ့ ထောင်ထဲကိုပြန်ပို့မှာ သေချာတယ်။ အဲဒီလောက်ကြာရှည်နေနိုင်ဖို့ဆိုရင် ငါ့မှာပိုက်ဆံရှိမှဖြစ်မယ်။ ပိုက်ဆံရအောင် လုပ်နိုင်တဲ့နည်းကလည်း တစ်ခုပဲ ရှိတယ်။ ယခင်က လမ်းကြောင်းအတိုင်း ပြန်လျှောက်မှရမယ်" ဟု မှတ်ယူတတ်ကြသည်။ ဤဆင်ခြင်ပုံကပင်လျှင် သူတို့ကို ပြစ်မှုများ ထပ်မံကျူးလွန်စေကာ ထောင်ထဲသို့ ပြန်ရောက်စေခဲ့သည်။

ထိုသို့မြင်ခြင်းကပင်လျှင် ပြဿနာဖြစ်စေသည်။ ယခုအခါ အဖြေကိုရှာကြည့်ကြပါစို့။ ပထမဦးစွာ လူ့အဖွဲ့အစည်းကို အောင်အောင်မြင်မြင် ပြန်ဝင်လာသူတစ်ဦးအဖြစ် အာရုံပြုကြည့်ပါ။ လူ့အဖွဲ့အစည်း၏ အဖွဲ့ဝင်တစ်ယောက်အနေဖြင့် သူလုပ်ခဲ့သည့်အမှားအတွက် ပြစ်ဒဏ်ချမှတ်ရုံဖြင့်မပြီးပါ။ ပြဿနာအားလုံးကို ဖြေရှင်းရန်အတွက် သင်ကြားပြသပေးနိုင်သည့် ဇာစ်မြစ်တစ်ခုဖြစ်သော သမ္မာကျမ်းစာကို ပြန်ကြည့်ပါ။ လုကာကျမ်း (၁၇-၃)၌ ယေရှုက "ကျွန်တော်တို့၏ ညီနောင်များက ကျွန်တော်တို့ကို ဆန့်ကျင်သဖြင့် သူ့ကိုပြစ်ဒဏ်ပေးပြီးနောက် သူနောင်တရသည်၊ သူ့အမှားကို သူသိသည်ဆိုလျှင် သူ့ကိုခွင့်လွှတ်ပြီး ဆက်ဆံသင့်သည်"ဟု ဆိုခဲ့သည်။

ဂျွန်၏ အဆုံးအမများကို အခန်း (၈)၌လည်း ဤအကြောင်းနှင့် ပတ်သက်၍ ဖွဲ့ဆိုထားသည့်အဖြေများကို တွေ့ရှိနိုင်သည်။ ကာမေသုမိစ္ဆာစာရကံ ကျူးလွန်သည့် အမျိုးသမီးတစ်ယောက်ကို ဖရီရှဲများက ခေါ်သွားသည့်အခန်းဖြစ်သည်။ မိုးဇက်က ပြဋ္ဌာန်းထားသည့် ဥပဒေအရ ဆိုလျှင် သူ့အား ကျောက်တုံးများဖြင့် ဝိုင်းပစ်ခြင်းခံရမည်။ ထိုအခါ ယေရှုထံသို့ခေါ်သွားပြီး သူ့ကို ဘာလုပ်မည်နည်းဟု မေးကြသည်။ ပထမ၌ ယေရှုကမဖြေပေ။ သဲထဲမှာ တစ်စုံတစ်ရာကို ရေးသားနေသည်။ ထိုအချိန်၌ အမျိုးသမီးကို နှိပ်စက်ချင်သူများက ဖွဲ့မလျှော့ကြဘဲ "ဘာလုပ်ရမည်နည်း" ဟု ထပ်မေးသည့်အခါ ယေရှုကထပြီး "မင်းတို့ထဲက ဒုစရိုက်မှုမကျူးလွန်ဖူးတဲ့ သူတစ်ယောက်လောက်က သူ့ကိုအရင်ဆုံးခဲနဲ့ပစ်"ဟု ပြောလိုက်သည်။ ဤအကြောင်းကို သမ္မာကျမ်းစာက လှလှပပဖွဲ့ဆိုထားခဲ့သည်။ ထိုစကားကိုကြားရသည့်အခါ ကိုယ့်ကိုယ်ကိုယ်လိပ်ပြာမသန့်သဖြင့် တစ်ယောက်ပြီးတစ်ယောက် ထွက်ခွာသွားခဲ့ကြသည်။ သင့်ကိုယ်တွင်းမှာရှိသည့် အရာကိုသာ သင်မြင်နိုင်ကြောင်းကို ခင်ဗျားကြားဖူးခဲ့ပြီးဖြစ်သည်။ အခြားသူများ၏ကိုယ်ထဲမှ အကောင်းများကိုသာရှာပါ။ ထိုသို့ ရှာခြင်းအားဖြင့် သင့်ကိုယ်ထဲက အကောင်းများကိုလည်း ရှာဖွေတွေ့ရှိလာနိုင်သည်။

**လူအတော်များများက နှစ်ခွကျင့်သုံးကြသည်**

မုန့်ဖုတ်သမားတစ်ယောက်က သူ့ကိုထောပတ်ပေးပို့နေသည့် လယ်သမားတစ်ယောက်သည် အလေးခိုးသည်ဟုထင်နေသည်။ အလေးကို သေသေချာချာ ပြန်ချိန်ကြည့်သည့်အခါ သူသံသယဖြစ်တာ မှန်နေကြောင်းတွေ့ရှိရသည်။ ထိုအခါ လယ်သမားကို အရေးယူခိုင်းသည်။ တရားရုံးတော်၌ လယ်သမား၏ ထုချေချက်များကို ကြားရသည့်အခါ တရားသူကြီးက လက်ခံသည်။ လယ်သမားမှာ ချိန်ခွင်များ၊ ကတ္တားများလုံးဝမရှိ။ ထို့ကြောင့် မုန့်ဖုတ်သမားထံမှ နေ့စဉ်ဝယ်ခဲ့သော တစ်ပေါင်လေးသည့် ပေါင်မုန့်များကိုသာ အလေးချိန်အဖြစ်သုံးခဲ့ရာမှ ထိုပေါင်မုန့်မှာ အလေးချိန်လျော့နေသည်ကို တွေ့လိုက်ရခြင်းဖြစ်သည်။

စီရင်ချက်ချခံရသည့်သူများနှင့် မခံရသည့်သူများ၏ ခြားနားချက်မှာ အဖမ်းခံရခြင်းနှင့် မခံရခြင်းသာ ကွာခြားသည်။ အမြတ်ခွန်ကို ရှောင်ရှားသည့်အတွက်သာ ဖမ်းမည်ဆိုလျှင် လူအတော်များများအနေဖြင့် သူတို့ကိုယ်များပေါ်တွင် ရာဇဝတ်သားဟောင်းဆိုသည့် တံဆိပ်များကို ချိတ်ဆွဲခံထားရဖွယ်ရှိသည်။ သတ်မှတ်မိုင်နှုန်းထက် ပိုမောင်းသည့် ယာဉ်မောင်းတိုင်းသာ အဖမ်းခံရလျှင် လူအတော်များများမှာ ယာဉ်မောင်းလိုင်စင်မရှိဘဲ ဖြစ်နေကြမည်။ ယခုအခါ တောင်တစ်ခုခုကို ကျော်ဖြတ်ခြင်း၊ ကွေ့တစ်ခုခုကို အရှိန်ပြင်းပြင်းဖြင့် မောင်းနှင်ခြင်း၊ ရပ်ပါဆိုလျက်နှင့် မရပ်တန့်ခြင်း၊ အရက်သောက်ပြီး ကားမောင်းခြင်းများအတွက် လိုင်စင်အသိမ်းခံကြရမည်။ ဥပဒေကိုချိုးဖောက်သည့်အခါ ပြစ်ဒဏ်ချမှတ်သင့်ကြောင်း ကျွန်တော်ထပ်လောင်းပြောလိုသော်လည်း မျှမျှတတဖြစ်ဖို့ဆိုလျှင် ထိုပြစ်ဒဏ်ကို ကျခံပြီးသည်နှင့် စာရင်းပိတ်လိုက်ရန်ကောင်းသည်။ ဤနည်းအားဖြင့် သူတို့ကိုယ်သူတို့လည်း ပြုပြင်နိုင်ပြီး လူ့အဖွဲ့အစည်းကိုလည်း အကျိုးပြုနိုင်မည်။ ပြဿနာအတော်များများမှာ ကျွန်တော်တို့က သူတို့ကို မြင်ပုံမြင်နည်းပေါ်၌ မူတည်နေသည်။ တကယ်တော့ ရာဇဝတ်သားဟောင်းများသည် ကျွန်တော်တို့ထက် ရှေ့သို့ရောက်နေပြီးလျှင် သူတို့ကပေးစရာရှိသည့် ကြွေးမြီများကို ပြစ်ဒဏ်ကျခံပေးဆပ်ပြီးပြီ။ ကျွန်တော်တို့ကသာ အဖမ်းမခံရသေးသဖြင့် ရာဇဝတ်ကြွေးများကို မပေးဆပ်ရဘဲ ရှိနေသေးသည်။

ကျွန်တော့်အနေဖြင့် ပထမဆုံးအကြိမ်အဖြစ် ရာဇဝတ်မှုကျူးလွန်မိသည့် လူငယ်တစ်ယောက်အတွက် အကောင်းဆုံးသောကုသနည်းမှာ အလုပ်တစ်ခုခုကို ခိုင်းခြင်း၊ အခြားသော ပြစ်ဒဏ်တစ်ခုခုကိုပေးခြင်းဟု ထင်သည်။

ဤအခြေခံသဘောတရားကို အမေရိကန်အကျင့်သီလဆိုင်ရာ ပညာရေးသိပ္ပံက ခိုင်ခိုင်မာမာ ယုံကြည်သည်။ ဆရာများအတွက် အထောက်အကူတစ်ခုအဖြစ် ဖွင့်လှစ်ထားသည့် သူတို့သင်တန်း၌ ကျောင်းနေသည့်အရွယ်ရှိ ကလေးငယ်တစ်ယောက်ကို သူတို့၏ အပြုအမူကြောင့် ရရှိနိုင်မည့်ရလဒ်များအကြောင်းကို စဉ်းစားတတ်ဖို့ သင်ပြထားလျှင် ကောင်းကောင်းနေထိုင်ကြ ပြုမူလာကြလိမ့်မည်ဟူသော သီအိုရီအပေါ်၌ အခြေခံသည်။ ဤသင်ခန်းစာများသည် မူကြိုအဆင့်မှစ၍ ငါးတန်းအထိ အကျုံးဝင်ပြီးလျှင် ဒေသဆိုင်ရာကျောင်းပေါင်း ၅၀၀ ၌ စမ်းသပ်ခဲ့ပြီးဖြစ်သည်။ အင်ဒီယာနာပြည်နယ်ရှိ ပြည်သူပိုင် ကျောင်းအမှတ် (၆၃)က ဤနည်းလမ်း၏ ထိရောက်မှုကို သေသေချာချာ နမူနာပြသခဲ့သည်။ ၁၉၇၀ ပြည့်နှစ်မတိုင်မီက ဤကျောင်းသည် လူမျိုးရေးအဓိကရုဏ်းများစွာ ဖြစ်ပွားနေသည့်နေရာ၌ တည်ထောင်ခဲ့ခြင်းဖြစ်သည်။ မှန်တံခါးတော်တော်များများကွဲအက်ပြီး အစားထိုးတပ်ဆင်ခဲ့ရသည်။ ကလေးငယ်တော်တော်များများတို့သည် ယဉ်ကျေးမှုမရှိ။ ဆရာ ဆရာမများကိုလည်း တလေးတစား ဆက်ဆံခဲ့ကြခြင်းမရှိ။ မိမိတို့ကျောင်းနှင့်ပတ်သက်၍ ဂုဏ်ယူတတ်ခြင်းလည်း မရှိပေ။

သို့သော် ၁၉၇၀ ပြည့်နှစ် စက်တင်ဘာလမှစ၍ မှန်ကွဲသည့်တန်ဖိုးများမှာ ဒေါ်လာ ၁၀၀ အောက် ကျဆင်းသွားသည်။ ထိုသို့မှန်ကွဲရခြင်းမှာလည်း မတော်တဆမှုကြောင့်သာဖြစ်သည်။ ယခုအခါ ကလေးများသည် ဆရာ ဆရာမများကို လေးစားတတ်၊ ကြည်ညိုတတ်လာကြသည်။ တစ်ယောက်အတွက်အများ၊ အများအတွက် တစ်ယောက်ဆိုသည့် ခံစားချက်များလည်း ထားရှိလာကြသည်။

ဤဒဿနကို မူကြိုကလေးများနှင့် ၁၆ နှစ်အထက်လူကြီးများကို စမ်းသပ်ကျင့်သုံးခဲ့လျှင်လည်း အလုပ်ဖြစ်မှာ သေချာပါသည်။ ဤလက်တွေ့ကျသည့် နည်းလမ်းကို အသက်ငယ်ငယ်ကပင် အိမ်၌ မိဘများက ကျင့်သုံးစေခဲ့လျှင် ပြစ်မှုများလျော့နည်းသွားမည်ဟု ယုံကြည်ပါသည်။ "စည်းကမ်းရှိခြင်း" ဆိုသည့် စာအုပ်၌ ဒေါက်တာဂျိမ်းဒွေါ့ဆင်ဖော်ပြခဲ့သလို စည်းကမ်းဆိုသည်မှာ ကလေးတစ်ယောက်အတွက် လုပ်ပေးခြင်းသာဖြစ်ပြီး ကလေးကို အလုပ်ပေးနေခြင်းမဟုတ်ဟု နားလည်နိုင်သည်။

ကျွန်တော်တို့ကလည်း အခြားသူများ၏ အနာဂတ်အတွက် သော့ကိုကိုင်ထားခဲ့ကြသည်။ ကျွန်တော်တို့တစ်တွေသည် တကယ်တော့ တစ်ယောက်တည်းနေကြသည်မဟုတ်။ ကျွန်တော်တို့၏ အပြုအမူများက အခြားသူများအပေါ်တွင် အကျိုးသက်ရောက်မှုရှိသည်။ ကျွန်တော်တို့ မည်သည့်အခါကမျှ မသိခဲ့သည့်သူများအပေါ်၌ပင်လျှင် ကျွန်တော်တို့၏ အပြုအမူများက အကျိုးသက်ရောက်စေသည်။ ထို့ကြောင့်ပင် ကျွန်တော်တို့၏ ကိုယ်ရေးကိုယ်တာ ဘဝများကိုကျော်လွန်ပြီး ကျွန်တော်တို့မှာ ရှိသမျှအကောင်းဆုံးအရာများကို ထုတ်ဖော်ပြရန်အတွက် တာဝန်လည်းရှိ၊ ဝတ္တရားလည်းရှိ

စာမျက်နှာ ၂၀ သို့ ■



## ကရင်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ပဲနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**ဘားအံ ဩဂုတ် ၂၅**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် မြန်မာနိုင်ငံတစ်ဝန်း လတ်တလောဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် သီတင်းသုံးနေထိုင်တော်မူသော ဝါဆိုသံဃာတော်များ၊ သီလရှင်များ ဆွမ်းကွမ်းအခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပေးလျက်ရှိရာ နယ်စပ်ရေးရာဝန်ကြီးဌာနက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကရင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများသည် ကရင်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၁ ကျောင်းနှင့် သီလရှင်ကျောင်းလေးကျောင်းသို့ ဆွမ်းဆန်တော် ၁၁၈ အိတ်၊ ဆီ ၁၁၈ ပိဿာ၊ ပဲ ၂၈၅ ပိဿာနှင့် အခြားလှူဖွယ်ပစ္စည်းများကို သွားရောက်လှူဒါန်းခဲ့သည့်အပြင် ကိုဗစ်စင်တာများသို့လည်း အာဟာရပြည့်စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများ ထောက်ပံ့ကူညီပေးခဲ့ကြောင်း သိရသည်။

ငွေကြယ်

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။
စာတည်း




## မသန်စွမ်းအမျိုးသမီးများ၏ အခက်အခဲများအား ရင်ဆိုင်နိုင်စွမ်း စွမ်းရည်မြှင့်တင်ခြင်းသင်တန်း ပို့ချမည်

**ရန်ကုန် ဩဂုတ် ၂၅**

ပထမအကြိမ် အွန်လိုင်းအသုံးချမှုများမှတစ်ဆင့် မသန်စွမ်းအမျိုးသမီးများ၏ အခက်အခဲများအား ရင်ဆိုင်နိုင်စွမ်း စွမ်းရည်မြှင့်တင်ခြင်းသင်တန်းကို စက်တင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ရာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အမြင်အာရုံမသန်စွမ်းအမျိုးသမီးများ၊ ကိုယ်အင်္ဂါမသန်စွမ်းအမျိုးသမီးများနှင့် ဉာဏ်ရည်မသန်စွမ်းအမျိုးသမီးများ၏ မိသားစုဝင်များ(အမျိုးသမီး) လျှောက်ထားနိုင်ကြောင်း သိရသည်။

**ပူးပေါင်းအကောင်အထည်ဖော်**

မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (MILI) အနေဖြင့် Women's Voice and Leadership (WVL) Myanmar အဖွဲ့၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် အွန်လိုင်းအသုံးချမှုများမှတစ်ဆင့် မသန်စွမ်းအမျိုးသမီးများ၏ အခက်အခဲများအား ရင်ဆိုင်နိုင်စွမ်း စွမ်းရည်မြှင့်တင်ခြင်း စီမံချက်ကို မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့၊ မသန်စွမ်းအမျိုးသမီး အခွင့်အရေးဆိုင်ရာ ကော်မတီနှင့် မြန်မာနိုင်ငံ မျက်မမြင်များအသင်း အမျိုးသမီးကော်မတီတို့ဖြင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**ပို့ချပေးသွားမည်ဖြစ်**

သင်တန်း၌ Facebook၊ Viber၊ Telegram အပါအဝင် အွန်လိုင်းလူမှုမီဒီယာများဆိုင်ရာ ကျွမ်းကျင်မှု၊ သတင်းအချက်များ ရှာဖွေခြင်းနှင့် အမှားအမှန်စိစစ်ခြင်း၊ အွန်လိုင်းအရောင်းအဝယ်လုပ်ငန်းများ၊ အွန်လိုင်းငွေပေးချေခြင်းနှင့် ငွေကြေးစီမံခန့်ခွဲခြင်း၊ သားဆက်ခြားကျန်းမာရေးအပါအဝင် လိင်နှင့် မျိုးဆက်ပွားခြင်းဆိုင်ရာ အခြေခံအသိပညာများအား ပို့ချပေးသွားမည်ဖြစ်သည်။

**သင်တန်းသူဦးရေ ၂၅ ဦး**

အွန်လိုင်းသင်တန်းဖြစ်သောကြောင့် သင်တန်းကာလအတွင်း အင်တာနက်အသုံးပြုနိုင်ရန် ဖုန်းဘေလ်ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ အသက် ၁၈ နှစ်မှ အသက် ၅၀ အတွင်းရှိသူများ လျှောက်ထားနိုင်ပြီး Zoom Application ကို အသုံးပြု၍အွန်လိုင်းမှ ပြုလုပ်မည်ဖြစ်ရာ လျှောက်ထားသူများအနက် သင်တန်းသူဦးရေ ၂၅ ဦးကို ရွေးချယ်ပို့ချပေးမည်ဖြစ်သည်။ သင်တန်းခြောက်ရက်တာကာလအတွက် တစ်ရက်လျှင် ခြောက်နာရီပို့ချပေးမည်ဖြစ်ရာ သင်တန်းလျှောက်လွှာများအား စက်တင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီ နောက်ဆုံးထား၍ Viber ဖုန်းနံပါတ်များဖြစ်သော ဖုန်း- ၀၉-၄၅၀၃၀၃၂၀၈ နှင့် ၀၉-၈၇၂၀၂၄၄၂၅ တို့မှတစ်ဆင့်ဖြစ်စေ၊ အီးမေးလ်လိပ်စာဖြစ်သော hninhnintheint7@gmail.com နှင့် nawhteeklo@gmail.com တို့မှတစ်ဆင့်ဖြစ်စေ၊ Google Form https://bit.ly/SWOP_Form တွင် ဖြည့်စွက်၍ဖြစ်စေ သင်တန်းအပေါ် အမှန်တကယ်စိတ်ဝင်စားပြီး ပြန်လည်အသုံးချနိုင်သူ မည်သူမဆို ပေးပို့လျှောက်ထားနိုင်ကြကြောင်း မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့(MILI)မှ သိရသည်။

**သတင်း-ပွင့်သစ္စာ**

■ စာမျက်နှာ ၁၉ မှ

အမှန်တရားနှင့် စိတ်ကုပညာဂိုဏ်း၏ဖခင် ဝီလျံဂလက်ဆာက မိဘများအနေဖြင့် စည်းကမ်းဆိုသည်မှာ ကလေး၏လက်မခံနိုင်စရာ အပြုအမူများနှင့် ပတ်သက်သည်ဟု နားလည်ခြင်း၊ ကလေးတစ်ယောက်အား မေတ္တာဖြင့် အမှားပြင်ပေးခြင်းသာဖြစ်သည်ဟု လက်ခံအသိအမှတ်ပြုခြင်း ရှိစေရမည်ဟု ဆိုခဲ့သည်။ ပြစ်ဒဏ်ပေးခြင်းသည် လူတစ်ယောက်စီကိုဦးတည်၍ ဒေါသတကြီးဆောင်ရွက်ခြင်းဖြစ်သဖြင့် ထိခိုက်နာကျင်ခံစားမှုကြောင့် နောင်တရကြသည်။ စည်းကမ်းနှင့်အပြစ်ဒဏ်ပေးခြင်းတို့၏ ခြားနားချက်ကို ကလေးများကောင်းကောင်းနားလည်စေရန်အတွက် ဒေါက်တာဂလက်ဆာက စည်းကမ်းနှင့်ပတ်သက်၍ အကြံပြုချက်များကို တင်ပြခဲ့သည်။ မေတ္တာဖြင့် ထိန်းချုပ်မှုပြုခြင်းဖြင့်သာ ကလေးငယ်တစ်ယောက်အတွက် မိဘတစ်ဦး၏တန်ဖိုးကို ဖော်ပြရာရောက်နိုင်သည်။ ခင်ဗျားလုပ်သမျှအရာများသည် အခြားသူများကို အကောင်း(သို့)အဆိုးသော်လည်းကောင်း၊ အပြုသဘော (သို့) အဖျက်သဘောကိုလည်းကောင်း ဖြစ်စေနိုင်သည်။ ထို့ကြောင့် ရှုထောင့်မှန်မှန်ရှုမြင်ပြီး အခြားသူများအပေါ်တွင် သဘောထားကောင်းကောင်းထားနိုင်ဖို့က အရေးကြီးပါသည်။ ကျွန်တော်တို့နှင့် ထိတွေ့ဆက်ဆံနေရသည့် သူအားလုံး၏ ဘဝအတွက် ကျွန်တော်တို့သည် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်နေကြရသည်။ တကယ်တော့ အခြားသူတစ်ယောက်၏ ဘဝအတွက် ကျွန်တော်တို့၏ လက်ထဲတွင် သော့တစ်ချောင်းကိုင်ထားကြသည်။ အခြားသော ဇာတ်လမ်းတစ်ခုကလည်း အခွင့်အလမ်းများနှင့် တာဝန်များအကြောင်းကို ပြောပြနိုင်ပါလိမ့်မည်။

**ကျေးဇူးပြု၍ သော့ပေးပါ**

ဘုရားရှိခိုးကျောင်းတစ်ခု၌ အဘိုးအိုတစ်ယောက်က အော်ဂင်ကို စိတ်ပါလက်ပါတီးခတ်နေသည်။ ထိုအချိန်၌ ညနေစောင်းဖြစ်သဖြင့် ဝင်လုဆဲဆဲနေရောင်က မှန်ပြတင်းပေါက်များမှတစ်ဆင့် ထိုးကျလာပြီး ထိုလူကြီးကို နတ်သားလိုပင် ထင်မှတ်မှားစရာဖြစ်စေသည်။ သူသည် ဝမ်းနည်းဆွေးမြည့်ဖွယ် သီချင်းတစ်ပုဒ်ကို နိုင်နိုင်နင်းနင်း တီးခတ်နေသည်။ အဘယ်ကြောင့်ဆိုသော် သူ့နေရာကို လူငယ်တစ်ယောက်ဖြင့် အစားထိုးပြီး ခန့်ထားခြင်းခံရ၍ ဖြစ်သည်။ အမှောင်ကျရောက်လာသည့်အခါ ဘုရားကျောင်း၏ နောက်ဖေးပေါက်မှ လူငယ်တစ်ယောက်က ခပ်သုတ်သုတ် ဝင်ရောက်လာသည်။ သူဝင်လာသည်ကို မြင်သည့်အခါ အဘိုးအိုက အော်ဂင်မှသော့ကိုဆွဲနုတ်ပြီး အိတ်ထဲသို့ထည့်ကာ ဘုရားကျောင်း၏ နောက်ဖေးပေါက်မှ ထွက်ခွာရန် ထလာခဲ့သည်။ လူငယ်က အဘိုးအိုအနားသို့ ရောက်သည့်အခါ လှမ်းပြီး "သော့ကလေး ကျေးဇူးပြုပါ"ဟု တောင်းခံလိုက်သည်။ အဘိုးအိုက သူ့အိတ်ထဲမှ သော့ကိုထုတ်ပြီးပေးလိုက်သည့်အခါ လူငယ်က ခဏမျှဆိုင်းငံ့ကာ ခုံပေါ်၌ထိုင်ပြီး သော့ကိုဖွင့်၍ တီးခတ်သည်။ လူငယ်မှာ ပါရမီရှင်တစ်ယောက် ဖြစ်နေသည်။ ထိုအော်ဂင်မှ ယခုကဲ့သို့သာယာသော ဂီတသံမျိုးတစ်ခါမျှ ထွက်ပေါ်လာခြင်းမရှိခဲ့ပေ။ ထိုဂီတသံက ဘုရားကျောင်းကိုလည်းကောင်း၊ မြို့ကိုလည်းကောင်း၊ တစ်ပြည်လုံးကိုလည်းကောင်း လွှမ်းမိုးသွားခဲ့သည်။ ဤသို့ဖြင့် ဝ္ဂျန်ဆီဘက်ခရှန်၏ ပထမဆုံးသော ဂီတသံကို ကမ္ဘာကကြားလိုက်ရခြင်းဖြစ်သည်။ အဘိုးအိုက ပါးပြင်ပေါ်သို့ မျက်ရည်များ ယိုစီးကျလျက် "ကြည့်စမ်း၊ ငါသာသော့မပေးလိုက်ခဲ့လျှင် ဘာဖြစ်သွားမလဲ"ဟု ပြောလိုက်သည်။

အဘိုးအိုအနေဖြင့် လူငယ်ကို သော့ပေးလိုက်ပြီးသည့်နောက်တွင် ထိုသော့ကိုမြင်၍ လူငယ်က အပြည့်အဝအသုံးချနိုင်ခဲ့သည်မှာ အလွန်ရှင်းပါသည်။ ကျွန်တော်တို့ကလည်း အခြားသူများ၏ အနာဂတ်အတွက် သော့ကိုကိုင်ထားခဲ့ကြသည်။ ကျွန်တော်တို့တစ်တွေသည် တကယ်တော့ တစ်ယောက်တည်းနေကြသည်မဟုတ်။ ကျွန်တော်တို့၏ အပြုအမူများက အခြားသူများအပေါ်တွင် အကျိုးသက်ရောက်မှုရှိသည်။ ကျွန်တော်တို့ မည်သည့်အခါကမျှ မသိခဲ့သည့်သူများအပေါ်၌ပင်လျှင် ကျွန်တော်တို့၏အပြုအမူများက အကျိုးသက်ရောက်စေသည်။ ထို့ကြောင့်ပင် ကျွန်တော်တို့၏ ကိုယ်ရေးကိုယ်တာ ဘဝများကိုကျော်လွန်ပြီး ကျွန်တော်တို့မှာ ရှိသမျှအကောင်းဆုံးအရာများကို ထုတ်ဖော်ပြရန်အတွက် တာဝန်လည်းရှိ၊ ဝတ္တရားလည်းရှိပါသည်။ ။

[ခင်မောင်ညို (ဘောဂဗေဒ)၏ "ထိပ်ဆုံးမှာတွေ့ကြမယ်" စာအုပ်မှ "ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ ထိုအရာကိုသာလက်ဆင့်ကမ်းပါ" ဆောင်းပါးကို စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။ စာတည်း]

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

"အဘ စောစောကရွတ်တဲ့လင်္ကာကို ကြားဖူးသလိုလိုတော့ အရှိသားဗျ"

ကိုညွန့်မောင်က စကားစသည်။

"ဟေ၊ ကြားဖူးသလိုလိုရှိတယ်ဟုတ်စ။ မင်းလို တွင်းတူးတစ်ယောက်ဟာ ဒီလင်္ကာကို ကြားဖူးရုံပဲ ကြားဖူးသလား မောင်ညွန့်မောင်"

ကိုညွန့်မောင်၏စကားအတွက် ဦးသာကျော် အံ့အားသင့်ဟန်ပြသည်။

"ကျွန်တော်က တွင်းတူးဆိုပေမဲ့ ဒီအလုပ်ကိုလုပ်တာ ကြာသေးတာမဟုတ်ဘူး အဘရဲ့။ ကျွန်တော့် ဇာတိက ကျောက်ပန်းတောင်း။ အရင်ကတော့ ထန်းလျက်ချက်နေတာပါပဲ။ အလုပ်ကမကိုက်လို့ ဒီဘက်ကို ပြောင်းလာတာ။ ဒီရောက်တာမှ လေးငါးလပဲ ရှိသေးတယ်။ ဒီကဗလေ့ကို သိပ်မသိလှသေးဘူး"

"ဩ ဒါကြောင့်ကိုး" ဦးသာကျော်က ခေါင်းညိတ်ရင်း မှတ်ချက်ချသည်။

"အဘရွတ်တဲ့လင်္ကာဟာ တွင်းနတ်ကို ပူဇော်တာဆို"

"အင်း"

"ပွဲတစ်ဆယ့်တစ်ပွဲတောင် ပြင်ရပါလားအဘရဲ့။ တွင်းနတ်က ဆယ့်တစ်ပါးမို့လား"

"မဟုတ်ဘူးကွဲ့။ တွင်းနတ်က ကိုးပါးတင်ပါ။ ရေနံချောင်းဘိုးဘိုးအတွက် တစ်ပွဲ၊ မိဖုရားခုနစ်ဖော်အတွက် ခုနစ်ပွဲ၊ မောင်တော်ကျည်းပုဏ္ဏားအတွက် တစ်ပွဲ၊ ကျန်တာကတော့ ရက္ခစိုးအတွက်တစ်ပွဲနဲ့ ဘုမ္မစိုးအတွက် တစ်ပွဲ၊ ပေါင်း ဆယ့်တစ်ပွဲပေါ့"

"အဲဒီနတ်တွေက ဘယ်လိုဖြစ်ပြီး နတ်ဖြစ်ကုန်ကြတာလဲ အဘရဲ့"

"ဟေ"

ကိုညွန့်မောင်၏အမေးကို ထပ်မံအံ့ဩရဟန်ဖြင့် ဦးသာကျော်မှာ "ဟေ" ခနဲ အသံထွက်သွားပြန်သည်။

"ဒီအကြောင်းကိုလည်း မသိပြန်ဘူးလား မောင်ညွန့်မောင်"

"မသိပြန်ဘူးအဘရဲ့။ ကျွန်တော့်အဖို့ကတော့ အစစအရာရာ အထူးအဆန်းချည်းပါပဲ။ အဘလို ရှေ့မီနောက်မီပုဂ္ဂိုလ်နဲ့ ကြုံရတာကလည်း ဘာမှ မကြာသေးဘူးမဟုတ်လား။ အရင်နေ့တွေက မေးမယ်မေးမယ်နဲ့ မမေးဖြစ်သေးဘူး"

"အေး– မောင်ညွန့်မောင်က စပ်စုချင်စိတ်ရှိတယ်။ မသိတာမေး မစင်တာဆေးဆိုသလိုပေါ့။ မသိတာ ရှိရင် မေးတာ အကောင်းဆုံးပဲ။ ရေနံမြေမှာ ကျင်လည်နေရပေမဲ့ တချို့ဆိုရင် ရေနံနဲ့ပတ်သက်လို့ ဘာမှသိကြတာမဟုတ်ဘူး။ သိအောင်လည်း မကြိုးစားဘူး၊ လူဆိုတာ ကိုယ်နဲ့နီးစပ်တဲ့နေရာဒေသက ဇာတ်သုတတော့ ရှိသင့်သပေါ့ကွယ်"

ဦးသာကျော်က ရေနွေးကြမ်းတစ်ခွက်ကို တစ်ဆက်တည်း သောက်ချလိုက်သည်။ ကိုညွန့်မောင်က ဦးသာကျော်၏စကားကို စိတ်စောစွာ နားစွင့်နေသည်။

"ပြောမယ်ဆိုရင်တော့ အတော်ရှည်ရှည်ဝေးဝေး ပြောရလိမ့်မယ် မောင်ညွန့်မောင်"

ဦးသာကျော်က ရေနွေးကြမ်းခွက်ကို ချထားလိုက်သည်။

ယခုအခါ ကိုညွန့်မောင်သာမက အနီးအပါးမှ လူအချို့ပါ ဦးသာကျော်၏စကားကို နားစွင့်နေကြသည်။ ဦးသာကျော်ထံ အာရုံရောက်ကြရပြန်သည်။ သည်တွင် လူအားလုံးအနက် ဦးသာကျော်၏စကားကို ဂရုအစိုက်ဆုံး၊ နားအစွင့်ဆုံး လူငယ်တစ်ယောက် ရှိသည်။ သူ၏အသက်မှာ ဆယ့်သုံးနှစ်မျှသာ ရှိသေးသည်။ အသားအရေ ညိုမွဲခြောက်သွေ့ကာ သေးကွေးကြုံလှီသော လူငယ်တစ်ယောက်ဖြစ်သည်။ သူ၏အမည်မှာ ညိုထွန်းဖြစ်လေသည်။

**"အေး - မောင်ညွန့်မောင်က စပ်စုချင်စိတ်ရှိတယ်။ မသိတာမေး မစင်တာဆေး ဆိုသလိုပေါ့။ မသိတာရှိရင် မေးတာအကောင်းဆုံးပဲ။ ရေနံမြေမှာ ကျင်လည်နေရပေမဲ့ တချို့ဆိုရင် ရေနံနဲ့ပတ်သက်လို့ ဘာမှသိကြတာမဟုတ်ဘူး။ သိအောင်လည်း မကြိုးစားဘူး၊ လူဆိုတာ ကိုယ်နဲ့နီးစပ်တဲ့နေရာဒေသက ဇာတ်သုတတော့ ရှိသင့်သပေါ့ကွယ်"**

ညိုထွန်းသည် ကိုညွန့်မောင်ဆိုသူ၏ သားဖြစ်သည်။ သူသည် ဦးသာကျော်၏စကားကို ပိုမိုကြားသာစေရန်အတွက် ရှေ့သို့ တရွေ့ရွေ့တိုးခဲ့သည်။

"နတ်ကိုးပါးအနက် တစ်ပါးဖြစ်တဲ့ ဘိုးတော်ဆိုတာ ပုဂံပြည်က တန်နက်မိဖုရားကြီးရဲ့ မောင်တော်ကွယ့်၊ ရေနံကိုစပြီးတွေ့ခဲ့ကြတဲ့ အနွယ်တော်ဆယ့်နှစ်ဦးရဲ့ အကြီးအကဲ။ ရေနံကို စတင်ရှာဖွေရာမှာ ခေါင်းဆောင်ပေါ့။ အနွယ်တော်တွေကို အစွဲအလမ်းကြီးလွန်းအားကြီးပြီး သေတော့နတ်ဖြစ်တယ်လို့ ယူဆကြတယ်။ မိဖုရားခုနစ်ဖော်ဆိုတာကတော့ အလောင်းစည်သူမင်းကြီးရဲ့ မိဖုရားတွေဖြစ်ကြတဲ့ ညောင်အုပ်စားမိဖုရား၊ ညောင်ရွှေစားမိဖုရား၊ စလေစားမိဖုရား၊ ကျပင်းစားမိဖုရား၊ ညောင်ရမ်းစားမိဖုရားစတဲ့ မိဖုရားခုနစ်ဖော်ပေါ့။ အလောင်းစည်သူမင်းကြီး တိုင်းခန်းလှည့်လည်တဲ့အခါမှာ ရေနံ့သာမြို့ကို ရောက်လာတယ်။ မင်းကြီးရဲ့ မိဖုရားခုနစ်ဖော်ဟာ အခု တို့များ တွင်းမတော်လို့ခေါ်တဲ့အရပ်ကို ရောက်တဲ့အခါမှာ နံ့သာမြေဆီကိုတွေ့ကြရတယ်။ ဟိုအခါတုန်းကတော့ "အံ့ကိုးထွေ ဖြိုးဝေထိန်လို့လင်း၊ ရေနံ့သာ စီးဖြာသွယ်သွယ်ဆင်း"ဆိုတာလို ရေနံဟာ ချောင်းများလို စီးဆင်းနေပုံရတယ်။ မိဖုရားခုနစ်ဖော်ဟာ ထူးဆန်းအံ့ဩစရာကောင်းတဲ့ နံ့သာချောင်းမှာ အလွန်အကြူးမြူးထူးပျော်ပါးပြီး မင်းကြီးဆီ အခစားဝင်ဖို့ လစ်လပ်ခဲ့တယ်။ မင်းကြီးဟာ ဟိုတစ်ခါက ယောက်သွားတောင်လို့ခေါ်တဲ့နေရာမှာသွားပြီး မိဖုရားတွေကို စောင့်နေရတယ်။ အဲဒီအချိန်ကစပြီး ယောက်သွားတောင်ဟာ မင်းလင့်တောင်လို့တွင်သတဲ့။

"အလောင်းစည်သူမင်းကြီးဟာ မိဖုရားတွေအတွက် အချိန်လင့်ပါးရတာမို့ အမျက်ထားပြီး မိဖုရားတွေကို သတ်စေလို့ အမိန့်ပေးတယ်။ မိဖုရားတွေကလည်း နံ့သာမြေဆီကို အကြောင်းပြုပြီး အသက်ဆုံးရတော့မှာမို့ အဓိဋ္ဌာန်ပြုတဲ့အခါမှာ သေလွန်ရင် နံ့သာမြေမှာ အစောင့်အကြပ်နတ်များ ဖြစ်ရပါလို၏လို့ ဆုတောင်းကြတယ်။ နံ့သာမြေဆီဟာလည်း မွှေးရနံ့ပျောက်ပြီး နံသော အနံ့အသက် ရောက်ပါစေသတည်းလို့ ကျိန်ခဲ့တယ်။ မိဖုရားခုနစ်ဖော်နဲ့ မိဖုရားများရဲ့ အထိန်းအယ ကျည်းပုဏ္ဏား မောင်တော်ဟာလည်း အသတ်ခံခဲ့ရတယ်။ အလောင်းစည်သူမင်းက မိဖုရားတွေရဲ့ ဆုတောင်းအတိုင်း ရေနံ့သာမြေကို အပိုင်စားပေးတယ်။ တွင်းရိုးတွင်းစားတွေကို ပူဇော်ပသစေတယ်။ ဒီလိုနဲ့ သူတို့ဟာ နတ်ဖြစ်လာကြတယ်။ အဲဒီအချိန်ကစပြီး နံ့သာမြေဆီဟာလည်း နံ့သာရေလို ပျံ့မွှေးရာက နံစော်လာတယ်။ ချောင်းလို စီးထွက်လာတယ်။ ဒါကြောင့် တို့များရဲ့ မြို့အမည်ဟာ ရေနံ့သာကနေ ရေနံချောင်းဖြစ်လာရတာပဲ"

ဦးသာကျော်က စကားကို အဆုံးသတ်လိုက်သည်။

ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့ကာ တစ်စုပ်ချင်း မှုတ်သောက်သည်။

"အင်း။ ဒီအတိုင်းဆိုရင် ဒီမြေဒီဒေသဟာ အတော်ထူးခြားတာပဲနော် အဘ။ ဒါထက် အဘရယ်၊ မသိတာရှိရင် ဆက်မေးပါရစေဦး၊ ကျွန်တော်တူးနေတဲ့ တွင်းပိုင်ရှင် ဦးအောင်ခန့်ဟာ အရင်က အဘလို တွင်းထိန်းဆို။ တွင်းထိန်းကနေ ဘယ့်နှယ် တွင်းစားဖြစ်သွားရတာလဲဟင်"

သည်အမေးကို ဖြေရန်အတွက်မူ ဦးသာကျော်မှာ ခပ်ဆိုင်းဆိုင်းဖြစ်သွားသည်။

"အင်း ဒါကတော့ ကံတရားလို့ ဆိုရလေမလားမသိပါဘူးကွယ်။ ဦးအောင်ခန့်ဟာ အစကတော့ အဘနဲ့ တွဲဖက်ပေါ့။ အလုပ်အတူလုပ်ဖက်ပေါ့။ သူက အဘတို့လို မဟုတ်ဘူး။ အင်မတန် ဝီရိယကောင်းပြီး စိတ်ထက်တဲ့လူစားမျိုးကလား။ တွင်းထိန်းလုပ်နေရာကနေ တချို့တွင်းတွေကို တွင်းစားတွေ၊ တွင်းရိုးတွေနဲ့ စပ်တွင်းတူးတယ်။ စပ်တွင်းဆိုတာက တွင်းပိုင်ရှင်နဲ့ တွင်းတူးစရိတ် ကျခံတူးဖော်သူတို့ ရေနံပေါက်ရင် ထက်ဝက်စီယူတဲ့စနစ်ပဲ။ ဒီနေရာမှာ တွင်းတစ်တွင်းဟာ တူးတိုင်း ရေနံရမယ်လို့ ဘယ်သူ့မှ အာမမခံနိုင်ဘူး။ စပ်တွင်းမှာတူးတဲ့လူဟာ ရေနံရရင်တော်ပါရဲ့။ မရရင် တက်တက်ပြောင်အောင် မွဲတာပဲ။ ဦးအောင်ခန့်က ကံလိုက်တော့ တစ်တွင်းမှ ဒိုင်မလျော်ခဲ့ရဘူး။ အားလုံးအောင်တယ်။ ဒီလိုနဲ့ တချို့တွင်းတွေကို အပိုင်ဝယ်တယ်။ ကိုယ်ပိုင်လုပ်တယ်။ တစ်စထက်တစ်စ ချမ်းသာလာရောဆိုပါတော့"

ဦးသာကျော်သည် အနားယူသလို စကားဖြတ်ထားလိုက်သည်။ ပြီးမှ –

"ချမ်းသာလာတော့ သမီးရှင်တွေက သူ့အပေါ် မျက်စိကျလာတာပေါ့။ တွင်းရိုး တွင်းစား မိန်းကလေးအတော်များများထဲက သူဟာ မမြလေးကို ရွေးပြီး လက်ထပ်ခဲ့တာပဲ။ မမြလေးဟာ တွင်းရိုးပေါ့"

"နေပါဦး အဘရယ်၊ ကျွန်တော့်မှာ မရှင်းတာရှိလို့ မေးပါရစေဦး။ ဒေါ်မြလေးက တွင်းရိုးဆိုတော့ ဒေါ်မြလေးနဲ့ လက်ထပ်ခဲ့တဲ့ ဦးအောင်ခန့်ဟာ တွင်းရိုးဖြစ်မလာဘူးလား။ ဘယ့်နှယ်ကြောင့် တွင်းစားဖြစ်လာရတာလဲ"

"ဒါကတော့ မောင်ညွန့်မောင် တွင်းရိုးနဲ့ တွင်းစားဆိုတာကို ကွဲကွဲပြားပြား သဘောမပေါက်လို့ဖြစ်ပါလိမ့်မယ်။ ဒီလိုရှိတယ် မောင်ညွန့်မောင်၊ တွင်းရိုးဆိုတာက တကယ်တမ်းတွက်စစ်ကြည့်ရင် သိပ်များများစားစား မရှိလှဘူးကွယ့်။ အနော်ရထာမင်းလက်ထက်မှာ နံ့သာမြေဆီ ဖောက်ကားရောင်းဝယ်စားနေတဲ့ တန်နက်မင်းရဲ့ မိဖုရားအနွယ်တော်တွေကို မှူးမတ်တွေလွှတ်ပြီး စာရင်းယူစေတဲ့အခါကျတော့ ပထမ ဆယ့်နှစ်ဦး၊ အငယ်ခုနစ်ဦးနဲ့ နောက်ဆင့်ပွားလာသူ ငါးဦး၊ ပေါင်း တွင်းရိုးနှစ်ဆယ့်လေးဦး စာရင်းပေါက်တယ်။ တွင်းစားလို့ခေါ်တဲ့ လူဆယ့်လေးဦးလည်း တစ်ပြိုင်နက်ပေါ်ပေါက်လာခဲ့တယ်။ အနော်ရထာမင်းဟာ တွင်းရိုးတွေထဲက အကြီးအကဲတစ်ဦးကို တွင်းသူကြီးရာထူးအပ်နှင်းတယ်။ နောက်အကြီးအကဲနှစ်ဦးကို တွင်းခေါင်းရိုးနဲ့ တွင်းဆော်ရိုးလို့ ရာထူးခန့်တယ်။ ကျန် နှစ်ဆယ့်တစ်ဦးကို တွင်းရိုးလို့ခေါ်စေပြီး ဆင့်ကဲပေါက်ပွားလာတဲ့ ဆယ့်လေးဦးကို တွင်းစားလို့ ခေါ်တွင်စေတယ်။ မြန်မာဘုရင်များလက်ထက်က တွင်းရိုးတွေဟာ မင်းမှုမင်းခင်း၊ အခွန်တော်ခွဲခန့်ခြင်း ကင်းလွတ်ကြတယ်။ အမှုတစ်စုံတစ်ရာဖြစ်ရင် တွင်းကြီးမင်းဆီမှာသာ ဖြေရှင်းရတယ်။

"တွင်းရိုး တွင်းစားတွေမှာ မျိုးရိုးစဉ်ဆက်နဲ့ အမွေဆက်ဆံခွင့် ဥပဒေသအမျိုးမျိုး ရှိတယ်။ ယောကျ်ားတွင်းရိုးရဲ့ အမွေဆက်ခံထိုက်သူဟာ သားဦးယောကျ်ားပဲဖြစ်ရတယ်။ သမီးမိန်းမ မဖြစ်ရဘူး။ ကျန်သားသမီးတွေဟာ တွင်းစားသာဖြစ်ကြရတယ်။ မိန်းမတွင်းရိုးမှာလည်း အမွေဆက်ခံထိုက်သူဟာ သမီးမိန်းမပဲ ဖြစ်ရတယ်။ ဦးအောင်ခန့်ဟာ အင်မတန် တွင်းရိုးဖြစ်ချင်တဲ့လူပေါ့။ သူမှ မဟုတ်ပါဘူးလေ။ တွင်းရိုးဖြစ်ချင်တဲ့အထဲမှာ မင်းတုန်းမင်းတရားကြီးတောင် ပါဝင်ခဲ့သေးတာကလား။ မင်းတုန်းမင်းကြီးဟာ ရေနံတွင်း တစ်ရာ့နှစ်ဆယ်ပိုင်တယ်။ ရေနံချောင်းဝန်ရဲ့ သမီးတော် သုသီရိမဟာဘွဲ့ခံ မှန်နန်းအပျိုတော်ကို ကောက်ယူတယ်။ ကျေးမြှင်တိုက်ကို သနားတော်မူခြင်းခံရလို့ ကျေးမြှင်မိဖုရားလို့ တွင်တယ်။ အဲဒီလို ကောက်ယူတော့ ရေနံချောင်းဝန်ကို ရေနံတွင်း လက်ဖွဲ့စေတယ်။ ဒါပေမဲ့ ရှေးအစဉ်အလာတစ်ရပ်ကို သက်ဦးဆံပိုင်ဘုရင်တောင် ပယ်ဖျက်လို့မရခဲ့ဘူး။ မင်းတုန်းမင်းကြီးဟာ တွင်းရိုးကို မိဖုရားမြောက်ရုံနဲ့ တွင်းရိုးဖြစ်မလာခဲ့ရှာဘူး။ တွင်းစားပဲ ဖြစ်ရတယ်။ တွင်းရိုးနဲ့ တွင်းစားမှာ ကွာခြားတာက တွင်းရိုးဟာ တွင်းကို ပိုင်ဆိုင်ခွင့်ရှိတယ်။ ရေနံတွင်းသစ် ရှာခွင့်ရှိတယ်။ တွင်းစားတွေအဖို့ကတော့ ဆိုင်သာဆိုင် မပိုင်ဘူးဆိုတာလိုပဲ။ အခွင့်အရေးနည်းတယ်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသည့် အောက်ဆီဂျင်၊ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြတ်လပ်မှုမရှိစေဘဲ အမြန်ဆုံးဝင်ရောက်နိုင်ရေးအတွက် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်သွင်းခွင့်ပြုပေးလျက်ရှိရာ အများပြည်သူအလုပ်ပိတ်ရက်များတွင်လည်း အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိမ်သုံးအောက်ဆီဂျင်စက် ၂၅၉ ခု၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၂၀၀၀၊ နှာခေါင်းစည်း လေးတန်၊ ဆိပ်ကမ်းများမှ အောက်ဆီဂျင်(အိုးခွံ) ၈၇၀၊ အိမ်သုံးအောက်ဆီဂျင်စက်၂၀ အပါအဝင် ချင်းရွှေဟော်၊ မြဝတီ၊ တာချီလိတ်၊ ကော့သောင်း၊ ထီးခီး ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်(အရည်) Bowser ယာဉ် သုံးစီးဖြင့် ၅၇ တန်၊ အောက်ဆီဂျင် (အရည်) အိုးဖြင့် သုံးတန်၊ အောက်ဆီဂျင်အိုး(အခွံ) ၄၂၇၀၊ အောက်ဆီဂျင်ထုတ်သည့်စက် တစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၂၇၉ ခု၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၃၁၀၀ နှင့် နှာခေါင်းစည်း ၃၅ တန် တင်သွင်းနိုင်ခဲ့သည်။ အထက်ပါပစ္စည်းများအား ကုမ္ပဏီ ၁၆ ခုမှ ယာဉ်စီးရေ၂၅ စီး ဖြင့် တင်သွင်းလာခြင်းဖြစ်ပြီး အောက်ဆီဂျင်အရည် (Bowser)ယာဉ် သုံးစီးနှင့် အောက်ဆီဂျင်ထုတ်သည့်စက် တစ်ခုမှာ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရသည်။



ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ တင်သွင်းလာသည့် ယာဉ်များကို တွေ့ရစဉ်။

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာတာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ်မေးမြန်းနိုင်သည့် တာဝန်ခံများကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ



**နေပြည်တော် ဩဂုတ် ၂၅**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဩဂုတ် ၂၅ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီ ၂၆ ခုမှ Azeath ၄၂၀၅၃ ခု၊ Nuronem Injection ၂၂၀၀၊ Immurich Tablets ၁၁၀၀၀၊ Glarine Injection ၃၀၀၀၊ Nutrivit C Tablet ၄၂၆ ခု၊ Baricent Tablets ၄၀၄၄၀၊ VALPROL-CR Tablets ၁၉၄၇၈ ခု၊ Calcogard Retard Tablets ၃၉၃၅၀၊ Enzystal Tablet ၅၄၀၀၊ အိမ်သုံးအောက်ဆီဂျင်စက် ၂၅၉ ခု၊ နှာခေါင်းစည်း ၄၂၁၀၊ Automatic Machine For Individual Use တစ်ခု၊ Detection Kit ၃၀၊ လက်အိတ် ၂၅ ခု၊ Oxygen Mask ၁၀ ခု၊ Nasal Cannula ငါးခု၊ မျက်နှာကာ ၃၀၊ Oxygen Regulator ၁၀၀၊ Oxygen Concentrator Spare Parts တစ်ခု၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၂၀၀၀၊ Humidifier Bottles ၅၀၊ Oximeter ၉၅၁ ခု၊ Thermometer တစ်ခု၊ ရန်ကုန်ဆိပ်ကမ်းများမှ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၆၁၈၈၀၊ Oxygen Cylinder ၈၇၀၊ အိမ်သုံးအောက်ဆီဂျင်စက် ၃၀၊ Oximeter ၅၀၀၊ ဆေးဝါးမျိုးစုံ ၅၃ မျိုး ၁၇၁၂၁၈ ဒသမ ၁၉၂ ကီလိုဂရမ်၊ နယ်စပ် (ချင်းရွှေဟော်၊ တာချီလိတ်၊ ကော့သောင်း၊ မြဝတီ) တွင် ကုမ္ပဏီ ၂၄ ခုမှ Oxygen Cylinder ၃၉၂၀၊ အိမ်သုံးအောက်ဆီဂျင်စက် ၂၄၉ ခု၊ နှာခေါင်းစည်း ၇၉၂၆၉ ကီလိုဂရမ်၊ အောက်ဆီဂျင်အရည် ၁၄၉၂၇ ကုဗမီတာ၊ အောက်ဆီဂျင်အရည် ၆၀ ဒသမ ၈၄ တန်၊ Flow Meter ၂၈၆၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၅၃၀၀၊ အောက်ဆီဂျင်ထုတ်သည့်စက် တစ်ခု၊ Oxygen Mask ၈၀၀၀၊ Oximeter ၃၀၀၀၀၊ Cannula ၅၀၀၊ အပူချိန်တိုင်းကိရိယာ ၁၅၀၀၀၊ Enoxaparin Sodium Injection ကီလိုဂရမ် ၁၈၀ တို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောင်းကုန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး

**ကျောင်းကုန်း ဩဂုတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များက ကျန်းမာရေးအသိပညာပေးချက်နှင့် လုံခြုံရေးအသိပညာပေးချက်များအား ယနေ့နံနက် ၈ နာရီက မြို့နယ်အတွင်း လှည့်လည်ဆော်ဩခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# ထီးလင်းမြို့နယ်၌ နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုဆောင်ရွက်

**ထီးလင်း ဩဂုတ် ၂၅**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးအတွက် နှာခေါင်းစည်းတပ်ဆင်ရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် နှာခေါင်းစည်း ၂၇၅၀၀ ကိုယနေ့မှစ၍ ရပ်ကွက်/ကျေးရွာအုပ်စုများရှိ အိမ်ထောင်စုများ လက်ဝယ်အရောက် အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုကြောင့် ထီးလင်းမြို့ပေါ်၌ ပိုးတွေ့လူနာများ လျော့နည်းလာပြီဖြစ်သော်လည်း ကျေးရွာများတွင် နှာခေါင်းစည်းတပ်ဆင်မှု အားနည်းခြင်းကြောင့် ပိုးတွေ့ရှိမှုများရှိနေသဖြင့် ပိုးတွေ့မှုနှုန်း လျော့ချကာကွယ်နိုင်ရန် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က နှာခေါင်းစည်း ၂၇၅၀၀ ကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီများမှတစ်ဆင့် ရပ်ကွက်/ကျေးရွာအုပ်စုများရှိ အိမ်ထောင်စုများ လက်ဝယ်အရောက် အခမဲ့ဖြန့်ဝေပေးရန် ပေးပို့ခြင်းဖြစ်ကြောင်း သိရသည်။



ထီးလင်းမြို့နယ်၌ ရပ်ကွက် နှစ်ခု၊ ကျေးရွာအုပ်စု ၇၁ အုပ်စုရှိပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက ဩဂုတ် ၂၅ ရက်မှ ၃၁ ရက်အထိ ရပ်ကွက်နှင့် ကျေးရွာများအရောက် သွားရောက်၍ နှာခေါင်းစည်းများကို ပြည်သူများလက်ဝယ်အရောက် ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ **အောင်စည် (ပြန်/ဆက်)**

# မိုင်းယောင်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေးနှိုးဆော်

**မိုင်းယောင်း ဩဂုတ် ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေး အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ရောဂါကူးစက်ပြန့်ပွားမှုကို လျော့နည်းစေပြီး ထိရောက်စွာ ကုသထိန်းချုပ်နိုင်ရန် ရှမ်းဘာသာ၊ မြန်မာဘာသာများဖြင့် ယနေ့နံနက်ပိုင်းမှစ၍ ရပ်ကွက်နှင့် ကျေးရွာများအရောက် မော်တော်ယာဉ်ဖြင့် လှည့်လည်နှိုးဆော်ခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

## အနုပညာ

# Rolling Stones ရဲ့ ဒရမ်တီးသူ ချာလီဝက်စ် ကွယ်လွန်



ကျော်ကြားတဲ့ ဗြိတိန်ရော့ခ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Rolling Stones မှာ ဒရမ်တီးသူအဖြစ် ပင်တိုင်ပါဝင်ခဲ့သူ ချာလီဝက်စ်ဟာ လတ်တလောမှာ ကွယ်လွန်ခဲ့ပြီဖြစ်ပါတယ်။ သူဟာ ကွယ်လွန်ချိန်မှာ အသက် ၈၀ အရွယ်ရှိပြီဖြစ်ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ရော့ခ်တေးဂီတသမားတွေအနက် အအေးဆုံးလို့ သတ်မှတ်ခံထားရတဲ့ ချာလီဝက်စ်ဟာ ဩဂုတ် ၂၄ ရက်က ကွယ်လွန်ခဲ့တာပါ။ Rolling Stones ရဲ့ မကြာမီပြုလုပ်သွားမယ့် အမေရိကန်နယ်လှည့်တေးဂီတဖျော်ဖြေပွဲတွေမှာတော့ ချာလီဝက်စ်ကို ချန်လှပ်ထားခဲ့ကြပါတယ်။ ဒီလို သူမပါဘဲ ဖျော်ဖြေပွဲပြုလုပ်ရတာဟာ သူ့ရဲ့ ကျန်းမာရေးအခြေအနေကြောင့်ဖြစ်တယ်လို့ သိရပြီး ချာလီဝက်စ်ကတော့ အဆိုပါနယ်လှည့်ဖျော်ဖြေပွဲ အစီအစဉ်တွေကို ထုတ်ပြန်ကြေညာခဲ့ပြီးနောက် သီတင်းပတ်သုံးပတ်အကြာမှာ ကွယ်လွန်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

ချာလီဝက်စ်ဟာ လန်ဒန်မှာရှိတဲ့ ဆေးရုံတစ်ရုံမှာ ကွယ်လွန်ခဲ့တာဖြစ်ပြီး ကွယ်လွန်ချိန်မှာ မိသားစုဝင်တွေလည်း အနားမှာ ရှိနေကြောင်း သိရပါတယ်။ ချာလီဝက်စ်ကွယ်လွန်ခဲ့တဲ့အပေါ် အနုပညာအသိုင်းအဝိုင်းကသာမက သူ့ရဲ့ ပရိသတ်တွေကလည်း ဝမ်းနည်းကြောင်း လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ရေးသားဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။




# သည်းထိတ်ရင်ဖိုရုပ်ရှင်သစ်တွင် ဂျီယောင်း၊ ဆောင်းဂျီအွန်းနှင့် ကင်နူရီတို့ ပါဝင်သရုပ်ဆောင်မည်

တောင်ကိုရီးယားရုပ်ရှင်သစ်တစ်ကားမှာ အမျိုးသမီးတေးဂီတအဖွဲ့ T-ara ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျီယောင်းနဲ့အတူ အခြားသော သရုပ်ဆောင်တွေဖြစ်ကြတဲ့ ဆောင်းဂျီအွန်းနဲ့ ကင်နူရီတို့ တွဲဖက်ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါရုပ်ရှင်ဟာ Woman of Fire လို့ ယာယီအမည်ပေးထားပြီး သည်းထိတ်ရင်ဖိုရုပ်ရှင်အမျိုးအစားဖြစ်ပါတယ်။ ယင်းရုပ်ရှင်မှာ အနုပညာလောကကို ပြန်လည်ဝင်ရောက်ဖို့ ကြိုးပမ်းခဲ့တဲ့ မင်းသမီးတစ်ဦးအကြောင်းကို ပုံဖော်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

အဆိုပါရုပ်ရှင်မှာ ဂျီယောင်းဟာ အဓိကဇာတ်ဆောင်မင်းသမီးနေရာကနေ ပါဝင်သွားမှာဖြစ်ပြီး ဆောင်းဂျီအွန်းကတော့ မင်းသမီးကို ပွဲဦးထွက်စဉ်ကတည်းက အားပေးလာခဲ့တဲ့ ပရိသတ်တစ်ဦးအဖြစ် ပါဝင်သွားမှာပါ။ ကင်နူရီကတော့ ဂျီယောင်းပါဝင်ထားတဲ့ ဇာတ်ကောင်နဲ့ အေဂျင်စီတစ်ခုတည်းအောက်မှာ လှုပ်ရှားနေပြီး ပရိသတ်အားပေးမှုကို ရရှိထားတဲ့ မင်းသမီးတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

# ပွဲဦးထွက်ပြီးနောက် ငါးရက်အကြာမှာ အဖွဲ့ဖျက်သိမ်းလိုက်တဲ့ SOLIA



တောင်ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့ SOLIA ဟာ အဖွဲ့ရဲ့ တေးသီချင်းကို တရားဝင် စတင်ထုတ်လွှင့်ခဲ့ပြီးနောက် ငါးရက်အကြာမှာ အဖွဲ့ဖျက်သိမ်းကြောင်း ကြေညာခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

SOLIA ဟာ အဖွဲ့ဝင်ငါးဦး ပါဝင်တဲ့ တေးဂီတအဖွဲ့ဖြစ်ပြီး အဖွဲ့ရဲ့ ပွဲဦးထွက်တေးအယ်လ်ဘမ် Dream ကို ဩဂုတ် ၁၇ ရက်က စတင်ထုတ်လွှင့်ပေးခဲ့တာဖြစ်ပါတယ်။ အဆိုပါ တေးအယ်လ်ဘမ် ထုတ်လွှင့်ပေးပြီးနောက် တေးအယ်လ်ဘမ်အတွက် အရောင်းမြှင့်တင်ရေးလုပ်ငန်းတွေကို အဖွဲ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် လုပ်ဆောင်ခဲ့တာ တွေ့ရပါတယ်။

ဩဂုတ် ၂၂ ရက်မှာ အဖွဲ့ရဲ့ အေဂျင်စီဖြစ်တဲ့ စပေ့စ်မြူးဇစ်အင်တာတိန်းမန့်က အေဂျင်စီအနေနဲ့ အဖွဲ့ရဲ့အနုပညာလှုပ်ရှားမှုတွေကို ဆက်လက်လုပ်ဆောင်နိုင်ခြင်းမရှိတော့ကြောင်း ရေးသားဖော်ပြခဲ့ကာ အဖွဲ့ဖျက်သိမ်းကြောင်း ကြေညာခဲ့ပါတယ်။ ပရိသတ်တွေအနေနဲ့ အဖွဲ့ဝင်တစ်ဦးချင်းစီရဲ့ လှုပ်ရှားမှုတွေကို သူတို့ရဲ့ အင်စတာဂရမ်စာမျက်နှာတွေပေါ်ကနေတစ်ဆင့် တွေ့မြင်နိုင်ကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့တယ်လို့ သိရပါတယ်။

# ကျှိုင်းနဲ့ ခရက်ရှ်တို့ ချစ်သူတွေဖြစ်ကြောင်း အတည်ပြု



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲ လတ်တလောမှာ ပေါ်ထွက်လာခဲ့ပြီဖြစ်ပါတယ်။ သူတို့ကတော့ တောင်ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့ Red Velvet ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ကျှိုင်းနဲ့ တေးသံရှင်တစ်ဦးဖြစ်တဲ့ ခရက်ရှ်တို့ပဲ ဖြစ်ပါတယ်။ သူတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြောင်း သူတို့ရဲ့ အေဂျင်စီတွေဘက်ကလည်း အတည်ပြုပြီးဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကျှိုင်းနဲ့ ခရက်ရှ်တို့ဟာ ပြီးခဲ့တဲ့နှစ် မေလအတွင်း နှစ်ဦးအတူ ဖန်တီးထားတဲ့ တေးသီချင်း Mayday ကို စတင်ထုတ်လွှင့်ပေးခဲ့ပါတယ်။ အဆိုပါ တေးသီချင်း ပူးပေါင်းဖန်တီးမှုပြီးကတည်းက နှစ်ဦးသား အဆက်အသွယ်မပြတ် ရှိနေခဲ့တာပါ။ နောက်ပိုင်းမှာတော့ ချစ်သူတွေအဖြစ် လက်တွဲခဲ့ကြတာဖြစ်တယ်လို့ သိရပါတယ်။

သူတို့နှစ်ဦး ချစ်သူတွေ ဖြစ်နေကြောင်း သတင်းတွေကို ဒေသတွင်းမီဒီယာတစ်ခုက စတင်ဖော်ပြချိန်မှာ အေဂျင်စီတွေဘက်က အဆိုပါသတင်းမှန်၊ မမှန် စစ်ဆေးသွားမှာဖြစ်ကြောင်း တုံ့ပြန်ခဲ့ပြီး အဲဒီနောက်မှာတော့ သူတို့နှစ်ဦးဟာ လုပ်ဖော်ကိုင်ဖက် ဆက်ဆံရေးမျိုးရှိခဲ့ရာမှ နောက်ပိုင်းမှာ ချစ်သူတွေဖြစ်လာကြောင်း အတည်ပြုခဲ့တယ်လို့ သိရပါတယ်။

## အေးပြည့်-ရေးသားသည်

### ❖ ရီးယဲလ်မက်ဒရစ်အသင်းမှ

တိုက်စစ်မှူး အမ်ဘတ်ပီဟာ ပီအက်စ်ဂျီအသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၁၇၄ ပွဲ ပါဝင်ကစားပေးထားရာမှာ သွင်းဂိုးစုစုပေါင်း ၁၃၃ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပြီး ပြင်သစ်ပထမတန်းဖလားကို သုံးကြိမ်အထိ ရယူဆွတ်ခူးပေးနိုင်ခဲ့တာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ ကိုဗစ်-၁၉ ရောဂါရဲ့ ရိုက်ခတ်မှုကြောင့် ယူရိုသန်း ၃၀၀ အရှုံးပေါ်ခဲ့တာကြောင့် ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ဘိုင်ယန်မြူးနစ်အသင်းမှ နောက်တန်းကစားသမား ဒေးဗစ်အလာဘာကိုသာ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒါပေမယ့် ရီးယဲလ်မက်ဒရစ်အသင်းဟာ အခုနှစ် နွေရာသီဈေးကွက်အတွင်းမှာ နောက်ခံလူ ရာမို့စ်ကို ပီအက်စ်ဂျီအသင်းဆီ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ထွက်ခွာခွင့်ပြုခဲ့ပြီး နောက်တန်းကစားသမား ရာဖေးလ်ဗာရာနီကို မန်ယူအသင်းဆီ ပေါင် ၃၄ သန်း၊ အိုဒီဂတ်ကို အာဆင်နယ်အသင်းဆီ ပေါင်သန်း ၃၀ နဲ့ အသီးသီးရောင်းချခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် ရီးယဲလ်မက်ဒရစ်အသင်းအနေနဲ့ ကမ္ဘာ့တန်ဖိုးအမြင့်ဆုံးကစားသမားတစ်ဦးကို ခေါ်ယူနိုင်မယ့်အခြေအနေရရှိခဲ့တာမို့ ပီအက်စ်ဂျီအသင်းမှ တိုက်စစ်မှူး အမ်ဘတ်ပီကို ခေါ်ယူဖို့စီစဉ်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ ရီးယဲလ်မက်ဒရစ်အသင်းဟာ နွေရာသီဈေးကွက်ပိတ်သိမ်းမည့် ဩဂုတ် ၃၁ ရက် (အင်္ဂါနေ့ ည ၁၁ နာရီ)မတိုင်မီ တိုက်စစ်မှူး အမ်ဘတ်ပီကို ခေါ်ယူနိုင်ဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။ **ငွေကြယ်**

### ❍ ထီရယ်လ်ထန်မှ

ပွဲကောင်းများဖြစ်လာနိုင်ပြီး ထီရယ်လ်ထန်အတွက်လည်း အရေးပါသည့် ပွဲတစ်ပွဲဖြစ်သည်။ ထီရယ်လ်ထန်နှင့် ထိုးသတ်မည့် ဆောင်မင်ဂျောင်သည် ပွဲ ၂၀ မြောက် ထိုးသတ်ခြင်းဖြစ်ပြီး ထိုးသတ်ပြီးသည့် ၁၉ ပွဲတွင် ၁၁ ပွဲနိုင်၊ ရှစ်ပွဲရှုံးနိမ့်ထားသည်။

ထီရယ်လ်ထန်သည် အမေရိကန်နိုင်ငံ၌ နေထိုင်နေသူဖြစ်ပြီး နာမည်ကြီး မြန်မာ MMA ကစားသမား အောင်လအန်ဆန်နှင့်အတူ လေ့ကျင့်မှုများ ပြုလုပ်နေသူဖြစ်သည်။ ထီရယ်လ်ထန်သည် ၂၀၁၉ ခုနှစ်တွင် ONE Championship အဖွဲ့အစည်းနှင့် စတင်လက်တွဲခဲ့ပြီး ၂၀၁၉ ခုနှစ် မတ်လတွင် ကမ္ဘောဒီးယားနိုင်ငံသား ဆာရော့သ်၊ ၂၀၁၉ ခုနှစ် ဒီဇင်ဘာတွင် တောင်ကိုရီးယားနိုင်ငံသား ကင်မ်၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီတွင် ပေါလ်လူမီဟီတို့နှင့် ထိုးသတ်ခဲ့ရာ သုံးပွဲစလုံးအနိုင်ရရှိခဲ့သည်။ ယခုပွဲမှာ ထီရယ်လ်ထန်အတွက် လေးပွဲမြောက်ပွဲစဉ်လည်းဖြစ်ကာ ဘင်တန်ဝိတ်တန်းတွင် ကမ္ဘာ့ချန်ပီယံဖြစ်လာရန်အထိ ရည်မှန်းထားသူဖြစ်သည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-ONE Championship**

## ကြော်ငြာ၊ ပြည်တွင်းရေးရာ

# သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဩဂုတ် ၂၅**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၂၉)ကို ဩဂုတ် ၂၇ ရက် ညနေတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည် ဖြစ်သည်။ အဆိုပါ ပွဲစဉ်(၂၉)၏ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို အစီအစဉ် တင်ဆက်သူ ထူးပြည့်အောင်နှင့် ဆုမြလှိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည် ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဩဂုတ် ( ၂၇၊ ၂၈၊ ၂၉ )ရက် များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ(၆)နာရီ သတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# ဝသာန်မိုးရာသီ တေးသီချင်းများဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်




**နေပြည်တော် ဩဂုတ် ၂၅**

ဝသာန်မိုးရာသီ တေးသီချင်းများ ဖျော်ဖြေပွဲ၏ ပွဲစဉ်(၁၃)ကို ဩဂုတ် ၂၇ ရက် သောကြာနေ့ည ၈ နာရီသတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည်ဖြစ်သည်။ ယင်းအစီအစဉ်ကို ဂီတချစ်သူများ တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် တက္ကသိုလ်ကိုကိုဇော်၊ ထက်မြက်စိုး၊ အံ့ကျူးမောင်၊ ထက်အာကာကျော်၊ ရဲရင့်ဝေလွင်၊ မေထူးကျော်၊ စုလှိုင်မျိုးသိန်း၊ ဝင့်နဒီထက်နှင့် ဘိုမတို့က ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဩဂုတ် ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**✰ ကျောဖုံးမှ**

လက်ရှိတွင် မန္တလေးဈေးကွက်၌ ယခင်ကအစေ့ပါ တစ်ပိဿာလျှင် ငွေကျပ် ၈၀၀ အထိကျဆင်းခဲ့သော မန်ကျည်းဈေးနှုန်းမှာ ယနေ့တွင် ငွေကျပ် ၁၁၀၀ နှုန်းသို့လည်းကောင်း၊ ယခင်က အစေ့လွတ်တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀ ဈေးအထိကျဆင်းခဲ့သော မန်ကျည်းဈေးနှုန်းမှာ ယနေ့တွင် ငွေကျပ် ၂၃၀၀ နှုန်းသို့လည်းကောင်း ပြန်လည်မြင့်တက်ကာ အရောင်းသွက်နေကြောင်း သိရသည်။

**ဈေးနှုန်းတွေလည်းပြန်လည်မြင့်တက်လာ**

"မန်ကျည်းတစ်လှည့် ဆီးတစ်လှည့်ဆိုတဲ့ ဆိုရိုးစကားအရ ဒီနှစ်မှာတော့ မန်ကျည်းဈေးကောင်းတဲ့ နှစ်လို့ပြောရမှာပါ။ လက်ရှိအချိန်မှာ ဆီးသီးကိုဝယ်သူမရှိပေမယ့် မန်ကျည်းကတော့ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံရဲ့ ဝယ်ယူမှုကြောင့် အခုလိုဈေးကွက်ပြန်လည် လှုပ်ခတ်လာပြီး ဈေးနှုန်းတွေလည်း ပြန်လည်မြင့်တက်လာတာပါ။ ဒါကြောင့် မန်ကျည်းသမားတွေ ပျော်ရွှင်နေကြတယ်။ မန်ကျည်းက ပြည်တွင်းသာမက ပြည်ပမှာလည်း ဈေးကွက်ရှိတဲ့ ပစ္စည်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က မန်ကျည်းကို တရုတ်နဲ့ အိန္ဒိယနိုင်ငံတွေကလည်း ဝယ်ယူမှုတွေရှိခဲ့တယ်။ မြန်မာတွေကတော့ မန်ကျည်းကို ဟင်းချက်ရာမှာအသုံးပြုတဲ့အပြင် ဆေးဝါးဖော်စပ်ရာမှာလည်း မပါမဖြစ်ထည့်သွင်းအသုံးပြုကြပါတယ်"ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

**တင်ပို့ရောင်းချ**

မန်ကျည်းပင်ကို မြန်မာနိုင်ငံအနှံ့အပြား၌ ပေါက်ရောက်ရှင်သန်နေသည်ကိုတွေ့ရပြီး အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၌ ပေါက်ရောက် ရှင်သန်မှုများပြားကာ မန်ကျည်းထွက်ကုန်အား ကျောက်ပန်းတောင်း၊ ပုပ္ပါး၊ ပခုက္ကူ၊ ရမည်းသင်း၊ ဇီးပင်ကြီးနှင့် ပင်လည်ဘူးမြို့များမှ ဈေးကွက်သို့ အများဆုံးတင်ပို့ရောင်းချကြောင်းနှင့် ပေါ်ဦးပေါ်ဖျား တပေါင်းလတွင် စတင်ထွက်ရှိကာ သင်္ကြန်ကာလအတွင်း ဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လေ့ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/အနောက်)၊ လူနေရပ်ကွက်အမှတ်(မြခွာညိုရိပ်မွန်)၊ မြေကွက်အမှတ်(၁၂၉)၊ မြေအကျယ်အဝန်း ပေ(၆၀x၇၅)၊ (၀.၁၀၃)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြခွာညိုအိမ်ရာ(ယုဇန)၊ ရောဝဏ်(၂)လမ်း၊ အမှတ်(၄)ဟုခေါ်တွင်သော လုံးချင်းနှစ်ထပ်တိုက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဂရန်အမည်ပေါက် ဒေါ်စိုးပပ[၁၂/တမန(နိုင်)၁၁၁၇၁၇]မှ အရှုပ်အရှင်းကင်းရှင်း၍ တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ်(ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မွန်မွန်ချို(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၆၈)**
**အမှတ်(၄၅၀/ခ)၊ ဒုတိယထပ်၊ ကောလိယလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆**

## ၂၅-၇-၂၀၂၁ ရက်စွဲပါ ကြေးမုံသတင်းစာ၌ ဦးအုန်းမောင် [၁၂/လမန(နိုင်)၁၁၂၈၈၇]၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးကျော်ကျော်လှိုင်မှ ကန်ထရိုက်တာ ဒေါ်ခင်မေသက်နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းအသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ သီတာနွယ်လမ်း၊ အမှတ်(၁၂၀)နေ ဒေါ်ခင်မေသက် မှတ်ပုံတင်အမှတ်[၁၀/မလမ(နိုင်)၂၃၈၆၃၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့မိတ်ဆွေဖြစ်သူ ဒေါ်ခင်မေသက်နှင့် ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ယုဇန(၁)လမ်း၊ အမှတ်(၇၈)နေ ဦးအုန်းမောင် [၁၂/လမန(နိုင်)၁၁၂၈၈၇]တို့သည် အထက်ဖော်ပြပါလိပ်စာရှိ (၂၅ပေx ၅၀ပေ) အကျယ်အဝန်းရှိသော မြေကွက်ပေါ်၌ အခန်းပေး၊ အခန်းယူစနစ်ဖြင့် ၂ခန်းတွဲ ၆ ထပ်တိုက်(၁)လုံးဆောက်လုပ်ရန် (၂၂-၇-၂၀၂၀)ရက်တွင် "မြေရှင်၊ အိမ်ရှင်နှင့် ကန်ထရိုက်တာတို့ အခန်းပေးအခန်းယူ နှစ်ဦးသဘောတူ ကတိစာချုပ်" တစ်ရပ်အား ချုပ်ဆိုခဲ့ပြီးနောက် ကျွန်ုပ်တို့၏ မိတ်ဆွေဘက်မှ အဆိုပါ ကတိစာချုပ်တွင် ပါရှိသည့် ကန်ထရိုက်တာဘက်မှ ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများအတိုင်း တိကျစွာဆက်လက်လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော်လည်း မြေရှင်ဖြစ်သူ ဦးအုန်းမောင်ဘက်မှ (၂၂-၇-၂၀၂၀)ရက်စွဲပါ ကတိစာချုပ်တွင် ပါရှိသည့် မြေရှင်၊ အိမ်ရှင်ဘက်မှ လိုက်နာဆောင်ရွက်ပြုလုပ်ပေးရမည့် တာဝန်များအား တာဝန်မဲ့ပျက်ကွက်လျက်ရှိသည့်အပြင် ကျွန်ုပ်မိတ်ဆွေထံသို့ တစ်ဖက်သတ် မမှန်မကန်အချက်အလက်များဖော်ပြ၍ (၅-၂-၂၀၂၁)ရက်နေ့၌ ရှေ့နေမှ တစ်ဆင့်အကြောင်းကြားစာပေးပို့ခဲ့ရာ ကျွန်ုပ်တို့မိတ်ဆွေဘက်မှ ယင်းအကြောင်းကြားစာအပေါ် ပြန်လည်ရှင်းလင်းအကြောင်းပြန်ကြားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ ဦးအုန်းမောင်၏ ရှေ့နေမှ ပေးပို့သော (၅-၂-၂၀၂၁)ရက်စွဲပါ အကြောင်းကြားစာ စာပိုဒ်- ၁၄၌ ဦးအုန်းမောင်ထံသို့ဖြစ်စေ၊ ဦးအုန်းမောင်၏ ရှေ့နေထံသို့ဖြစ်စေ ဆက်သွယ်အကြောင်းပြန်ကြားရန်ဖော်ပြချက်အရ ဦးအုန်းမောင်၏ ရှေ့နေထံသို့ အကြောင်းပြန်ကြားစာ ပေးပို့လျက် ပြီးပြည့်စုံစွာ အကြောင်းပြန်ကြားခဲ့သော်လည်း တစ်စုံတစ်ရာ အကြောင်းပြန်ကြားမှုမရှိကြောင်း ထည့်သွင်းဖော်ပြကြေညာထားခြင်းသည် ကျွန်ုပ်တို့ မိတ်ဆွေအပေါ် မမှန်မကန်စွပ်စွဲ ဖော်ပြထားခြင်းသာဖြစ်ပြီး ကျွန်ုပ်တို့မိတ်ဆွေ၏ အကျိုးစီးပွားများ ထိခိုက်နစ်နာစေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန် တမင်ရည်ရွယ်လျက် ကြေညာဆောင်ရွက်သည့် လုပ်ရပ်များ ဖြစ်ပါသည်။ ထို့ကြောင့် ယခုကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း (၂၅-၇-၂၀၂၁)ရက်စွဲပါ ကြေးမုံသတင်းစာ၌ ထည့်သွင်းဖော်ပြခဲ့သည့် ကန်ထရိုက်တာ ဒေါ်ခင်မေသက်နှင့် အများသိစေရန် ကြေညာခြင်းအား ဦးအုန်းမောင်ဘက်မှ ရုပ်သိမ်း ပယ်ဖျက်ကာ ကျွန်ုပ်တို့မိတ်ဆွေထံ တရားဝင်တောင်းပန်မှုပြုရန်နှင့် ကျွန်ုပ်တို့၏မိတ်ဆွေဘက်မှလည်း (၂၂-၇-၂၀၂၀)ရက်စွဲပါ"မြေရှင်၊ အိမ်ရှင်နှင့် ကျွန်ုပ်တို့၏ မိတ်ဆွေတို့ချုပ်ဆိုထားသည့်ကတိစာချုပ်ပါအတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်း အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဖြိုး(LL.B)** | **ဒေါ်သက်ရွှေဇင်ဦး(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၂၉၆၈၈)** | **အထက်တန်းရှေ့နေ(စဉ်-၅၄၃၉၈)** |

**အမှတ်(၇၆)၊ စွယ်တော်လမ်း၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-255267894**

## "အများသိစေရန် အသိပေးကြေညာခြင်း"

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဆင်ခေါင်းလေး ကျေးရွာအုပ်စု၊ ကွင်းအမှတ်(ပြင်) ကွင်းအမည် (ဆင်ခေါင်းလေး)၊ ဦးပိုင်အမှတ်(N-၂၇)၊ ဧရိယာ (၁.၃၆)ဧကရှိ ကိုင်းမြေ(၁)ကွက်။

၂။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဆင်ခေါင်းလေးကျေးရွာ၊ ရွာလယ်လမ်းရှိ အလျား(၁၅၀)ပေxအနံ(၁၄၀)ပေ အကျယ်ရှိ ခြံမြေကွက်(၁)ကွက်။

၃။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ဆင်ခေါင်းလေးကျေးရွာရှိ အလျားပေ(၄၀၉) x အနံ(၁၅၈)ပေ အကျယ်ရှိ ခြံမြေကွက်(၁)ကွက်။

၄။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဆင်ခေါင်းလေး ကျေးရွာအုပ်စု၊ ကွင်းအမှတ်(ပြင်) ကွင်းအမည်(ဆင်ခေါင်းလေး)၊ ဦးပိုင်အမှတ်(N-၉၉)၊ ဧရိယာ(၀.၃၄)ဧကရှိ ခြံမြေ(၁)ကွက်။

ဖော်ပြပါမြေကွက်များသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်အမှတ်-[၁၂/ဗတထ(နိုင်)၀၃၄၄၆၈] ကိုင်ဆောင်သူ ဒေါ်မြတ်အိမွန်က လက်ရှိထားပိုင်ဆိုင်စီမံခန့်ခွဲ အကျိုးခံစားလျက်ရှိသော မြေကွက်များဖြစ်ကြောင်း သိရှိရပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ၏ အတိအလင်း သဘောတူညီမှုမရှိဘဲ ဖော်ပြပါ ခြံမြေကွက်များအတွင်းသို့ ကျူးကျော်ဝင်ရောက်ခြင်း၊ ခြံမြေလုပ်ကိုင်ခွင့် လွှဲပြောင်းခြင်း၊ မြေစာရင်းပုံစံ(၁၀၅) လျှောက်ထားခြင်း၊ ရောင်း ဝယ်ခြင်းများ မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ခဲ့ပါက မည်သူ့ကိုမဆို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်မြတ်အိမွန်၏လွှဲအပ်ညွှန်ကြားမှုအရ-**
**ဦးဇော်မျိုးဟန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၁၁/၂၀-၁၂-၂၀၁၂)**
**ရုံး-အမှတ်(၅၉၁)၊ ရတနာသီရိလမ်း၊ (ဆ/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-261995445, 09-448657320**

## ဥတုရာသီ တောကိုမှီ၏

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ အင်္ဂမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ စိန်ပန်းလမ်း၊ မြေကွက်အမှတ်(၄၀၃)၊ မြေအကျယ်အဝန်း(၄၀ပေ×၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးလှဝင်း (ISN-၄၀၄၅၃၄)**အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်(ကွယ်လွန်) ၏ရှင်းအမွေစားဖြစ်သူ **ဒေါ်ရီရီနွဲ့(၁၂/ဥကတ(နိုင်)၀၈၈၂၈၈)** ထံမှ **ဒေါ်နုနုရီ(၁၂/ကမတ (နိုင်)၀၁၆၀ရ၃)**သည် **"နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်"**ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိ တစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိ ကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည် (LL.B)** | **ဒေါ်မေဇင်ဦး(LL.B)** | **ဒေါ်ကေကေနိုင်(LL.B)** |
| (စဉ်–၁၁၄၀၆) | (စဉ်–၃၉၅၈၁) | (စဉ်–၅၃၃၄၄) |

**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေများ**

**အမှတ် (၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
၀၉-၅၁၁၀၄၆၄၄ ၊ ၀၉-၅၉၉၆၀၁၈၆၁ ၊ ၀၉-၅၉၆၁၀၀၀၂၁၊ ၀၉၇၇၆၈၅၂၂၀

# သင့်သွေးဖြင့် အသက်ကယ်ပါ

## အမည်ပြောင်း

(ဦးခွန်မောင်လှ)-ဒေါ်နန်းကီးတို့၏ သမီး ဗိုလ်တထောင်မြို့နယ်၊ အ.ထ.က (၂)၊ အဋ္ဌမတန်း(ခ)မှ မနန်းခမ်းမွေး အား မနန်းခင်ယမုံဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မနန်းခင်ယမုံ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဇ/တောင်)ရပ်ကွက်၊ လေးဒေါင့်ကန်လမ်း၊ တိုက်အမှတ်(A-1)ဟုခေါ်တွင်သော (၄)ထပ်တိုက် နှစ်ခန်းတွဲအဆောက်အဦ၏ မြေညီထပ်၊ အခန်းအမှတ်(၀၀၁)၊ အကျယ်အဝန်း (၄၀x၂၅)ပေရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်တို့ကို (၂၂-၄-၁၉၉၅)ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်မာလာ[၁၂/ပဘတ(နိုင်)၀၀၅၅၃၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့်စပ်လျဉ်း၍ နစ်နာမှုတစ်စုံတစ်ရာအကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးလိမ္မော်(LL.B)** | **ဦးဝေယံဦး(LL.B)** | **ဦးမျိုးသူရအောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၄၃၁၄)** | **(စဉ်-၁၄၁၃၆)** | **(စဉ်-၁၇၁၄၈)** |

**အမှတ်(၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၆၉၂၂၉၉၅၆၃၊ ၀၉-၄၂၈၆၃၀၇၀၄**

# ပရဟိတ ကလေးများဘဝ
# ရွှေရောင်တောက်ပဖို့ မြေတောင်မြှောက်ကြစို့



မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းစံပြကျေးရွာ၊ မြို့ဦးပရဟိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို ၂၀၀၁ ခုနှစ်တွင် မိဝေးဖဝေး၊ မိမဲ့ဖမဲ့၊ မိဘမဲ့၊ ဆင်းရဲနွမ်းပါးကလေးများဖြင့် နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ယခုနှစ် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်မှာ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား/ကျောင်းသူ ကလေးပေါင်း (၃၂၄)ဦးကို ထိန်းသိမ်းစောင့်ရှောက်ပညာသင်ကြားပေးလျက်ရှိပါသည်။ (၁၉)နှစ် ခရီးတိုင်အောင် ဖြတ်သန်း လာရသော်လည်း အမာခံ ငွေပင်ငွေရင်း ကျောထောက်နောက်ခံမရှိခြင်း၊ ရပ်ဝေးအလှူရှင်အားနည်းခြင်း စသောအကြောင်းများကြောင့် လိုအပ်ချက်များ ရှိနေပါသည်။

အထူးသဖြင့် ကလေးများအတွက် ကျွေးမွေးရေး ဆန်၊ ဆီ၊ ပဲ၊ အာလူး၊ ကြက်သွန်စသော မီးဖိုချောင်သုံးပစ္စည်းများလိုအပ်ခြင်း၊ **"သုံးထပ်ကျောင်းဆောင်"**လိုအပ်ခြင်းတို့သည် အရေးကြီးဆုံးများဖြစ်သည်။ သို့ဖြစ်၍ စေတနာရှင် မိဘပြည်သူများမှ ဤကျောင်းရှိ ကလေးများအား မိမိတို့၏ သားသမီးပမာ ကရုဏာထား၍ အနာဂတ်မှာ ရွှေရောင်တောက်ပဖို့ ဝိုင်းဝန်း၍ မြေတောင် မြှောက်ကြပါရန် အထူးမေတ္တာရပ်ခံ နှိုးဆော်အသိပေးအပ်ပါသည်။

**အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါသည်။**

၁။ ကျောင်းအုပ်ဆရာတော် ၀၉- ၇၉၆၆၂၅၇၀၀၊ ၀၉-၂၅၅၇၄၈၆၂၄၊ ၀၉- ၄၉၃၁၅၃၇၀၊ KBZ Bank ဦးဇဋိလ U ZATILA (A/C No.007-301-00700708002), CB Bank U ZATILA (A/C No.00926001 00002526), ကမ္ဘာ့ရတနာဘဏ် U ZATILA (A/C No.1101210001113) နီးစပ်ရာဘဏ်သို့ ထည့်သွင်း၍ လှူဒါန်းနိုင်ပါသည်။

၂။ ဦးအောင်လွင်+ ဒေါ်ချိုချိုထွေး (ငြိမ်းချမ်းရေးနှင့် ကမ္ဘာကျော်ပင်ရင်းထီဆိုင်ကြီး) အမှတ်(၁၆၈/၁၈၈) ၊ အခန်း(၄)၊ ၂၇ လမ်း(အထက်)၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၄၉၂၀၈၊ ၀၁-၂၄၈၀၈၈၊ ၀၁-၂၄၉၀၁၃၊ ၀၁-၂၄၉၀၁၅

၃။ ဦးဟန်ကြည်+ဒေါ်ဝါဝါကျော် Alpine သောက်ရေသန့်ကိုယ်စားလှယ်မိသားစု ပုဇွန်တောင်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၁၄၁၉၀၊ ၀၉-၅၁၃၀၁၉၀

၄။ အဖြူရောင်မေတ္တာအဖွဲ့၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၃၃၅၁၊ ၀၉-၅၄၁၄၂၉၅၊ ၀၉-၅၁၁၂၄၁၆

**ဖိတ်ခေါ်ပါသည်** ☛ **ကျိုက်ထီးရိုးဘုရားဖူးရင်း တစ်ခေါက်တစ်ခါ အရောက်လာစေချင်ပါသည်။ ကျိုက်ထီးရိုးဘုရားနှင့် (၁၇) မိုင်ခန့်သာ ကွာပါသည်။**

☛ **ကေလာသဘုရား၊ ကျိုက်ထီးဆောင်းဘုရားနှင့် (၁)မိုင်ခန့်သာ ကွာပါသည်။**

**မှတ်ချက်** ☛ **မည်သူ့ကိုမျှ အလှူခံစေလွှတ်ထားခြင်းမရှိပါ။**

## တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟု အဆိုရှိသူ ဦးတယ်ရီဂွန် [၁၂/မဂတ(နိုင်)၀၇၈၁၁၀] အမှတ်-၇၂/၇၄၊ ဗန္ဓုလကုန်း(၄)လမ်း၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေသူက အမှတ်-၁၅၊ (၇)လွှာနှင့် ဒါဘာ (၁၅ပေx၆၀ပေ)အကျယ်၊ (၈၇)လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ဟုခေါ်တွင်သော တိုက်ခန်းနှင့်ကိုယ်ပိုင်မော်တာ၊ မီတာအပါအဝင် အကျိုးခံစားခွင့်အားလုံး တို့ကို အပြောက်စနစ်ဖြင့် ရောင်းချရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤကြေညာချက်ပါရှိသည့်နေ့မှ(၇)ရက်အတွင်း တိုက်ခန်းအရောင်းအဝယ်ကို ခိုင်လုံတိကျသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းလက်ရောက်ရယူ ငွေကျေပေးအပ် အပြီးသတ်အရောင်းအဝယ် ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်မြင့်**
**(စဥ်-၁၀၉၁၆)**
**အထက်တန်းရှေ့နေ**
**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁၈-၃၇၇၄၀၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စက်မှုလက်မှု၊ မြေကွက်အမှတ်(၂၂၄/ခ-၂)၊ အကျယ်အဝန်း ပေ(၅၀x၆၀)ခန့်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အမည်ပေါက် မြေကွက်အား ယခင်ပိုင်ဆိုင်သူ ဦးကြည်အုံးထံမှ အရပ်ကတိ အရောင်းအဝယ် အဆက်စပ် စာချုပ်အရ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်လာခဲ့ပြီး၊ မြေပြင်တွင်ကျူးကျော်သူများဖြစ်သော ဦးတင်ထွန်း၊ ဒေါ်ခင်အေးမာ၊ ဒေါ်သူဇာထက်တို့အား သာကေတမြို့နယ်တရားရုံး၏ ရာဇဝတ်ကြီးမှုအမှတ်-၃၈/၂၀၁၆အရ အနိုင်ဒီကရီရရှိခဲ့သဖြင့် မြေပြင်မှ ဖယ်ရှားရှင်းလင်းခဲ့ပြီးဖြစ်ပါ၍ ယခုအခါ အဆိုပါမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေတစ်ဦးတည်းသာ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ပိုင်ဆိုင်နေထိုင်လျက်ရှိပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေမှ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ အထူးဂရန်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေထံသို့လည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့လည်းကောင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြေညာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အထူးဂရန်လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်ဝင်း[၁၂/သကတ(နိုင်)၀၄၃၃၅၃]၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မျိုးကေသီခိုင်(အထက်တန်းရှေ့နေ)(စဥ်-၄၁၆၇၄)**
**ဗ.တ.ထ၊ ပြည်လမ်း၊ မင်္ဂလာဒုံမြို့နယ်။ ဖုန်း-၀၉-၂၆၀၄၆၉၄၂၄**

## ဦးသက်ထွန်း [၁၂/မဂဒ(နိုင်)၀၅၃၁၄၇] (ကွယ်လွန်)၏ ကျန်ရစ်ခဲ့သော ပစ္စည်းများနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဖြူဖြူကျော် (ဘ) ဦးမောင်သိန်းကျော် [၁၁/ရဗန(နိုင်)၀၅၃၈၀၉]၊ အမှတ်(၂/က)၊ ဓမ္မသုခအတွင်းလမ်း၊ အမှတ်(၃၈)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖြူဖြူကျော်နှင့် ဦးသက်ထွန်းတို့သည် (၁၅-၉-၂၀၁၅) ရက်နေ့တွင် လက်ထပ်မှတ်ပုံတင်အမှတ် ၃၁၉/၂၀၁၅ ဖြင့် တောင်ဥက္ကလာပမြို့နယ်တရားရုံးတွင် ထိမ်းမြားမင်္ဂလာ ကတိသစ္စာပြုလက်ထပ်ခဲ့ကြပြီး မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ လင်မယားအဖြစ် အတူပေါင်းသင်းနေထိုင်ခဲ့ကြရာ ဦးသက်ထွန်းသည် (၂-၈-၂၀၂၁) ရက်နေ့တွင် Covid-19 ကပ်ရောဂါဖြင့် ကွယ်လွန်ခဲ့ပြီးဖြစ်ပါသည်။ ကွယ်လွန်သူ ခင်ပွန်းအား ဇနီးဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေမှ သင်္ဂြိုဟ်မှုပြုခဲ့ပြီးလည်းဖြစ်ပါသည်။ ဦးသက်ထွန်း ကွယ်လွန်ပြီးဖြစ်၍ ၎င်း၏အမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားခဲ့သော မရွှေ့မပြောင်းနိုင်သော ပစ္စည်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် ပတ်သက်၍ ဆောင်ရွက်ရန်ကိစ္စရှိပါက (သို့)အကြောင်းကိစ္စပေါ်ပေါက်လာပါက ကျွန်ုပ်၏မိတ်ဆွေဒေါ်ဖြူဖြူကျော်အား အသိပေး အကြောင်းကြားဆောင်ရွက်နိုင်ပါကြောင်းနှင့် ဦးသက်ထွန်း (ကွယ်လွန်)တွင် တရားဝင်အမွေဆက်ခံခွင့်ရှိသူ ဇနီးမယားအဖြစ် ကျွန်ုပ်၏မိတ်ဆွေဒေါ်ဖြူဖြူကျော် တစ်ဦးတည်းသာရှိပါကြောင်းနှင့် ဦးသက်ထွန်း(ကွယ်လွန်)ပိုင်ပစ္စည်းများကို အမွေဆိုင်ဖြစ်သူများ၏ အကျိုးစီးပွားအား ဆန့်ကျင်၍ မည်သူမျှ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ အမည်ပြောင်းခြင်း၊ အခြားနည်းတစ်ခုခုဖြင့် လွှဲပြောင်းခြင်းများ ပြုလုပ်ခွင့်မရှိပါကြောင်း တားမြစ်အပ်ပါသည်။ ဤကြော်ငြာချက်ပါရှိသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ဦးသက်ထွန်း (ကွယ်လွန်)သူပိုင်ပစ္စည်းများနှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူဖြစ်ကြောင်း ကန့်ကွက်လိုပါက တိကျခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ကျွန်ုပ်၏မိတ်ဆွေမှ ၎င်းဥပဒေအရ ရရှိသည့် အခွင့်အရေးများအတိုင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်ထွေး (LL.B,D.B.L)** **ဒေါ်အေးအေးမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၈၀၁၀)** **အထက်တန်းရှေ့နေ (စဥ်-၅၂၀၄၆)**
**အမှတ်(၅၀)၊ ပထမထပ်၊ အခန်း(အီး-၁)ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၃၃၆၃၅၇၀၊ ၀၉-၉၅၁၉၉၅၁၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၁၅၊ ခတ္တာလမ်း၊ မြေကွက်အမှတ်-၂၁၂၊ မြေအကျယ်အဝန်း ပေ(၄၀x၆၀)၊ ၂၄၀၀ စတုရန်းပေရှိ ယင်းမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ပိုင်ဆိုင်သူ ဦးဇော်မြင့်အောင်(ISN-531580)၊ [၉/သပက(နိုင်)၀၀၁၈၅၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ဝင်း[၁၂/ပဘတ(နိုင်)၀၁၂၀၆၁]က ဝယ်ယူရန်အတွက် (၂၂-၈-၂၀၂၁)နေ့စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ် စရန်ပေးကတိစာချုပ်အရ ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ဝင်း**
**[၁၂/ပဘတ(နိုင်)၀၁၂၀၆၁]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထူးထူးရင်(LL.B,LL.M)(Credit)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၈၀၂၄)**
**တာဝါ-ဘီ၊ အခန်း-၄၀၁၊ လမ်း-၅၀၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၂၇၁၂၉**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ လမုတန်းရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ်(၂၀၈)ဟုခေါ်တွင်သော ဧရိယာပေ(၂၅x၅၀)ရှိ (၅-လွှာ) တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန် ဦးအောင်နိုင်[၁၂/ကတတ(နိုင်)၀၁၃၀၈၇]က ကမ်းလှမ်းရာ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ အဆိုပါတိုက်ခန်းတွင် အကျိုးသက်ဆိုင်သူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးနိုင်၏လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ဆုဆုခိုင်**
**အထက်တန်းရှေ့နေ(စဥ်-၅၀၇၀၅)**
**ရုံးအမှတ်(၂၂၅)၊ ပထမထပ်၊ ၃၅-လမ်း(အထက်)**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၁၃၃၆၅၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၇၈၉)၊ ဧရိယာပေ(၄၀x၆၀)အကျယ်အဝန်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၌ ဒေါ်လှသန်းဌေး[၁၂/ကမတ(နိုင်)၀၁၉၂၀၇]အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်ကြီးအနက်မှ တရားဝင်ခွဲစိတ်ခြင်း မပြုရသေးသော မြေကွက်ကြီး၏ (ခေါင်းရင်းဘက်အခြမ်း) ပေ(၂၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးသိန်းနိုင်ထွန်း[၁၂/ ဒဂရ(နိုင်)၀၃၄၂၆၆]က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ပေးကတိပေးစာချုပ်ဖြင့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ (လူကိုယ်တိုင်)လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်ဦး(B.A,R.L)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၅၃၂၉)**
**အမှတ်(၂၂၄)၊ (၄-လွှာ)၊ မင်္ဂလာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၁၅၈၄၀၁၊ ၀၉-၄၄၃၀၀၁၄၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ကနောင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၇၂)၊ မြေကွက်အမှတ်(၁၁၀၇/က)၊ ဧရိယာအကျယ်အဝန်း ပေ(၂၀x၆၀)အကျယ်ရှိ ဦးဝင်း(S/OKA 099956) အမည်ပေါက် ပါမစ်မြေကွက်နှင့် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ကနောင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၇၂)၊ မြေကွက်အမှတ်(၁၁၀၇/ခ)၊ ဧရိယာအကျယ်အဝန်း ပေ(၂၀x၆၀)အကျယ်ရှိ ဒေါ်အေးအေးခိုင်(S/OKA 099742)အမည်ပေါက် ပါမစ်မြေကွက်နှစ်ခုကို မူလအမည်ပေါက်သူများထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်သင်းယုလှိုင်[၁၂/မဂတ(နိုင်)၀၇၃၇၆၄]က ယင်းမြေကွက်များအား ၎င်းမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဦးမောင်အေးရွှေ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၆၉၇၁)**
**အမှတ်(၈၃/၁၄)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၆၂၆၁၁၄၈၄၊ ၀၉-၄၄၀၆၄၆၉၄၉**

## "ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း"

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/ဘီ)၊ လူနေရပ်ကွက်အမှတ်-ပုလဲ၊ မြေကွက်အမှတ်-၁၅၊ ဧရိယာ(၀.၄၅၉)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အမှတ်-၁၅၊ ဂန္ဓမာလမ်း၊ ပုလဲ(၁)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ဟုခေါ်တွင်သော အဆောက်အဦများအပါအဝင် အကျိုးခံစားခွင့်များအား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်နန်းအင်ခမ်း[၁၂/ဗဟန(နိုင်)၀၅၁၀၈၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာပါသည့် (၁၄)ရက်အတွင်း ခိုင်လုံသည့် အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ငွေဆက်လက်ပေးချေပြီး ပိုင်ရေးဆိုင်ခွင့်ကိစ္စများအား ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးမူ**
**LL.B, D.B.L, D.M.L**
**(စဥ်-၈၂၂၃)(၁၀-၅-၂၀၁၂)**
**တရားလွှတ်တော်ရှေ့နေ**
**တိုက်-၉/၁၁ (မြေညီထပ်)၊ ၃၆ လမ်းအောက်**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၁၃၉၉၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၁၃၅၀)၊ မြေကွက်တည်နေရာအမှတ်(၁၃၅၀)၊ ခနောင်လမ်းမဘေး၊ သမ္မတကမ်းခြေ၊ ကစ်ဆမိုင်းရပ်ကွက်၊ ဒလမြို့နယ် ဦးသိန်းလှိုင် [၁၂/ ဒလန(နိုင်)၀၀၆၄၈၀]အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဦးသိန်းလှိုင်ထံမှ ၉-၉-၂၀၁၆ ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိ စာချုပ်အရ ပိုင်ဆိုင်လာသူ ဒေါ်လှလှဝင်း [၁၃/ကလန(နိုင်)၀၇၂၅၈၄]မှ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ဦးသိန်းလှိုင်အမည်ပေါက် ပါမစ်မိတ္တူမှန်၊ ၉-၉-၂၀၁၆ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိစာချုပ်များတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၊ မြေကွက်အမှတ်-၁၃၄၉၊ မြေကွက်တည်နေရာ အမှတ်(၁၃၄၉)၊ ခနောင်လမ်းမကြီးဘေးလမ်း၊ သမ္မတကမ်းခြေ၊ ကစ်ဆမိုင်းရပ်ကွက်၊ ဒလမြို့နယ် [ဦးစံရွှေ-၁၂/တတန(နိုင်)၀၆၉၈၅၆]အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးစံရွှေထံမှ ၉-၉-၂၀၁၆ ရက်စွဲပါအရပ်ကတိ အရောင်းအဝယ်စာချုပ်အရ ပိုင်ဆိုင်လာသူ ဒေါ်လှလှဝင်း [၁၃/ကလန(နိုင်)၀၇၂၅၈၄]မှ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ဦးစံရွှေ အမည်ပေါက် ပါမစ်မိတ္တူမှန်၊ ၉-၉-၂၀၁၆ ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိ စာချုပ်များတင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ရတနာ
သစ်
တော
ပြည့်
သွေး
ကြော
သစ်
တော
ရတနာ
ထိန်း
သိမ်း
ပါ

သင့် သွေး ဖြင့် အ သက် ကယ် ပါ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ငွေတိုက်ဦးစီးဌာန
## ရုံးအမှတ်(၃၄)၊ နေပြည်တော်
## စိစစ်ရေးမှူး-၂ ရာထူး (၅၀) နေရာအတွက် လူတွေ့စစ်ဆေးခြင်းဖြေဆိုရန် ရေးဖြေအောင်မြင်သူများစာရင်းထုတ်ပြန်ခြင်း
## (၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော စိစစ်ရေးမှူး-၂ (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲကို ၂၆-၆-၂၀၂၁ ရက်နေ့ (စနေနေ့) တွင် ကျင်းပခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပါရေးဖြေစာမေးပွဲဝင်ရောက်ဖြေဆိုသူများအနက် လူတွေ့စစ်ဆေးခြင်း ဝင်ရောက်ဖြေဆိုရန် ရွေးချယ်ခံရသူများအား လူတွေ့စစ်ဆေးခြင်းကို ကျင်းပမည်ဖြစ်သဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် လိပ်စာရှင်များသည် လူကိုယ်တိုင် လာရောက်ဖြေဆိုရန်ဖြစ်ပြီး ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပြင်ပလိပ်စာရှင်များအနေဖြင့် လူကိုယ်တိုင် လာရောက်နိုင်ခြင်းမရှိပါက Video Conference စနစ်ဖြင့် ဖြေဆိုနိုင်ရန် စီစဉ်ထားရှိမည်ဖြစ်ပါသည်။ ဖြေဆိုရမည့်နေ့ရက်နှင့် အချိန်ကို ရက်သတ္တပတ် တစ်ပတ် ကြိုတင်၍ တယ်လီဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါသည်။ ကျင်းပမည့်နေရာသည် ဤဦးစီးဌာနတည်ရှိရာ ရုံးအမှတ် (၃၄)၊နေပြည်တော်ဖြစ်ပါသည်။

၃။ လူတွေ့စစ်ဆေးခြင်းလာရောက်ဖြေဆိုရန် ရွေးချယ်ခံရသည့် ခုံအမှတ်များမှာ အောက်ပါအတိုင်းဖြစ်ပြီး စုံစမ်းမေးမြန်းနိုင်သည့် တယ်လီဖုန်းအမှတ်မှာ ၀၆၇-၃၄၁၀၁၆၊ ၀၉-၄၃၀၄၆၁၂၅ တို့ဖြစ်ပါသည်-

| စိစစ်ရေးမှူး-၂ ရာထူး လူတွေ့စစ်ဆေးခြင်း လာရောက်ဖြေဆိုရန် ရွေးချယ်ခံရသည့် ခုံအမှတ်များ | | | | |
|---|---|---|---|---|
| ငွေတိုက်-၁ | ငွေတိုက်-၄ | ငွေတိုက်-၆ | ငွေတိုက်-၈ | ငွေတိုက်-၉ |
| ငွေတိုက်-၁၀ | ငွေတိုက်-၁၁ | ငွေတိုက်-၁၂ | ငွေတိုက်-၁၃ | ငွေတိုက်-၁၅ |
| ငွေတိုက်-၁၆ | ငွေတိုက်-၂၀ | ငွေတိုက်-၂၃ | ငွေတိုက်-၃၀ | ငွေတိုက်-၃၁ |
| ငွေတိုက်-၃၂ | ငွေတိုက်-၃၅ | ငွေတိုက်-၃၇ | ငွေတိုက်-၄၅ | ငွေတိုက်-၄၆ |
| ငွေတိုက်-၄၉ | ငွေတိုက်-၅၀ | ငွေတိုက်-၅၁ | ငွေတိုက်-၅၃ | ငွေတိုက်-၅၄ |
| ငွေတိုက်-၅၆ | ငွေတိုက်-၅၈ | ငွေတိုက်-၆၀ | ငွေတိုက်-၆၂ | ငွေတိုက်-၆၄ |
| ငွေတိုက်-၇၂ | ငွေတိုက်-၈၅ | ငွေတိုက်-၉၀ | ငွေတိုက်-၉၂ | ငွေတိုက်-၉၃ |
| ငွေတိုက်-၉၅ | ငွေတိုက်-၉၈ | ငွေတိုက်-၁၀၂ | ငွေတိုက်-၁၀၈ | ငွေတိုက်-၁၁၀ |
| ငွေတိုက်-၁၁၃ | ငွေတိုက်-၁၁၄ | ငွေတိုက်-၁၁၅ | ငွေတိုက်-၁၁၉ | ငွေတိုက်-၁၂၄ |
| ငွေတိုက်-၁၂၈ | ငွေတိုက်-၁၃၁ | ငွေတိုက်-၁၃၃ | ငွေတိုက်-၁၃၅ | ငွေတိုက်-၁၃၆ |
| ငွေတိုက်-၁၃၈ | ငွေတိုက်-၁၅၀ | ငွေတိုက်-၁၅၁ | ငွေတိုက်-၁၅၄ | ငွေတိုက်-၁၅၆ |
| ငွေတိုက်-၁၅၇ | ငွေတိုက်-၁၆၀ | ငွေတိုက်-၁၆၁ | ငွေတိုက်-၁၇၉ | ငွေတိုက်-၁၈၃ |
| ငွေတိုက်-၁၈၄ | ငွေတိုက်-၁၈၇ | ငွေတိုက်-၁၈၈ | ငွေတိုက်-၁၉၁ | ငွေတိုက်-၁၉၃ |
| ငွေတိုက်-၁၉၆ | ငွေတိုက်-၁၉၇ | ငွေတိုက်-၁၉၈ | ငွေတိုက်-၁၉၉ | ငွေတိုက်-၂၀၁ |
| ငွေတိုက်-၂၀၆ | ငွေတိုက်-၂၁၂ | ငွေတိုက်-၂၁၆ | ငွေတိုက်-၂၁၈ | ငွေတိုက်-၂၁၉ |

ငွေတိုက်ဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
နေပြည်တော်

## BIOSCIENCE ANIMAL HEALTH (MYANMAR) CO.,LTD.
## ဖျက်သိမ်းရန်ကြေညာချက်

၁။ BIOSCIENCE ANIMAL HEALTH (MYANMAR) CO.,LTD.အား အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် ၂၃-၇-၂၀၂၁ရက်က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် တိုက်(၁)၊ အခန်း(A-2)၊ မယ်ဇီကုန်းလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်အိမွန်ချို၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၀၅၈/၂၀၁၇)၊ မှတ်ပုံတင်အမှတ်[၅/မရန(နိုင်)၁၇၉၆၉၅]အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို (၁)လအတွင်း ဒေါ်အိမွန်ချိုထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| Mr.RUNGROJ THAVONTANAKUL | ဒေါ်အိမွန်ချို |
| MANAGING DIRECTOR | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၀၅၈/၂၀၁၇) |
| BIOSCIENCE ANIMAL HEALTH (MYANMAR) CO.,LTD. | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| Mr.DHANAWAT KHONGJAROENSOMBAT | BIOSCIENCE ANIMAL HEALTH (MYANMAR) CO.,LTD. |
| DIRECTOR | Phone:09-420052214,09-956625657 |
| BIOSCIENCE ANIMAL HEALTH (MYANMAR) CO.,LTD. | |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ ဦးလင်းလမ်း၊ မြေကွက်အမှတ်(၉၃၅)၊ (အလျား ၄၀ပေx အနံ ၆၀ပေ)ရှိ မြေကွက်ကြီးမှာ ရန်ကုန်မြို့တော် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေနှင့်အခွန်ဌာနခွဲမှ (၁၉၉၄)ခုနှစ်က ဦးညိုတင်(MUN-၁၀၃၁၈၆)ကို နှစ်(၆၀)မြေငှားစာချုပ်ထုတ်ထားပေးရာ ယင်းမြေကွက်ကြီးထဲမှ (အလျား ၂၀ပေx အနံ ၆၀ပေ)ရှိ မြေကွက်ကို မြေကွက်အမှတ်(၉၃၅/B)အဖြစ်နှင့် အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် လက်ရောက်ပေးအပ်ရောင်းချခြင်းပြုခဲ့ရာ ယခုလက်ရှိ ဝယ်ယူ၍ လက်ရောက်ပိုင်ဆိုင်ထားသူ ဒေါ်ပွင့်ဖူးခိုင်[၇/ပခန(နိုင်)၂၅၆၅၇၇]က ၎င်းသာလျှင် ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံ၍ ရောင်းချသဖြင့် ဒေါ်ပွင့်ဖူးခိုင်ထံမှ မြေကွက်အမှတ်(၉၃၅/B)ဟုခေါ်တွင်သော ယင်းမြေကွက်ကို ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးမင်းဟန်[၁၂/မရက(နိုင်)၀၄၂၂၆၀]အား အပြီးအပိုင်လက်ရောက်ပေးအပ်ရောင်းချရန်အတွက် ကမ်းလှမ်းခဲ့ရာ ဦးမင်းဟန်မှ လက်ခံသဘောတူပါ၍ ယင်းမြေကွက်၏ ရောင်းကြေးငွေများအနက် ရောင်းကြေး၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေရာတွင် နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ် စရန်ပေးကတိစာချုပ်ချုပ်ဆို၍ ပေးချေထားခြင်းကို လက်ခံရယူထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ဥပဒေနှင့်ညီသည့် ခိုင်လုံသော စာရွက်စာတမ်း(မူရင်းများ)ဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ယင်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးမင်းဟန်**
**[၁၂/မရက(နိုင်)၀၄၂၂၆၀]**

**လွှဲအပ်ညွှန်ကြားမှုအရ-**
**ဒေါ်မြင့်မြင့်သန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၇၀/၇၈)**
**B.A (Law), LL.B**
**၂၈၄၊ မာလာမြိုင်လမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဒေါ်ပွင့်ဖြိုးဝေ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၄၃)**
**B.A (Business Law), M.A (Business Law), LL.B, Diploma in Business Law**
**၂၉၂/B၊ မာလာမြိုင်လမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**

# သစ် ပင် စိုက် မှ အ ရိပ် ရ ၏ ရိပ် ခို နား နေ အ ပန်း ဖြေ ၏




**THE REPUBLIC OF THE UNION OF MYANMAR**
**MINISTRY OF ELECTRICITY AND ENERGY**
**ELECTRIC POWER GENERATION ENTERPRISE**
**GROUND MOUNTED SOLAR POWER PROJECTS IN MYANMAR**
**(Tender No. EPGE PV 02/2021-2022)**

In accordance with section 8.2 "AMENDMENTS" of Request for Proposals (RFP) of **EPGE PV 02/2021-2022,** EPGE herewith would like to announce that **Bid Submission Date** shall be amended as **1st October 2021** and the Addendum No.2 shall be issued.

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ခြံအမှတ်-368/D၊ ရွှေနှင်းဆီ(၇)လမ်းတွင် ပြုလုပ်သည့် လုံးချင်းအိမ်နှင့်ခြံ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဥမ္မာတင်မောင်[၁၂/ကတတ(နိုင်)၀၂၂၀၃၃]ထံမှ ကျွန်တော် ဦးအောင်ခင် [၁၂/ကတတ(နိုင်)၀၁၂၆၉၆]သည် အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်တော် ဦးအောင်ခင်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးအောင်ခင် Ph:09-5030511**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ်(၁၀၆၆)နေ ဦးတင်မောင်မောင်သန်း [၈/မထန(နိုင်)၀၇၇၄၄၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ကျောင်းကုန်း(န)ရပ်ကွက်၊ ပြည်ပန်းညိုလမ်း၊ အမှတ် (၃၂၀/က)၊ အလျား(၆၀)ပေ၊ အနံ(၂၀)ပေရှိ အိမ်ခြံမြေအား (၂၄-၈-၂၀၂၁)ရက်တွင် ဦးတင်မောင်မောင်သန်း [၈/မထန(နိုင်)၀၇၇၄၄၉]မှ ဥပဒေနှင့်အညီ တရားဝင်လက်ဝယ်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး မည်သူတစ်ဦးတစ်ယောက်ကိုမှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းစွန့်လွှတ်ထားခြင်း မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်လှိုင်ကျော် (LL.B,D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၄၂၀၄၁)**
**အမှတ်(၁၉/A)၊ မြို့ပတ်လမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၇၈၀၉၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ စစ်ကိုင်းလမ်း၊ အမှတ်(၁၉)၊ အခန်းအမှတ်(၃-လွှာ/အေ)ခေါ် (အလျား ၁၅ပေx အနံ ၅၆ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဝယ်ယူလက်ရှိထား ပိုင်ဆိုင်သူ ဒေါ်ဆွတ်ဆိုင်းဂျာ[၁/မကန(နိုင်)၂၁၅၁၃၀]က အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းအဆိုပြုလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်သဘောတူပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ၎င်းထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်း အရောင်းအဝယ်ပြုသည့်ကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်သူများမှ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်နေ့မှ (၇)ရက်အတွင်း တရားဝင်အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးကျော် B.A,HGP,DBL,PGDL**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၄၂)**
**အမှတ်-၁၀၁(ပထမထပ်)၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၀၄၉၃၈၃**

## အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ (၇)ရပ်ကွက်၊ အမှတ်-(၁၀၂/က)နေ ကိုကျော်သီဟ[၁၂/ဥကတ(နိုင်)၁၆၇၂၆၉]၏ ဇနီးဖြစ်သူ မမွေးမွေးမော်[၁၂/ဒဂဆ(နိုင်)၀၀၄၄၅၅]သည် ကျွန်ုပ်၏မိတ်ဆွေ ကိုကျော်သီဟ ခွင့်မလွှတ်နိုင်သော လူမှုရေးကိစ္စရပ်အားပြုမူခဲ့သည်ကို ကိုကျော်သီဟမှ သိရှိသွားခဲ့သဖြင့် မမွေးမွေးမော်သည် ၈-၈-၂၀၂၁ ရက်တွင် ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားခဲ့ပါသည်။ ထိုသို့ မမွေးမွေးမော်၏ ပြုမူမှုအတွက် ကိုကျော်သီဟအနေဖြင့် ၎င်းအား ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သည့်အတွက် ယနေ့မှစ၍ မိမိနှင့်လည်းကောင်း၊ သားသမီးနှင့်လည်းကောင်း သက်ဆိုင်ခြင်းမရှိတော့ဘဲ ဇနီးအဖြစ်မှအပြီးအပိုင် စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်ဖြစ်ပေါ်လာသောကိစ္စအဝဝသည် မိမိနှင့်သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိရှိစေရန် လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

**ကိုကျော်သီဟ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းထွန်းအောင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၈/၂၀၁၅)**
**အမှတ်-၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၆၄၈၉၈၉၇၅**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ၂၉ ရပ်ကွက်နေ (ဦးအောင်မျိုးဦး) [၁၂/သဃက(နိုင်)၀၀၉၀၅၆]နှင့် ဒေါ်စိုးစိုးဝင်း [၁၂/သဃက(နိုင်)၀၃၄၁၂၂]တို့၏သမီးဖြစ်သူ မမြတ်သွယ်ငြိမ်း[၁၂/သဃက(နိုင်)၁၈၀၁၂၂]သည် မိခင်၏ တားမြစ်မှုကို မနာခံဘဲ ၎င်း၏ သဘောဆန္ဒအလျောက် နေထိုင်လုပ်ကိုင်ဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

**ဒေါ်စိုးစိုးဝင်း[၁၂/သဃက(နိုင်)၀၃၄၁၂၂]**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးထွန်းလင်း[၁၂/လမတ(နိုင်)၀၂၃၄၃၄]နှင့် (ဒေါ်ခင်မြင့်) [၁၂/သကတ(နိုင်)၁၃၀၉၃၀]တို့၏ သားဖြစ်သူ မောင်ပြည့်စုံ[၁၂/တမန(နိုင်)၁၀၉၁၂၂]သည် ဖခင်၏ဆိုဆုံးမမှုကို မနာခံသည့်အပြင် ဖခင်ဖြစ်သူအား ကိုယ်ထိလက်ရောက်စော်ကားမှု ပြုလုပ်လာသည့်အပြင် ဖခင်၏ အသက်ကိုပါ ခြိမ်းခြောက်မှုပြုလုပ်လာသည့်အတွက် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင်-ဦးထွန်းလင်း**
**[၁၂/လမတ(နိုင်)၀၂၃၄၃၄]**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ အင်းစိန်လမ်းမကြီး၊ အမှတ်(၃၁/၂၂)နေ ဒေါ်ဟန်ဟန် [၁၂/လမန(ဧည့်)၀၀၀၄၁၄]နှင့် ဒေါ်ယန်ယန် [၁၂/လမန(ပြု)၀၀၀၀၃၂]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အင်းစိန်လမ်းမကြီး၊ ခြံအမှတ်(၉၅/၉၆)ပေါ်တွင် နှစ်ထပ်ဆောက်လုပ်ထားသော တိုက်မှ အခန်းအမှတ်(၆)ဟုခေါ်တွင်သော မြေညီ(ထပ်ခိုးပါ) အကျယ်အဝန်း ပေ(၁၄x၅၅)ရှိ တိုက်ခန်းအား (၂၁-၈-၂၀၂၁)ရက်တွင် ဒေါ်ဟန်ဟန်နှင့် ဒေါ်ယန်ယန်တို့မှ ဥပဒေနှင့်အညီ တရားဝင် လက်ဝယ်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး မည်သူတစ်ဦးတစ်ယောက်ကိုမှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းစွန့်လွှတ်ထားခြင်း မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်လှိုင်ကျော် (LL.B,D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၄၂၀၄၁)**
**အမှတ်(၁၉/A)၊ မြို့ပတ်လမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၇၈၀၉၁**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ဝါဝါဝင်းလမ်းနေ ဒေါ်ခင်ထွေးရီနှင့် ဦးပြည့်ဖြိုးအောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဘုရားလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/ခ)၊ မြေကွက်အမှတ်(၃၅/၃၆)၊ အိမ်အမှတ်(၄၂)ပေါ်တွင်ဆောက်လုပ်လျက်ရှိသည့် (၃)ထပ်တိုက်၏ အပေါ်ဆုံး(ခြေရင်းခန်း)အား လွှဲအပ်ညွှန်ကြားသူများမှ (၁၈-၆-၂၀၁၈)ရက်တွင် ငွေကျပ်-၅၀၀၀၀၀၀/-(ကျပ်သိန်းငါးဆယ်)အား တစ်ကြိမ်၊ (၅-၁၁-၂၀၁၉)ရက်တွင် ငွေကျပ်-၁၂၀၀၀၀၀၀/-(ကျပ်သိန်းတစ်ရာ့နှစ်ဆယ်တိတိ)အား တစ်ကြိမ်၊ (၁၃-၁၁-၂၀၂၀)ရက်တွင် ကျန်ရှိသည့် တိုက်ခန်းတန်ဖိုးငွေကျပ်-၂၀၀၀၀၀၀၀/-(ကျပ်သိန်းနှစ်ရာတိတိ)အား ပေးချေကာ တိုက်ခန်းအား တရားဝင်လက်ရောက် ပိုင်ဆိုင်ထားသူများဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းစွန့်လွှတ်ထားခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်လှိုင်ကျော် (LL.B,D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၄၂၀၄၁)**
**အမှတ်(၁၉/A)၊ မြို့ပတ်လမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၇၈၀၉၁**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

